
www.burmeseclassic.com

# ဆက်ဒမ်ဟူစိန်၏ နောက်ဆုံးနေ့များ

BURMESE CLASSIC

နေစိုးထက်



www.burmeseclassic.com

www.burmeseclassic.com

ကျုပ် အီရတ်ပြည်သူတွေအပေါ်မှာ

စေတနာ ထားတယ် . . .

အီရတ်ပြည်သူတွေအတွက်

အလုပ်လုပ်နေတယ် . . .

အီရတ်မြေပေါ်မှာပဲ ကျုပ် နေမယ်

အီရတ်မြေပေါ်က ထမ်းဗဝါးမှ ခွာမှာ မဟုတ်ဘူး

ဆက်ဒမ်ဟူစိန်

www.burmeseclassic.com


www.burmeseclassic.com



တစ်ချိန်က ဆက်ဒမ်ဟူစိန်

www.burmeseclassic.com

www.burmeseclassic.com



အီရတ်လူထုကို မိန့်ခွန်းပြောနေသည်ဆက်ဒမ်ဟူစိန်

www.burmeseclassic.com


www.burmeseclassic.com



အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်

www.burmeseclassic.com

www.burmeseclassic.com



စစ်ဘက်အကြီးအကဲများကို ညွှန်ကြားနေသည့် ဆက်ဒမ်ဟူစိန်

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းမီးနေလတောက်ပစဉ်က ဆက်ဒမ်ဟူစိန်

www.burmeseclassic.com

www.burmeseclassic.com





ဆက်ဒမ်ဟူစိန်၏ ရုပ်ပုံလွှာများ

www.burmeseclassic.com

www.burmeseclassic.com



အီရတ်စစ်ပွဲမဖြစ်မီ ဇန်နဝါရီလ (၂၇) ရက်နေ့တွင်
အီရတ်စစ်တပ်အကြီးအကဲများနှင့်တွေ့ဆုံနေပုံ

www.burmeseclassic.com

www.burmeseclassic.com




၁၉၆၀ ခုနှစ်က ဆက်ဒမ်ဟူစိန်

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဒမ်ဟူစိန်နှင့် သူ့မိသားစု

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဒမ်ဟူစိန်နှင့်သားများဖြစ်သည့် အုဒေးနှင့် ကူဆေး

www.burmeseclassic.com

www.burmeseclassic.com



ဇူလိုင် (၂၂)ရက်နေ့တိုက်ပွဲ၌ ကျဆုံးသွားရသည့် ဥဒေးနှင့်ကူဆေး

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဒမ်ဟူစိန်နှင့် သူ၏သမီးကြီး

www.burmeseclassic.com

www.burmeseclassic.com



ဒီရက်ရှုတုထဲမှ ဆက်ဒမ်ဟူစိန်

www.burmeseclassic.com

www.burmeseclassic.com



ဆက်ဒမ်ဟူစိန်၏ ဒစ်ဂျစ်တယ်ရုပ်ပုံလွှာများ

www.burmeseclassic.com


www.burmeseclassic.com



အမေရိကန်တို့ ထိန်းသိမ်းခြင်းခံရသည့် ဆက်ဒမ်ဟူစိန်၏ ထိပ်တန်းပုဂ္ဂိုလ်များ

www.burmeseclassic.com


www.burmeseclassic.com




ဆက်ဒမ်ဟူစိန် ပုန်းအောင်းနေသည့် မြေအောက်ခန်းရှိရာ နေရာပြမြေပုံ

www.burmeseclassic.com


www.burmeseclassic.com



ဆက်ဒမ်ဟူစိန် ပုန်းအောင်းခဲ့သည့် ယာခင်းထဲမှ တဲကလေး

www.burmeseclassic.com


www.burmeseclassic.com



ဆက်ဒမ်ဟူစိန်ကို ဖမ်းမိသည့်နေရာ

www.burmeseclassic.com


www.burmeseclassic.com



ဆက်ဒမ်ဟူစိန်ပုန်းအောင်းသည့်မြေအောက်ခန်းအတွင်းသို့ ဝင်ရောက်ရှာဖွေစဉ်

www.burmeseclassic.com


www.burmeseclassic.com



အကျဉ်းခန်းအတွင်းမှ ဆက်ဒမ်ဟူစိန်

www.burmeseclassic.com


www.burmeseclassic.com



ဆက်ဒမ်ဟူစိန်ပုန်းအောင်းခဲ့သည့်မြေအောက်ခန်းအတွင်းမှ
သိမ်းဆည်းရရှိခဲ့သော အမေရိကန်ဒေါ်လာများ

www.burmeseclassic.com

www.burmeseclassic.com




ဆက်ဒမ်ဟူစိန်အား ဖမ်းမိပြီဆိုသည့်သတင်းကို ကြေညာနေသည့်
အမေရိကန်သမ္မတ ဂျော့ဒဗလျူဘွတ်ရှ်

www.burmeseclassic.com


www.burmeseclassic.com




ဆက်ဒမ်ဟူစိန်ကို ဖမ်းမိပြီးနောက် အမေရိကန်ကာကွယ်ရေးဝန်ကြီး
ဒေါ်နယ်ရမ်းစဖဲလ် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားနေပုံ

www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်တို့ကို တုန့်ပြန်တိုက်ခိုက်နေသည့် အီရတ်တိုက်ခိုက်ရေးသမားများ

www.burmeseclassic.com

www.burmeseclassic.com



အီရတ်တိုက်ခိုက်ရေးသမားများ၏ပစ်ခတ်မှုကြောင့် ဖော်လူဂျာမြို့အနီးရှိ လယ်ကွင်းထဲသို့ ပျက်ကျသွားခဲ့သည့် အမေရိကန် ဒလက်မဲ့အပါချီရဟတ်ယာဉ်

www.burmeseclassic.com

www.burmeseclassic.com



တီကရစ်မြို့တွင် အမေရိကန်တပ်ဖွဲ့ဝင်များကင်းလှည့်စောင့်ကြပ်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဖခင်အတွက်မျှတသည့်တရားစီရင်မှုကို တောင်းဆိုနေသည့်
ဆက်ဒမ်ဟူစိန်၏သမီးကြီး

www.burmeseclassic.com

www.burmeseclassic.com

စိုးစာအုပ် ( ၃၇ )

# ဟိန်းဇေ

စီစဉ်သည်

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှုမှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက် | - | ၅၃/၂၀၀၄ (၅) |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၅၃/၂၀၀၄ (၆) |
| စီစဉ်သူ | - | ဟိန်းဇေ |
| မျက်နှာဖုံးအပြင်အဆင် | - | သန်းမြင့်အောင် |
| ထုတ်ဝေသူ | - | ဦးအောင်စိုး (၀၃၈၉၄)<br>စိုးစာပေ<br>၅၅ (E) အနောက်မြင်းပြိုင်ကွင်းလမ်း<br>ဗဟန်း၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးတင်အောင်ကျော် (၀၇၀၅၃)<br>စွယ်တော်ပုံနှိပ်တိုက်<br>၈၇၊ ၅၆ လမ်း၊ ရန်ကုန်မြို့။ |
| ကွန်ပျူတာစာစီ | - | ဇိုဇို |
| အတွင်းဖလင် | - | ပန်းချီမောင်မြင့်အောင်<br>(တောက်တောက်ဝင်း) |
| | | အုပ်ရေ ၁၀၀၀ |
| | | တန်ဖိုး ၉၀၀ ကျပ် |
| | | ၂၀၀၄ ခုနှစ်၊ ဩဂုတ်လ |
| | | ပထမအကြိမ် |


www.burmeseclassic.com

www.burmeseclassic.com

| ဒို့တာဝန် အရေး (၃)ပါး |
|---|
| – ပြည်ထောင်စု မပြိုကွဲရေး – ဒို့အရေး<br>– တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး – ဒို့အရေး<br>– အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး – ဒို့အရေး |
| **ပြည်သူ့သဘောထား** |
| – ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။<br>– နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။<br>– နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။<br>– ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။ |
| **နိုင်ငံရေး ဦးတည်ချက် (၄)ရပ်** |
| – နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး<br>– အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး<br>– ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြစ်ပေါ်လာရေး<br>– ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး |
| **စီးပွားရေး ဦးတည်ချက် (၄)ရပ်** |
| – စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး<br>– ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး<br>– ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး<br>– နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး |
| **လူမှုရေး ဦးတည်ချက် (၄)ရပ်** |
| – တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး<br>– အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး<br>– မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး<br>– တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး |

www.burmeseclassic.com

www.burmeseclassic.com

# စိုးစာပေမှ ထွက်ပြီး စာအုပ်များ

| | |
|---|---|
| အိမ့်ဇာမိုးပန် | ယောက်ျားကောင်း အချစ်တဲ့လားကွယ် |
| မောင်သာပြည် | ကဲ-ပြောတယ်မဟုတ်လား ချစ်နေတာပါလို့ |
| ဆရာတော်သီမြင့်ထွန်း | ဗိုလ်ချုပ်အောင်ဆန်း၏ အမွှိုင်သို့ လှိုဏ်ခရီး |
| ဆရာတော်သီမြင့်ထွန်း | ရွှေတိဂုံကုန်းတော်မှ အံ့ဩဘနန်း ဖြစ်ရပ်ဆန်းများ |
| ဆရာကြီး အရိန္ဒမာ | မဟိဒ္ဓိပုဂ္ဂိုလ်ထူးများ၏ အံ့ပွယ်ဖြစ်ရပ်ဆန်းများ |
| မောင်မြတ်သိန်း | ကမ္ဘာ့ဖလားဘောလုံးသမိုင်းနှင့် |
| | ကမ္ဘာကျော် ရွှေခြေထောက်ပိုင်ရှင်များ |
| ဆိန်းငွေ | ဒဿနကမ္ဘာ ၉၇ |
| ဆရာကြီးအရိန္ဒမာ | ဂန္ဓာရီခရီးသည် |
| ရွှေစကြာ | အင်္ဂလိပ်သူလျှို |
| ဆရာတော်သီမြင့်ထွန်း | အစွမ်းထက်မြက်သော ဂါထာမန္တန်များနှင့်ကိုယ်တွေ့ဖြစ်ရပ်ဆန်းများ |
| ဆရာတော်သီမြင့်ထွန်း | အံ့ပွယ်ထူးခြား မြန်မာပြည်ဘုရားစေတီပုထိုးများ (၁) |
| ဆိန်းငွေ | ဒဿနလူသား |
| ဆရာတော်သီမြင့်ထွန်း | အနောက်တိုင်း ဂမ္ဘီရ မှဲ့သျှုတ္တရ |
| နေဝိန် (လသာ) | နိုင်ငံတကာ သက်သတ်လွတ်ဟင်းမျိုးစုံချက်ပြုတ်နည်း |
| ဆရာတော်သီမြင့်ထွန်း | လာဘ်လာစုတ်လာ ချမ်းသာကျွန်းမာ |
| အောင်မြတ်ဦး | ကမ္ဘာကျော်မိန်းမများ၏အတွင်းရေး |
| နေဝိန် (လသာ) | အိမ်ရှင်မတိုင်းအတွက် သက်သာချွေတာဟင်းချက်နည်းသဒေသာ |
| ဆရာတော်သီမြင့်ထွန်း | ခုနစ်နေ့သားသမီးများအတွက် ဂမ္ဘီရသိပ္ပံ အစီအမံများ |
| နေဝိန် (လသာ) | နိုင်ငံတကာဟင်းမျိုးစုံချက်ပြုတ်နည်းများ |
| ဆရာတော်သီမြင့်ထွန်း | လူတိုင်းအတွက် ကန်တော့ပွဲတင်နည်း |
| အောင်မြတ်ဦး | ချစ်ခြင်းတရားဆိုင် ရာကမ္ဘာကျော် |
| | ပုဂ္ဂိုလ်များ၏ အချစ်ဇာတ်လမ်းများ |
| ဆရာကြီးအရိန္ဒမာ | ပုဂ္ဂိုလ်ထူးများနှင့် ဂမ္ဘီရလမ်းမှ ဖြစ်ရပ်ဆန်းများ (၁) |
| အောင်မြတ်ဦး | အချစ်သမိုင်းတွင် စာတင်ခဲ့သည့်ကမ္ဘာကျော်ချစ်သူများ (၁) |

www.burmeseclassic.com

www.burmeseclassic.com

| | |
|---|---|
| ဦးမြင့်လွင် | တရားခွင်လက်တွေ့ ဖြစ်မှုဆိုင်ရာ လျှောက်ထားမှုများ |
| တိန်းဝေ | ထိပ်ဆုံးသို့အတွေး ၁၀၀ |
| မောင်ဝေဖြိုး | နိုင်ငံတကာအတွေးအခေါ် ပုံတိုပတ်စများ |
| ကောင်းထက် | နပိုလီယံ (သို့မဟုတ်) ဥရောပတိုက်<br>တစ်တိုက်လုံးကို ဖိန့်ဖိန့်တုန်စေခဲ့သူ |
| သုတေသီမြင့်ထွန်း | သင့်တစ်သက်တာ ယတြာနှင့် ရာသီခွင်ဟောကိန်းများ |
| သုတေသီမြင့်ထွန်း | တောင်ပြူးလက်ဆောင် |
| ဆရာကြီးအရိန္ဒမာ | ပြည်တွင်း/ပြည်ပဝိညာဉ်လောက<br>အံ့ဖွယ်ဆန်းကြယ်ဖြစ်ရပ်များ |
| နေဦးလွင် | ရမ္မက်တဏှာမလွန်သာ၍နှင့်မှုခင်းဝတ္ထုများ |
| သုတေသီမြင့်ထွန်း | အံ့ဖွယ်ထူးခြား မြန်မာပြည် ဘုရားစေတီပုထိုးများ (၂) |
| သုတေသီမြင့်ထွန်း | ပုတီးသမားလက်စွဲ |
| သုတေသီမြင့်ထွန်း | လာဘ်ခေါ်ကပ်ကျော်ဂါထာတော်များ |
| မိုးဦး | ကမ္ဘာကိုကိုင်လှုပ်သည့်အချစ်အတွင်းရေးများ |
| ဖိန်ဖိန် (လသာ) | ဈေးကွက်ဝင်အစားအသောက်မျိုးစုံပြုလုပ်နည်းများ |

www.burmeseclassic.com

www.burmeseclassic.com

# ဆက်ဒမ်ဟူစိန်၏

# နောက်ဆုံးနေ့များ

နေမိုးထက်

www.burmeseclassic.com

www.burmeseclassic.com

တကယ်ပြောရရင် ကျုပ်က သားသတ်သမားလား၊

သူတို့က သားသတ်သမားလားဆိုတာ အချိန်က အဖြေပေးမှာပါ။

ကျုပ်ဟာ အာရပ်တစ်ယောက် ဖြစ်သလို ကျုပ်နောက်မှာ

အာရပ်ကမ္ဘာ ရှိတယ်။ ပြီးတော့ ကျုပ်လုပ်နေတာ

အီရတ်ပြည်သူတွေအတွက်ပဲ၊ အီရတ်ပြည်သူတွေအတွက်ဆို

ကျုပ် ဘာမဆို ရင်ဆိုင်မယ်၊ ကျုပ် အီရတ်ပြည်သူအတွက်

အီရတ်မြေပေါ်မှာ ရှိနေမယ်

ဆက်ဒမ်ဟူစိန်

www.burmeseclassic.com

www.burmeseclassic.com

ကျုပ်က ဒီနေ့အထိ အီရတ်သစ္စာဝတမ်ဦးပဲ၊
ကျုပ်ရဲ့ထပ်သားတွေကလဲ ဘယ်တော့မှ
ထက်နက်ချ အရှုံးပေးမှာ မဟုတ်ဘူး၊ ကျုပ်လို
သစ္စာတစ်ယောက်ကိုလဲ ခင်ဗျားတို့ အခုလိုတော့
မဆက်ဆံသင့်ဘူး၊ တကယ်လို့သာ အီရတ်မှာ
ပြန်လည်ရွေးချယ် ထင်ခြောက်ပွဲ လုပ်ရင် ကျုပ်ပဲ
အပြတ်အသတ် အနိုင်ရမယ်ဆိုတာ
ခင်ဗျားတို့ သိစေချင်တယ်

ဆက်ဒမ်ဟူစိန်

(ဇမ်းဆီးခံနေစဉ် ပြောကြားချက်များ)

www.burmeseclassic.com

www.burmeseclassic.com

မေး ။ ။ ခင်ဗျားတို့ဆီမှာ အစုလိုက် အပြုံလိုက် သေစေ နိုင်တဲ့ လက်နက်တွေ ရှိလား။

ဆတ်ဒမ်ဖြေ ။ ။ ဘယ်ကလာ ရှိရမှာလဲ။ အီရတ်ကို ဝင်ရောက် တိုက်ခိုက်ဖို့ ယံကြုပ်စိတ်ကူးတွေနဲ့ သူတို့တွေ ပြောနေကြတာ။

မေး ။ ။ ဒါဖြင့် ခင်ဗျားတို့နိုင်ငံကို ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးမှူးတွေကို ဘာလို့ ဝင်ပြီး စစ်ဆေးခွင့် မပြုချင်ခဲ့ရတာလဲ။

ဆတ်ဒမ်ဖြေ ။ ။ ဒါကတော့ ကျုပ်တို့ နန်းတော်အတွင်း ကျုပ်တို့ရဲ့ ပုဂ္ဂလိက လွတ်လပ်ခွင့်ကို ဝင်ရောက် မစွက်ဖက်စေချင်လို့ပဲ။

(စစ်ဆေးခံနေရစဉ် ပြောကြားချက်များ)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | နိဒါန်း (သို့မဟုတ်) | ၄၂ |
| | အာရပ်ကမ္ဘာမှ လင်းလက်ရောင်ခြည် | |
| | အပိုင်း တစ် | |
| | အီရတ်နိုင်ငံ၏ သူရဲကောင်း (သို့မဟုတ်) | ၄၉ |
| | နီရဲသော ဆက်ဒမ် | |
| ၁။ | နီရဲသော ဆက်ဒမ် | ၅၀ |
| ၂။ | ကျူးကျော်ခြင်းလော သိမ်းဆည်းခြင်းလော | ၅၄ |
| ၃။ | ဆက်ဒမ်နှင့် အနောက်အုပ်စုကြားမှ အမုန်းမီးပွား | ၆၀ |
| ၄။ | ဆက်ဒမ် (သို့မဟုတ်) | ၆၄ |
| | ဘဂ္ဂဒက် သားသတ်သမား | |
| ၅။ | ဆက်ဒမ် (သို့မဟုတ်) | ၆၈ |
| | အာရပ်နိုင်ငံများ၏ သူရဲကောင်း | |




www.burmeseclassic.com

www.burmeseclassic.com

အပိုင်း နှစ်


ဆက်ဒမ်ဟူစိန်နှင့် ကောက်ကြောင်းများ ၇၅

၆။ ဆက်ဒမ်၏ လျှပ်တစ်ပြက် ဘဝပုံရိပ် ၇၆

၇။ ဆက်ဒမ်ဟူစိန်နှင့် အီရတ်နိုင်ငံသမိုင်း ၈၀

၈။ ဆက်ဒမ်ဟူစိန်နှင့် အာဏာခြင်းဆန်ခြင်း ၈၈

၉။ ဆက်ဒမ်နှင့် စစ်ပွဲလွန်ကာလ လုပ်ကြံမှုများ ၉၃

၁၀။ ဆက်ဒမ်ဟူစိန်နှင့် စီအိုင်အေ ၉၇


အပိုင်း သုံး


အီရတ် အမေရိကန်စစ်ပွဲနှင့် ဆက်ဒမ်ဟူစိန် ပုံရိပ် ၁၀၃

၁၁။ အီရတ် အမေရိကန်စစ်ပွဲ (သို့မဟုတ်) ၁၀၄

ကျူးကျော်စစ်ပွဲလော၊ အငြိုးစစ်ပွဲလော

၁၂။ သမ္မတ ဂျော့ဒဗလျူဘုရှ်၏ မဟာ့မဟာဗျူဟာ ၁၀၈

၁၃။ ဆက်ဒမ်ဟူစိန် ပုံရိပ် (၁) အကျဉ်း ၁၁၂

၁၄။ ဆက်ဒမ်ဟူစိန် ပုံရိပ် (၂) (၁၉၅၇ – ၅၈) ၁၁၇

၁၅။ စစ်ပွဲနှင့် ကုလသမဂ္ဂ

အထွေထွေအတွင်းရေးမှူးချုပ်အမြင် ၁၂၁

၁၆။ ဆက်ဒမ်ဟူစိန် ဘာလဲ၊ ဘယ်လဲ ၁၂၇

၁၇။ အီရတ်မှ ဆက်ဒမ်၏ ရေရှည်ပြောက်ကျားစစ် ၁၃၁




www.burmeseclassic.com

www.burmeseclassic.com


အပိုင်း လေး

ဆက်ဒမ်ဟူစိန်၏ နောက်ဆုံးနေ့များ ၁၃၅

၁၈။ အီရတ်စစ်ပွဲ သတင်းများ ၁၃၆

၁၉။ ဆက်ဒမ်နှင့် သူ့သားများ ၁၄၂

၂၀။ နောက်ဆုံးနေ့ နိဒါန်း ၁၄၈

၂၁။ ဆက်ဒမ်၏ နောက်ဆုံးနေ့ ၁၅၄

၂၂။ အာရပ်သူရဲကောင်း ဆက်ဒမ် ၁၅၉

၂၃။ ပျံ့လွင့်နေသည့် အသံများ ၁၆၃

၂၄။ နောက်ဆုံးရရှိသည့် သတင်းများ ၁၆၉

၂၅။ ပြုစုသူ၏ နိဂုံးစကား ၁၇၃

ကျမ်းကိုးစာရင်း ၁၇၆




www.burmeseclassic.com

www.burmeseclassic.com

# နိဒါန်း
## သို့မဟုတ်
## အာရှပ်ကမ္ဘာမှ ထင်းလက်ရောင်ခြည်

၁

ပြောရလျှင် ပင်လယ်ကွေ့စစ်ပွဲနောက်ပိုင်း သူ့ကို မှတ်မှတ်ရရ ရှိလာခဲ့သည်။ အီရတ်တွင် ဆက်ဒမ်ဟူစိန် အုပ်စိုးမင်းမူခဲ့သော်လည်း သူ့ကို ကျွန်တော်တို့ အမှတ်မထားမိ။ ဟိုမှာဘက်ပိုင်းက ဆက်ဒမ်သည် အများလို၊ သူလိုကိုယ်လိုသာ ရှိခဲ့သည်။

စစ်ပွဲများသမိုင်းကို ပြန်ကြည့်လျှင် အီရန် အီရတ်စစ်ပွဲသည် အထင်ကရ ဖြစ်ခဲ့သော်လည်း အီရတ်၏ အထင်ကရဖြစ်မှုနှင့် ဆက်ဒမ်၏ အထင်ကရ ဖြစ်လာမှုသည် ကမ္ဘာ့ပြည်သူတို့နှလုံးသားတွင် စွဲစွဲမြဲမြဲ မရှိခဲ့။ သာမန်အဆင့်သာ ရှိခဲ့သည်။

အီရတ်ကို အမှတ်မထားမိသလို ဆက်ဒမ်ကိုလည်း အမှတ်မထားမိ။

ကူဝိတ်ကို ဆက်ဒမ် ဝင်ရောက်သိမ်းပိုက်စဉ်ကလည်း ဆက်ဒမ်ကို သာမန်အဆင့်လောက်သာ မြင်ခဲ့သည်။ အလေးဂရုပြုစရာ အခြေအနေမရှိဟု ဆိုရမည်ပင်။



www.burmeseclassic.com

www.burmeseclassic.com



သို့စေကာမူ အီရတ်၏ ကူဝိတ်မြေပေါ် ကျူးကျော်သိမ်းပိုက်မှုနှင့် ဆက်နွယ်ပတ်သက်နေသည့် ပင်လယ်ကွေ့စစ်ပွဲကာလတွင် ဆက်ဒမ်သည် ထူးခြားစွာ ထင်ရှားလာခဲ့သည်။

ပင်လယ်ကွေ့စစ်ပွဲသည် သာမန်စစ်ပွဲမဟုတ်။

ဆက်ဒမ်ဟူစိန် ဦးဆောင်သည့် အီရတ်နိုင်ငံအား အမေရိကန် ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့မှ ကြည်း၊ ရေ၊ လေ စုပေါင်းတပ်ဖွဲ့များက တိုက်ခိုက်သည့် စစ်ပွဲဖြစ်သည်။

အီရတ်နိုင်ငံအနှံ့ ယိုယွင်းပျက်စီးခဲ့ရသလို၊ အီရတ်ပြည်သူများစွာ သေကြေပျက်စီးခဲ့ရသည်။

ကြောက်မက်ဖွယ် စစ်ပွဲ။

ဆက်ဒမ်ဟူစိန်သည် အီရတ်တပ်မတော်ကို ဦးစီးခဲ့၏။ ဝေဟင်မှ လည်းကောင်း၊ ရေပြင်မှ လည်းကောင်း နိုင်ငံစုံတပ်ဖွဲ့မှ အီရတ်နိုင်ငံကို စိုးမိုးနိုင်ခဲ့၏။

သို့တစေ ဆက်ဒမ်သည် အပြုံးမပျက်ခဲ့။

"အီရတ်လူမျိုးတွေနဲ့ အီရတ်တပ်မတော်ဟာ အီရတ်နိုင်ငံအတွက် စွန့်လွှတ်စွန့်စား တိုက်ပွဲဝင်နေတယ်။ အလ္လာအရှင်မြတ်က အီရတ်ပြည်သူတွေအတွက် စောင်မမှာပါ" ဟု ဆက်ဒမ် ပြောခဲ့၏။

"အီရတ်နိုင်ငံအတွက် အီရတ်ပြည်သူတွေ နိုးကြားကြ၊ အီရတ်ပြည်သူတွေ ညီညွတ်ကြ"

ဟု ဆက်ဒမ်က ဆော်ဩခဲ့၏။

နိုင်ငံစုံတပ်ဖွဲ့၏ ဝေဟင်မှ မြေပြင်ပစ် အမြောက်သံ၊ ဗုံးသံ၊ စက်သေနတ်သံများကြားမှ သူ၏ တက်ကြွသည့် စကားသံတွေ ကြားခဲ့ရ၏။ အီရတ်နိုင်ငံကို သိမ်းပိုက်ရန် နိုင်ငံစုံတပ်ဖွဲ့မှ ကြိုးစားခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝေဟင်က အနိုင်ရပေမယ့် ရေပြင်က အနိုင်ရပေမယ့် စစ်ပွဲတစ်ပွဲရဲ့ အနိုင်အရှုံးဆိုတာ မြေပြင်က စကားပြောတာပဲ။ မြေပြင်စစ်ပွဲဟာ စစ်ပွဲများရဲ့ မိခင်ပဲ"

ဟု ဆက်ဒမ်က ကြွေးကြော်ခဲ့သည်။

"ကျွန်တော်နဲ့တကွ အီရတ်ပြည်သူတွေဟာ အီရတ်နိုင်ငံကို ကာကွယ်ဖို့ အသင့်ရှိနေကြပါပြီ"

"ကျွန်တော်ဟာ အီရတ်နိုင်ငံကို ကာကွယ်ဖို့ အီရတ်မြေပေါ်မှာ ရှိနေတယ်။ ကျွန်တော် အီရတ်မြေပေါ်က တစ်ဖဝါးမှ ခွာသွားမှာ မဟုတ်ဘူး"

နိုင်ငံစုံတပ်ဖွဲ့မှ "ကန္တာရမုန်တိုင်းစစ်ဆင်ရေး" အမည်ဖြင့် အီရတ်ကို မြေပြင်တိုက်ပွဲ ဆင်နွှဲရန် ပြင်ဆင်ခဲ့ကြသည်။ သို့သော် နိုင်ငံစုံတပ်ဖွဲ့သည် အီရတ်အား မြေပြင်တိုက်ပွဲ မဆင်နိုင်ခဲ့။

အာရပ်ကမ္ဘာမှ ကန့်ကွက်မှုများ

ကုလသမဂ္ဂ၏ တားမြစ်ဟန့်တားမှုများ

ကမ္ဘာ့ပြည်သူတို့၏ လှုပ်ရှားကန့်ကွက်မှု စသည်တို့ကြောင့် ပင်လယ်ကွေ့စစ်ပွဲသည် ငြိမ်သက်သွားရသည်။

သို့စေကာမူ ဆက်ဒမ်၏ ဂုဏ်သတင်းကမူ ထင်ရှားလာခဲ့၏။ ဆက်ဒမ်သည် အီရတ်နိုင်ငံ၏ သူရဲကောင်းဖြစ်လာခဲ့သည်။

"အီရတ်နိုင်ငံအတွက် အီရတ်တပ်မတော်နဲ့အီရတ်ပြည်သူတွေ အမြဲတမ်း နိုးကြားနေတယ်။ အီရတ်မြေကို တစ်လက်မမှ ကျူးကျော်မခံဘူး"

ဆက်ဒမ်၏ စကား။



www.burmeseclassic.com

www.burmeseclassic.com



၂

ကျွန်တော်သည် သူရဲကောင်းဝါဒနှင့် အာဏာရှင်စနစ်ကို မနှစ်သက်သော်လည်း အမိမြေနှင့် အမိနိုင်ငံကို ကာကွယ်စောင့်ရှောက်ရန် အစဉ်နိုးကြားနေသည့် ဆက်ဒမ်ကို မှတ်မှတ်သားသား ရှိခဲ့၏။

အကယ်၍ အခွင့်ရလျှင် အမိမြေချစ်သည့် ဆက်ဒမ်အကြောင်းအား စာတစ်စောင် ပေတစ်ဖွဲ့ ရေးသားရန် ဆန္ဒရှိခဲ့သည်။ ထို့ကြောင့် ဆက်ဒမ်ဟူစိန်နှင့် ပတ်သက်သည့် စာအုပ်စာတမ်းများ၊ စာရွက်စာတမ်းများကို ကျွန်တော် စုဆောင်းခဲ့မိသည်။

သို့သော် ကျွန်တော် မရေးဖြစ်ခဲ့။

ထိုစဉ် အမေရိကန်နှင့် အီရတ် စစ်ပွဲဖြစ်သည်။ ဆက်ဒမ်နှင့် အီရတ်တပ်မတော်၊ အီရတ်ပြည်သူများက အမေရိကန်ကို တုံ့ပြန်တိုက်ခိုက်ခဲ့သည်။

အီရတ်မြေပြင်သည် စစ်တလင်းဖြစ်ခဲ့၏။

အီရတ်တပ်မတော် ပြိုကွဲခဲ့သည်။ ဆက်ဒမ် တိမ်းရှောင်သွားရသည်။ နောက်ဆုံး ဆက်ဒမ် အဖမ်းခံလိုက်ရသည်။

အီရတ်တွင် ဆက်ဒမ်၏ ဘဝကား နောက်ဆုံးလား။

ထိုစဉ် ဆက်ဒမ်ဟူစိန်အကြောင်း စာတစ်စောင် ပေတစ်ဖွဲ့ ရေးသားရန် အကြောင်းဖန်ခဲ့သည်။

မှတ်မိသေးရဲ့။

တစ်နံနက်။

ကျွန်တော် စိုးစာပေထုတ်ဝေရေးသို့ စာမူတစ်ခုအပ်ရန် ရောက်ခဲ့၏။ စိုးစာပေတိုက်ပိုင်ရှင် စာရေးဆရာ ဟိန်းဇေက . . .

"ခင်ဗျား ဆက်ဒမ်အကြောင်း စာအုပ်တစ်အုပ် ရေးမလား"

ဟု မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ၏ အမေးစကားကြောင့် ကျွန်တော့်အဖို့ ရေငတ်တုန်း ရေတွင်းထဲသို့ ကျရသလို ခံစားလိုက်ရသည်။

"ကောင်းသားပဲ"

ကျွန်တော်က ထုံးစံအတိုင်း အေးစက်စက် ဖြေလိုက်၏။

"ဒါဆို ရေးဗျာ"

သို့ဖြင့် ကျွန်တော် ဆက်ဒမ်ဟူစိန်အကြောင်းကို ရေးဖြစ်ခဲ့သည်။

၂

ဆက်ဒမ်ဟူစိန်အကြောင်း ရေးမည်ဆိုတော့ မည်သို့မည်ပုံ ရေးရမည်ကို စဉ်းစားရသည်။

ရှင်းရှင်းပြောရလျှင် ဆက်ဒမ်ဟူစိန်၏ အကြောင်းကို အတ္ထုပ္ပတ္တိ ရေးသလို၊ သမရိုးကျနည်းနှင့် ကျွန်တော် မရေးချင်။ ဆက်ဒမ်အကြောင်းများကို စုစည်းပြီး ကိုယ်တိုင်ခံစားရသလို ရေးချင်သည်။

ထို့ကြောင့် ဆက်ဒမ်ဟူစိန်၏ အကြောင်းအား ကျွန်တော် ရေးနေကျနည်းအတိုင်း ရေးရန် ဆုံးဖြတ်လိုက်သည်။ ယင်းသို့ ရေးရာတွင်လည်း ကျွန်တော်သည် ခံစားရသည့်အတိုင်း ရေးရန် ဆုံးဖြတ်ခဲ့၏။

ယင်းသမို့ ကျွန်တော်ရေးသည့် ဆက်ဒမ်ဟူစိန်အကြောင်းသည် ဝတ္ထုဆန်သော၊ ရသနွှယ်သော စာတစ်ပုဒ် ဖြစ်ကောင်း ဖြစ်နေချိမ့်မည်။

သို့သော် . . . ဘက်လိုက်သော စာ၊ ချီးပသော စာမျိုး မဟုတ်ပါ။

ဆက်ဒမ်ဟူစိန်၏ ဘဝ၊ ဆက်ဒမ်ဟူစိန်၏ နိုင်ငံရေးဖြစ်စဉ်



www.burmeseclassic.com

www.burmeseclassic.com



များမှသည် ယခု (၂၀၀၄)ခုနှစ်၊ သူ့ဘဝ နောက်ဆုံးနေ့များအထိ အရှိတရားနှင့် အသိတရားကို အခြေတည်သော စာတစ်ပုဒ်အဖြစ် ပြုစုမည်ဖြစ်သဖြင့် ပရိသတ်များ ကျေနပ်နှစ်သက်ကြလိမ့်မည်ဟု ထင်ပါ၏။

နေမျိုးထက်



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း တစ်

## အီရတ်နိုင်ငံ၏ သျှရဲကောင်း
## သို့မဟုတ်
## နီရဲသော ဆက်ဒမ်

www.burmeseclassic.com

www.burmeseclassic.com

# တစ်
# နီရဲသော ဆက်ဒမ်

အီရတ်နိုင်ငံ၏ ကာကွယ်ရေးအတွက် သူ့ဘဝကို သူ မြှုပ်နှံခဲ့၏။

"နိုင်ငံသားတိုင်းဟာ နိုင်ငံကို ကာကွယ်ဖို့အရေးဟာ မွေးရာပါ အရေးပဲ"

ဟု သူက ခံယူ၏။

ဆက်ဒမ်က ပြတ်သား၏။

"အီရတ်နိုင်ငံမှာ အီရတ်နိုင်ငံကို ကာကွယ်ဖို့ တပ်မတော် ရှိရမယ်။ အဲဒီတပ်မတော်ဟာ ခိုင်မာတောင့်တင်းတဲ့ တပ်မတော် ဖြစ်ရမယ်"

ဆက်ဒမ်က တပ်မတော်အရာရှိတစ်ဦးပီပီ တပ်မတော် ကျစ်လစ်တောင့်တင်းရေးကို အစဉ်အမြဲ ရှေ့တန်းတင်သည်။ ဆက်ဒမ် တပ်မတော်၏ အကြီးအကဲဖြစ်ချိန်တွင် အီရတ်တပ်မတော်အား ခိုင်မာကျစ်လစ်အောင် ကြိုးစားသည်။

စစ်ခွမ်းရည် ထက်မြက်အောင် ကြိုးစားအားထုတ်သလို၊



www.burmeseclassic.com

www.burmeseclassic.com



အီရတ်တပ်မတော်တွင် စစ်စွမ်းရည်အပြင် လက်နက်ခဲယမ်း ခေတ်မီအောင် ဖန်တီးသည်။

အီရန်၊ အီရတ် စစ်ပွဲကာလက အီရတ်တပ်မတော်သည် စစ်စွမ်းရည် ထက်မြက်မှုနှင့် လက်နက်အင်အား တောင့်တင်းမှု အားနည်းခဲ့သော်လည်း ထိုစစ်ပွဲနောက်ပိုင်း အီရတ်တပ်မတော်သည် တစ်မူထူးခြားလာသည်ဟု ဆိုရမည်။

"တပ်မတော်တစ်ခုမှာ စိတ်ဓာတ်၊ စွမ်းရည် ထက်မြက်မှုလိုအပ်သလို၊ နိုင်ငံစုံတပ်ဖွဲ့တွေနဲ့ ရင်ဘောင်တန်းနိုင်အောင် ခေတ်မီလက်နက် တပ်ဆင်ဖို့လည်း လိုတယ်"

သူက ပြောသလို လုပ်သည်။

ဆက်ဒမ်က အီရတ်တပ်မတော် စစ်စွမ်းရည် ထက်မြက်စေရန် စစ်ရေးလေ့ကျင့်မှုများကို စဉ်ဆက်မပြတ် လုပ်သည်။ မြေပြင်၊ ဝေဟင်၊ ရေပြင်ကို စိုးမိုးရယူနိုင်စေရန်လည်း ဖန်တီးစီစဉ်သည်။

ယင်းသို့ ဆက်ဒမ်၏ မနားမနေ ကြိုးစားမှုကြောင့် အီရတ်တပ်မတော်သည် ထူးခြားစွာ တောက်ပြောင်ခဲ့၏။

♀ ♀ ♀

"အီရတ်နိုင်ငံမှာ ကျုပ် သမ္မတအဖြစ် တာဝန်ယူတာ အီရတ်နိုင်ငံ တိုးတက်မှုအတွက်ပဲ"

ဟု ဆက်ဒမ်က ပြောသည်။

မှန်တော့လည်း မှန်သည်။ အီရတ်နိုင်ငံသူ နိုင်ငံသားများ၏ အနာဂတ်အရေးအတွက် စွမ်းစွမ်းတမံ ကြိုးစားစွမ်းဆောင်မှုကြောင့် အီရတ်နိုင်ငံတွင် ဆက်ဒမ်၏ အရှိန်အဝါက ကြီးမားလာသည်။

ဆက်ဒမ်ဟူစိန်သည် အီရတ်၌ ဘတ်ဒ်ပါတီကို ဦးဆောင်ပြီး ကိုယ်တိုင် သမ္မတအဖြစ် တာဝန်ယူခဲ့၏။ သို့သော် ဆက်ဒမ်သည်



www.burmeseclassic.com

www.burmeseclassic.com



အီရတ်တွင် စင်ပြိုင်ပါတီကိုမူ ထူထောင်ခွင့် မပြုခဲ့။

အီရတ်တွင် စင်ပြိုင်ပါတီ ထူထောင်လိုသူများ ရှိခဲ့သော်လည်း ဆက်ဒမ်ကိုယ်တိုင် ဘတ်ဒ်ပါတီအား ဦးစီးကြိုးကိုင်ခဲ့သလို၊ အီရတ်တပ်မတော်၏ စစ်ဦးစီးအဖြစ် တာဝန်ယူထားသဖြင့် ဆက်ဒမ်နှင့် ယှဉ်ပြိုင်နိုင်မှု မရခဲ့ကြ။

ထို့ကြောင့် အနောက်အုပ်စုက ဆက်ဒမ်အား ဒီမိုကရေစီကို မှောင်ချထားသူ၊ တစ်ပါတီစနစ်ကို ထူထောင်သူဟု ဝေဖန်ကြ၏။

ဆက်ဒမ်က မမှုခဲ့။

"ကိုယ့်နိုင်ငံရဲ့ ကံကြမ္မာကို ကိုယ်တိုင်ဖန်တီးရမယ်။ ဘယ်သူရဲ့ ဩဇာသက်ရောက်မှုကိုမှ လက်မခံနိုင်ဘူး"

ဟု ပြတ်သားစွာ ကြေညာခဲ့သည်။

ဘစ်ခါက အနောက်အုပ်စုနိုင်ငံများက ဆက်ဒမ်ဟူစိန်အား 'ဒီမိုကရေစီ မှောင်ချထားသည့် အာဏာရှင်'ဟု စွပ်စွဲကြ၏။

"ကိုယ့်နိုင်ငံရဲ့အကြောင်းကို ကိုယ်အသိဆုံးပဲ။ အီရတ်ပြည်အကြောင်းကို အီရတ်ပြည်သူတွေပဲ သိတယ်။ အီရတ်နိုင်ငံရဲ့ တိုးတက်ဖွံ့ဖြိုးမှုကို အီရတ်ပြည်သူတွေသာ စွမ်းဆောင်နိုင်တယ်။ ဘယ်သူ့စကားမှ နားယောင်ဖို့ မလိုဘူး"

ဟု တုံ့ပြန်၏။

သို့နှယ်ပင် ဆက်ဒမ်ဟူစိန်က . .

"ကျုပ်ကို အာဏာရှင်လို့ ပြောကြတယ်။ တကယ်တော့ အာဏာဆိုတာ ထူထောင်နိုင်ဖို့ အခွင့်အရေးပဲ။ အီရတ်နိုင်ငံ ခေတ်မီတိုးတက်ဖို့ ကျုပ်အာဏာကို ကျုပ် ဖြန့်ကျက်ထားတယ်။ ဒါ အပြစ် မဟုတ်ဘူး"ဟု ဆို၏။

ထို့ကြောင့် အီရတ်နှင့် အနောက်အုပ်စုသည် တစ်နေ့တခြား



www.burmeseclassic.com

www.burmeseclassic.com



သဟာဇာတ မဖြစ်ဖို့ များလာခဲ့၏။

အနောက်အုပ်စု၏ ဖိအားပေးမှုများစွာနှင့် ရင်ဆိုင်ကြုံတွေ့ရ၏။ ဆက်ဒမ် မမှုခဲ့။

"အီရတ်နိုင်ငံ တိုးတက်ဖွံ့ဖြိုးမှုအတွက် အီရတ်ပြည်သူတွေ ညီညွတ်နေဖို့ လိုတယ်။ မလိုသူတွေ သွေးခွဲတာကို နားမယောင်မိကြဖို့ လိုတယ်။ အီရတ်နိုင်ငံရဲ့ အင်အားဟာ အီရတ်ပြည်သူတွေဆီမှာပဲ ရှိတယ်"

"ကျုပ် အီရတ်ပြည်သူတွေနဲ့အတူ ရှိနေတယ်။ ဘယ်လို အခက်အခဲ၊ ဘယ်လိုဒုက္ခနဲ့ ကြုံကြုံ ကျုပ် အီရတ်မြေက တစ်လက်မမှ ခွာမသွားဘူး။ အီရတ်ပြည်သူတွေနဲ့အတူ အသေခံမယ်"

"အမိမြေကို ကာကွယ်ရင်း သေရတာ မြတ်သော သေခြင်းပဲ"

ဆက်ဒမ် . .

သတ္တိပြောင်သည့် ဆက်ဒမ် . .

ရဲရဲတောက် ဆက်ဒမ်ပင် . . ။

⊙ ⊙ ⊙



www.burmeseclassic.com

www.burmeseclassic.com

# နှစ်
# ကျူးကျော်ခြင်းလော သိမ်းဆည်းခြင်းလော

ဆက်ဒမ်အကြောင်း၊ အီရတ်နိုင်ငံအကြောင်း ပြောလျှင် ကူဝိတ်ကို သိမ်းပိုက်ခြင်းအကြောင်းသည် ချန်လှပ်ထား၍ မရ။

ဆက်ဒမ်ဟူစိန် ဦးဆောင်သည့် အီရတ်တပ်မတော်မှ ကူဝိတ်နိုင်ငံအား သိမ်းပိုက်ရန် စွမ်းဆောင်ခြင်း၊ တိုက်ခိုက်ခြင်းနှင့် ပတ်သက်၍ ကူဝိတ်နိုင်ငံသူ နိုင်ငံသားများနှင့် အနောက်အုပ်စုဝင်နိုင်ငံများက ဆက်ဒမ် ကျူးကျော်နယ်ချဲ့သည်ဟု ဆိုသည်။

အီရတ်သည် အာရပ်နိုင်ငံများမှ တစ်နိုင်ငံဖြစ်သကဲ့သို့ ကူဝိတ်သည်လည်း အာရပ်နိုင်ငံများမှ တစ်နိုင်ငံဖြစ်၏။ အာရပ်နိုင်ငံများ၏ အဓိက စီးပွားရေးက ရေနံဖြစ်သည်။ အာရပ်နိုင်ငံများကား ရေနံဖြင့် ကြီးပွားတိုးတက်နေသည့် နိုင်ငံများလည်း ဖြစ်၏။

ကူဝိတ်နိုင်ငံသည် ရေနံပေါကြွယ်သည့် နိုင်ငံတစ်နိုင်ငံ ဖြစ်၏။ ကူဝိတ်နိုင်ငံ၏ ရေနံပေါကြွယ်ဝမှုက အီရတ်နိုင်ငံထက် သာလွန်သည်ဟုလည်း ဆိုကြ၏။

ဤသို့ ကူဝိတ်နိုင်ငံ ရေနံပေါကြွယ်ဝသဖြင့် ဆက်ဒမ်က

www.burmeseclassic.com

www.burmeseclassic.com



အာသာငမ်းငမ်းတက်ကာ ကျူးကျော်သိမ်းပိုက်သည်ဟု အနောက် အုပ်စုဝင်နိုင်ငံများက မှတ်ချက်ချ၏။

ကူဝိတ်နိုင်ငံကလည်း အီရတ်နိုင်ငံအား ကျူးကျော်သူအဖြစ် နိုင်ငံတကာအား တိုင်ကြား၏။

ဆက်ဒမ်ကမူ တည်ငြိမ်လှ၏။

"အာရပ်နိုင်ငံဟူသမျှဟာ ရေနံပေါ်ကြွယ်ဝတဲ့ နိုင်ငံတွေ ချည်းပဲ။ ရေနံအတွက် စစ်မခင်းဘူး"

ဟု တုံ့ပြန်၏။

အချို့က ဆက်ဒမ်အား ဆင်သေကို ဆိတ်သားရေနှင့် ဖုံးသည်ဟု ဆိုကြ၏။

"အမှန်တရားဟာ ဖုံးကွယ်လို့ မရပါဘူး"

ဆက်ဒမ်က ဒါပဲ တုံ့ပြန်သည်။

ထို့အတူ ဆက်ဒမ်က . .

"လူတွေဟာ ကိုယ့်အမြင်၊ ကိုယ့်ရှုထောင့်က ကြည့်ပြီး အရာရာကို ဝေဖန်သုံးသပ်ကြတယ်။ ဒါကြောင့် အမှန်တရားဟာ ရုပ်လုံးပေါ်မလာခဲ့ဘူး။ တကယ်တမ်းကျတော့ ဘယ်သူမှ အတိတ်က အီရတ်အင်ပါယာကို ပြန်မကြည့်ကြဘူး"

ဟု ရှင်းသည်။

"တစ်ချိန်က ကူဝိတ်ဆိုတာ အီရတ်ရဲ့ အင်ပါယာထဲမှာ ရှိခဲ့တယ်။ ဘိုးဘွားဘီဘင်လက်ထက် အီရတ်နယ်မြေထဲမှာ ကူဝိတ် ရှိခဲ့တာ သမိုင်းကို ကြည့်ရင် သိမယ်"

"ကူဝိတ်ကို အီရတ်က ဝင်ရောက်တိုက်ခိုက် သိမ်းပိုက်တာ၊ ကိုယ့်ပိုင်ဆိုင်မှုကို ကိုယ်ပြန်ယူတာလို့ ဆိုလိုတာလား"

"ဒါ အမှန်ပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အနောက်အုပ်စုနှင့် ကူဝိတ်ပြည်သူတွေက အီရတ်၏ မတရားမှု၊ ဆက်ဒမ်ဟူစိန်၏ ရမ္မက်အာသာ ပြင်းပြမှုဟု ဆိုကြသည်။ ဒါကို ဆက်ဒမ်က လက်မခံချေ။

တစ်ခါက အနောက်အုပ်စု မီဒီယာတစ်ဦးက . .

"ဆက်ဒမ်ဟူစိန်သည် အာဏာရှင်တစ်ဦးပီပီ ရမ္မက်၊ လောဘနှင့် အာဏာဖြန့်ကျက်နိုင်ရန် ကူဝိတ်အား ကျူးကျော်ခြင်းသာ ဖြစ်သည်" ဟု ဝေဖန်၏။

ထိုအခါ ဆက်ဒမ်သည် ဆတ်ဆတ်ထိမခံတတ်သူပီပီ ဘဂ္ဂဒက်ရေဒီယိုမှ တုံ့ပြန်ခဲ့၏။

"သမိုင်းဆိုတာ ဟောင်းနွမ်းဆွေးမြေ့နေတဲ့ အရာတွေကို စုစည်းထားတဲ့ အရာကို ဆိုလိုတာလား။ သမိုင်းမှာ ရှိခဲ့တာမို့ အရာ မဝင်တော့ဘူးလို့ ဆိုတာလား။ အတိတ်သမိုင်းဖြစ်စဉ်တွေ၊ ပိုင်ဆိုင်မှု တွေအတွက် ဒီကနေ့ ပစ္စုပ္ပန်ကို မယူရတော့ဘူးလား"

ဟု ဆက်ဒမ်က မေးခွန်းထုတ်သည်။

"တကယ်တော့ ကြာခဲ့ပြီဆိုပေမယ့် ပိုင်ဆိုင်မှုဟာ ပိုင်ဆိုင်မှု၊ ဆုံးရှုံးမှုဟာ ဆုံးရှုံးမှုပဲ။ တကယ်တော့ တချိန်က ကူဝိတ်ဟာ အီရတ် အင်ပါယာဖြစ်ခဲ့လို့ အီရတ်ပိုင်လို့ ယူဆတာ အမှားမဟုတ်ဘူး။ အမှန်တရားပဲ။ အီရတ်အင်ပါယာထဲက ဖဲ့ပေးလိုက်ရတာ ဆုံးရှုံးမှုပဲ။ ဒီဆုံးရှုံးမှုကို ပြန်ရအောင် ယူဖို့က နောင်လာနောင်သားတွေမှာ တာဝန်ရှိတယ်။ ဒီကနေ့ အီရတ်တပ်မတော်က ကူဝိတ်ကို ပြန်လည် သိမ်းပိုက်တာ၊ ကိုယ့်ပိုင်ဆိုင်မှုကို ကိုယ်ပြန်သိမ်းဆည်းတာ ကျူးကျော် တာ မဟုတ်ဘူး"

ဟု ဆက်ဒမ်က ရှင်းသည်။

"အခုလို ကူဝိတ်ကို အီရတ်တပ်မတော်က ပြန်လည်



www.burmeseclassic.com

www.burmeseclassic.com



သိမ်းပိုက်တာ ဘိုးဘွားဘီဘင်တွေရဲ့ အကြွေးကို ပြန်ဆပ်တာပဲ။ ဒါဟာ ကျူးကျော်တာ မဟုတ်ဘူး”

ဟု ဆိုသည်။

ဆက်ဒမ်ကို အီရတ်ပြည်သူတွေက ထောက်ခံသည်။

♀ ♀ ♀

ဆက်ဒမ်သည် အီရတ်ပြည်သူ တော်တော်များများ၏ ယုံကြည်ကိုးစားမှုကို ရရှိခဲ့သလို၊ အီရတ်ပြည်သူတို့အကြားတွင် သူရဲကောင်း ဖြစ်လာခဲ့၏။

သို့တစေ ကူဝိတ်ပြည်သူတွေက ရမ္မက်အာသာ လောဘကြီးသူဟု ဆက်ဒမ်ကို သမုတ်သည်။

ထို့ထက် ဆိုးသည်က အနောက်အုပ်စုဝင်နိုင်ငံများ၏ သဘောထားဖြစ်သည်။

အနောက်အုပ်စုဝင် နိုင်ငံများကမူ ဆက်ဒမ်၏ ကူဝိတ်အား သိမ်းပိုက်မှုသည် ကျူးကျော်မှု၊ စစ်အာဏာရှင်တစ်ဦး၏ သွေးဆာမှုဟု သုံးသပ်ကြခြင်း ဖြစ်၏။

ထို့အတူ ကူဝိတ်အား ကျူးကျော်သိမ်းပိုက်စဉ် ကာဒ်လူမျိုး ထောင်ပေါင်းများစွာအား ဆက်ဒမ်က သုတ်သင်ခဲ့သည်ဟု စွပ်စွဲကြ၏။

“ကျုပ်ဘဝသက်တမ်းမှာ လူ့အသက်တစ်ချောင်းကို လွယ်လွယ်နင်းခြေတဲ့ အမှုကို ဘယ်တုန်းကမှ မပြုခဲ့ဘူး။ ဒါပေမယ့် မိမိနိုင်ငံနဲ့ မိမိလူမျိုးအရေးကို ဥပေက္ခာပြုပြီး အမေကျော် ဒွေးတော်လွမ်းသူတွေကိုတော့ ကျုပ်က အမှိုက်သရိုက်လို့ ယူဆတယ်။ အမှိုက်ဆိုရင် ရှင်းပစ်ရမယ်”

ဟု သူက ပြော၏။ ပြီးတော့ ဆက်ဒမ်က တစ်ခါပြောဖူး၏။

“တစ်ဖက်နဲ့ တစ်ဖက် လူကို သေစေနိုင်တဲ့ လက်နက်



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့ ပတ်ခတ်တဲ့အခါမှာ လူတွေဟာ သေကြမှာပဲ။ ကျွဲနှစ်ကောင် ခတ်ရာမှာ မြေဇာပင် မခံသာဆိုတဲ့ စကားလိုပေါ့။ ကူဝိတ်နဲ့ အီရတ် စစ်ဖြစ်တုန်းက ကူဝိတ်ဘက်ပါတဲ့ ကာဒ်တွေ အများကြီး သေကြတယ်။ ဒါဟာ သေသင့်လို့ သေတာ။ ဒါကို အပြစ်လို့ဆိုရင် ဘယ်မှာ အမှန်တရား ဖြစ်မလဲ” တဲ့။

ဆက်ဒမ်က သူ့ဘက်မှ မကြောက်တရားအပြည့်နှင့် ချေပခဲ့၏။ သို့တစေ ဆက်ဒမ်၏ ဖြေရှင်းချက်တို့သည် သဲထဲ ရေသွန်သလို အရာမထင်ခဲ့။

အနောက်အုပ်စုဝင်နိုင်ငံများက ဆက်ဒမ်ဟူစိန်အား ကူဝိတ်နိုင်ငံအား ကျူးကျော်သူအဖြစ် စွဲချက်တင်ခဲ့သည်။

အမေရိကန်နှင့် ဗြိတိန် ဦးဆောင်သော နိုင်ငံစုံတပ်ဖွဲ့မှ ဆက်ဒမ်ဟူစိန်၏ အီရတ်နိုင်ငံအား စစ်ရေးအရ အရေးယူရန် ဆုံးဖြတ်သည်။

အီရတ်နိုင်ငံအား တိုက်ခိုက်ခဲ့ကြသည်။

“အီရတ်နိုင်ငံမှာ ရှိနေတဲ့ အီရတ်တပ်မတော်နဲ့ အီရတ်ပြည်သူတွေက မကြောက်တရားအပြည့်နဲ့ ရင်ဆိုင်မယ်။ မြတ်သော သေခြင်းနဲ့ အသေခံမယ်။ အီရတ်ကို ကျူးကျော်လာသူမှန်သမျှကို တွန်းလှန်ဖို့ အီရတ်တပ်မတော်နဲ့ အီရတ်ပြည်သူတွေ အသင့် ရှိနေကြတယ်”

ဟုတ်သည်။

ဆက်ဒမ် ဦးဆောင်သည့် အီရတ်တပ်မတော်နှင့် အီရတ်ပြည်သူတို့သည် ရင်ကို မြေကတုတ်လုပ်ကာ နိုင်ငံစုံတပ်ဖွဲ့ကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ခဲ့၏။

ထိုစစ်ပွဲအား အနောက်အုပ်စုက . .



www.burmeseclassic.com

www.burmeseclassic.com



ကျူးကျော်သူအား နှိပ်ကွပ်ခြင်းဟု ဆို၏။
ဆက်ဒမ်ကမူ . .
သိမ်းဆည်းခြင်းအား စွက်ဖက်သည့် စစ်ပွဲဟု ဆို၏။

⊙ ⊙ ⊙



www.burmeseclassic.com

www.burmeseclassic.com

# သုံး
# ဆက်ဒမ်နှင့် အနောက်အုပ်စုကြားမှ အမှန်းမီးပွား

အနောက်အုပ်စုကြားတွင် ဆက်ဒမ်သည် "ချဉ်ဖတ်" ဖြစ်နေ၏။ ဆက်ဒမ်ဟူစိန်အား "သွေးဆာနေသူ"ဟု လည်းကောင်း၊ "ခေတ်သစ် ဟစ်တလာ"ဟု လည်းကောင်း စွပ်စွဲကင်ပွန်းတပ်ကြ၏။

ဆက်ဒမ်ကမူ . .

"ကျုပ်ဟာ အီရတ်နိုင်ငံသားတစ်ယောက်အနေနဲ့ အီရတ်နိုင်ငံ တိုးတက်ရေးအတွက် လုပ်သင့်တာ လုပ်နေတာပဲ"

ဟု ဆိုသည်။ ထို့အတူ ဆက်ဒမ်က . .

"ကိုယ့်နိုင်ငံ ကိုယ့်လူမျိုး တိုးတက်မှုကို လုပ်ကိုင်နေတဲ့ နေရာမှာ ကျုပ် ကိုယ့်နိုင်ငံနဲ့ ကိုယ့်လူမျိုးအကျိုးကိုပဲ ရှေ့ရှုနိုင်မယ်။ အကျိုးကို ပျက်စေမယ့် အသံတွေကို ကျုပ် နားမထောင်နိုင်ဘူး၊ မလိုက်လျောနိုင်ဘူး"

ဟု သူက ပြတ်သားစွာ ပြောသည်။

ဟုတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဒမ်ဟူစိန်၏ သမိုင်းတွင် သူသည် အီရတ်နိုင်ငံတိုးတက်ရေးကို အစဉ်အမြဲ ရှေ့ရှုသည်။

တစ်ခါက "ဆက်ဒမ်ဟာ အစ္စလာမ်ဝင်ချင်း တူပေမယ့် မျိုးနွယ်တူတွေကိုပဲ ဦးစားပေးသည်" ဟု ဝေဖန်ခံခဲ့ရဖူးသည်။

ဆက်ဒမ်က အပြုံးမပျက်။

"ဒါ မဆန်းပါဘူး။ လူတိုင်းဟာ အယူအဆ၊ အတွေးအခေါ် တူရင် လက်တွဲမယ်။ အယူအဆ၊ အတွေးအခေါ် မတူရင် ဘယ်လို လက်တွဲမလဲ"

ဟု သူက ပြောသည်။

♀ ♀ ♀

ဆက်ဒမ်က ပြတ်သားသည်။ မကြောက်တရား အပြည့်အဝ နှလုံးသွင်းထားသည်။

ပြီးတော့ ဆက်ဒမ်ဟူစိန်သည် လူသားဆန်သူလည်း ဖြစ်၏။ အချို့သော ဝေဖန်ရေး သုတေသီများက ဆက်ဒမ်နှင့် အနောက်အုပ်စု အကြား အမုန်းမီးပွားမှုအား သုံးသပ်ရာတွင် . .

"ဆက်ဒမ်ဟူစိန်သည် စစ်သားတစ်ဦး ဖြစ်သော်လည်း နှလုံးသား မာကျောသူ မဟုတ်။ လူသားပီသသူ၊ စာနာယိုင်းပင်း တတ်သူ ဖြစ်၏။

ဟု သုံးသပ်၏။

စင်စစ် ဆက်ဒမ်ဟူစိန်သည် အာရပ်လူမျိုး အစ္စလာမ်ဝင် တစ်ဦးပီပီ အာရပ်လူမျိုးချင်း သွေးစည်း၏။ ပါလက်စတိုင်းလူမျိုး ဒီအယ်အို ဥက္ကဋ္ဌ ယာဆာအာရာဖတ်ကို စာနာ၏။

ထို့အတူ အမေရိကန်လူ အစ္စရေးကို မုန်းတီး၏။

ပင်လယ်ကွေ့စစ်ပွဲကာလက ဆက်ဒမ်ဟူစိန်အား အာရာဖတ်က



www.burmeseclassic.com

www.burmeseclassic.com



ထောက်ခံသလို၊ အာရာဖတ်ကို နှိပ်ကွပ်ရန် အစဉ်ကြိုးစားနေသည့် အစ္စရေးကို ဆက်ဒမ်ဟူစိန်က တိုက်ခိုက်၏။

"ပါလက်စတိုင်းတွေကို အိုးမဲ့အိမ်မဲ့ဖြစ်အောင် အစဉ်ထာဝရ ကြိုးပမ်းနေတဲ့ အစ္စရေးကို ပါလက်စတိုင်းတွေနဲ့ လက်တွဲပြီး တိုက်ဖို့ အသင့်ပဲ"

ဟု ပြတ်သားစွာ ကြေညာခဲ့၏။

ပင်လယ်ကွေ့စစ်ပွဲကာလက အမေရိကန်နှင့် နိုင်ငံစုံတပ်ဖွဲ့ကို ရင်ဆိုင်တွန်းလှန် တိုက်ခိုက်ရင်း အစ္စရေးကို အခွင့်သင့်လျှင် သင့်သလို ပစ်ခတ်တိုက်ခိုက်ခဲ့၏။

ထို့ကြောင့် ဆက်ဒမ်ကို အနောက်အုပ်စုက မျက်မုန်း ကျိုးခဲ့သည်။ ဆက်ဒမ်ကို အန္တရာယ်ဟု မြင်ခဲ့သည်။

ဆက်ဒမ် ပြုတ်ကျရေးကို စွမ်းစွမ်းတမံ လုပ်ခဲ့၏။ ဆက်ဒမ်ကမူ နောက်မတွန့်ခဲ့။

"ကျုပ်ကတော့ လုပ်သင့်လုပ်ထိုက်တာကို ရဲရဲဝံ့ဝံ့ လုပ်နေမှာပဲ။ ဒါဟာ ကျုပ်ခံယူချက်ပဲ"

♀ ♀ ♀

ဆက်ဒမ်ဟူစိန် ပြုတ်ကျရေးသည် အမေရိကန်နိုင်ငံ၏ မူလရည်ရွယ်ချက်ဖြစ်သည်ဟု အချို့က ပြတ်သားစွာ ဝေဖန်သည်။

"အမေရိကန်ရဲ့ စွက်ဖက်အပြစ်တင်မှုတွေကို အီရတ်အနေနဲ့ ရှောင်လွဲနိုင်ဖို့ လိုတယ်" ဟု သုတေသီတို့က သုံးသပ်၏။

"အမှန်တရားအတွက်ဆို ကျုပ် ဘယ်အရာကိုမှ တွေဝေမှာ မဟုတ်ဘူး"

ဟု ဆက်ဒမ်က ဖွင့်ဟသည်။

ထိုကဲ့သို့ပင် အမေရိကန်နိုင်ငံ၏ ကမ္ဘာ့ကုန်သွယ်ရေး



www.burmeseclassic.com

www.burmeseclassic.com



အဆောက်အအုံ အကြမ်းဖက် ဖျက်ဆီးခံရမှုနှင့် ပတ်သက်၍ 'အိုစမာ ဘင်လာဒင်'အား အမေရိကန်မှ အလိုရှိနေချိန်၊ အကြမ်းဖက်မှုအား ကမ္ဘာနှင့်အဝှမ်း နှိပ်ကွပ်ရန် အမေရိကန်မှ ဆော်သြနေချိန်၊ ဘင်လာဒင်အား ဖမ်းဆီးရန် ကြိုးစားနေချိန်တွင် ဆက်ဒမ်သည် အိုစမာ ဘင်လာဒင်အား အပြစ်မဆိုခဲ့။

ထို့ကြောင့် ဆက်ဒမ်အား "အိုစမာဘင်လာဒင်၏ အကြမ်းဖက်မှုအား ပံ့ပိုးကူညီသူ"ဟု စွပ်စွဲခဲ့သည်။

ယင်းကဲ့သို့ပင် အမေရိကန်က အာဖဂန်နစ္စတန်အား ကျူးကျော်တိုက်ခိုက်မှုနှင့် ပတ်သက်၍ ဆက်ဒမ်က ဝေဖန်ခဲ့သည်။

"အမေရိကန်ရဲ့ အာဖဂန်စစ်ဆင်ရေးဟာ ကောက်ရိုးပုံကြားက အပ်တစ်ချောင်း လိုချင်တာနဲ့ ကောက်ရိုးပုံကို မီးရှို့တာနဲ့ တူနေတယ်။ ဘင်လာဒင်ကို လိုချင်လို့ အာဖဂန်ကို ကျူးကျော်ပြီး ဝင်ရောက်တာဟာ အမေရိကန်ရဲ့ သဘောထား သေးသိမ်မှု၊ နိုင်ငံကြီးသား မပီသမှုပဲ ဖြစ်တယ်"

ဤသို့ ဝေဖန်ခဲ့သဖြင့် ဆက်ဒမ့်အပေါ် နာကျင်အမုန်းပွားခဲ့သည်။ "အကြမ်းဖက်သမားများနှင့် ပူးပေါင်းသူ"ဟု စွပ်စွဲ အပြစ်ရှာခဲ့သည်။

ဆက်ဒမ် မမှုခဲ့။

"အမှန်တရားအတွက် ကျုပ်တို့နောက်မှာ ဘုရားသခင် ရှိနေပါတယ်။ ကျုပ် ဘာမှ မကြောက်ပါဘူး"

⊙ ⊙ ⊙



www.burmeseclassic.com

www.burmeseclassic.com

## လေး
## ဆက်ဒမ် (သို့မဟုတ်) ဘက္ကအက် သားသတ်သမား

အနောက်အုပ်စုက ဆက်ဒမ်ဟူစိန်အား 'ဘက္ကဒက် သားသတ်သမား'ဟု သမုတ်သည်။

သို့နှယ်ပင် ဆက်ဒမ် ပြုတ်ကျရေးအတွက် အနောက်အုပ်စုက နည်းအမျိုးမျိုး ဖန်တီးကြသည်။ ဆက်ဒမ်လုပ်ရှားသမျှ အပြစ်ဟု မြင်ကြ၏။

ဆက်ဒမ်က . . .

"ဒီကနေ့ သံတမန်တွေနဲ့ ပညာတတ် ပုဂ္ဂိုလ်တွေကြားမှာ နိုင်ငံတကာ ဥပဒေတို့၊ နယ်နိမိတ်အပိုင်းအခြား ဥပဒေတို့ဆိုတဲ့ ဝေါဟာရတွေ တွင်ကျယ်နေပေမယ့် လက်တွေ့ကျင့်သုံးမှုအားကတော့ နည်းနေဆဲပဲ"

ဟု ဝေဖန်သည်။

သူနှင့် အီရတ်နိုင်ငံအား တိုက်ခိုက်မည်ဆိုတော့လည်း သူ တည်ငြိမ်စွာ ရှိခဲ့၏။

မှတ်မှတ်ရရပင်။



www.burmeseclassic.com

www.burmeseclassic.com



အီရန်အီရတ်စစ်ပွဲ ပြီးဆုံးခြင်း (၁၃)နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားတွင် သူ့အား ခြိမ်းခြောက်နေသည့် အမေရိကန်နှင့် ဗြိတိန် ဦးဆောင်သည့် အနောက်အုပ်စုအား ရာဇသံပေးခဲ့၏။

"ခင်ဗျားတို့ သိထားဖို့က ခင်ဗျားတို့ရဲ့ စွမ်းရည်ထက်လှ ပါတယ်ဆိုတဲ့ လေယာဉ်မှူးတွေနဲ့ လေယာဉ်တွေကို တန်ဖိုးထားတယ် ဆိုရင် ခင်ဗျားတို့ရဲ့ လေယာဉ်နဲ့ သင်္ဘောတွေကို အမြန်ဆုံး ပြန်သိမ်း သွားကြပါ"

ဟု ရုပ်မြင်သံကြားမှ ပြောခဲ့သည်။ "ကျုပ်တို့ကတော့ ကျူးကျော်စော်ကားတာကို လုံးဝသည်းခံမှာ မဟုတ်ဘူး"တဲ့။ ဆက်ဒမ်က တီမထင်သည့် အပြုအမူနှင့် ရဲဝံ့သူပင်။

♀ ♀ ♀

ဆက်ဒမ်က အနောက်အုပ်စုအပေါ် အမြင်မကြည်လင်သလို၊ အမေရိကန် သမ္မတ ဂျော့ဒဗလျူ ဘုရှ်ကလည်း ဆက်ဒမ်ဟူစိန်အပေါ် အမြင်ကြည်လင်ခြင်း မရှိ။

"ဆက်ဒမ်ဟာ လွှတ်ထားရမယ့်သူ မဟုတ်ဘူး။ သူက အနောက်အုပ်စုနိုင်ငံတွေကို အန္တရာယ်ပေးဖို့ အမြဲစိုင်းပြင်းနေသလို၊ ခြိမ်းခြောက်နေသူလည်း ဖြစ်တယ်။ သူ့ကို ကျွန်တော်တို့ စောင့်ကြည့် ထိန်းချုပ်ဖို့ လိုနေပြီ"

ဟု နိုးဆော်သည်။

ဆက်ဒမ်ကမူ . .

"ဘယ်သူတွေ ဘာတွေပြောကြပါစေ၊ ကျုပ်နိုင်ငံကို ကာကွယ်ဖို့ ကျုပ်တိုင်းပြည်ကို ကယ်တင်ဖို့ ကျုပ် အီရတ်မြေပေါ်မှာ ရှိနေမယ်"

ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



မှန်သည်။ ဆက်ဒမ်က တကယ်လည်း အီရတ်မြေပေါ်တွင် ရှိနေခဲ့၏။

သို့သော် ဘုရှ်အစိုးရအဖွဲ့ကမူ ဆက်ဒမ်သည် အန္တရာယ်ပေးနိုင်သူ။

ဆက်ဒမ်နှင့် ပတ်သက်၍ ကမ္ဘာအား "ကျွန်တော်တို့ရဲ့ အီရတ်အပေါ် ထားရှိတဲ့ မူဝါဒဟာ သိမ်မွေ့ပျော့ပျောင်းဆဲပါ" ဟု ကြေညာ၏။

သို့ပင်ငြားလည်း တစ်ဖက်ကမူ . .

"ဆက်ဒမ့် ပယောဂနဲ့ လူ (၁၀၀,၀၀၀)ကျော် သတ်ဖြတ်ခံခဲ့ရတယ်"

ဟု ကြေညာခဲ့သလို . .

"ဆက်ဒမ်လက်ထက်မှာ ကာဒ်လူမျိုးများ ဓါတုအဆိပ်ငွေ့ဗုံးနဲ့ အကြဲခံခဲ့ရတယ်။ အနောက်တိုင်း မဟာမိတ်သံ့ပန်းတွေကို ညှဉ်းပမ်းရိုက်နှက်ခဲ့တယ်။ ကူဝိတ်နဲ့ အီရတ်လူမျိုးအချို့ကို ကွပ်မျက်ခဲ့တယ်"

ဟု ကြေညာခဲ့သည်။ ပြီးတော့ "ဆက်ဒမ်ဟာ ပင်လယ်ကွေ့စစ်ပွဲကတည်းက စစ်ရာဇဝတ်ကောင် ဖြစ်ခဲ့တယ်" ဟု ဆို၏။

ဘဂ္ဂဒက် သားသတ်သမားဟု စွပ်စွဲသမုတ်ခံခဲ့ရသည့် ဆက်ဒမ်ကမူ အပြုံးမပျက်။

"ဒါတွေအားလုံးဟာ အကြောင်းရှာ အပြစ်ဖို့ချက်တွေပဲ။ အခွင့်ကောင်းယူ တွန်းချဖို့ ဖန်တီးနေတာပဲ"

ဟု ဆို၏။

♀ ♀ ♀



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ရက်ဖို့ကောင်းလှတယ်။ သူတို့ဟာ ကျုပ်နဲ့ အီရတ်လူမျိုးတွေ မလှုပ်သာ မလှုပ်သာအောင် ကုန်သွယ်ရေး ပိတ်ဆို့မှုတွေအပြင် စီအိုင်အေ အကူအညီနဲ့ ပုန်ကန်ထကြွရေးနဲ့ အာဏာသိမ်းရေးတွေပါ လုပ်နေကြပြီ"

ဟု ဆက်ဒမ်က ဖွင့်ဟာ၏။

သို့နှယ်ပင် ဆက်ဒမ်က . . .

"အရာရာကို ခြယ်လှယ်ချင်သလို ခြယ်လှယ်လို့ ရမလား။ တကယ်ဆိုရင် အီရတ်ပြည်သူတွေရဲ့ အကြောင်းကို ကျုပ် သိသလို၊ အီရတ်ပြည်သူတွေအပေါ် ထားတဲ့ ကျုပ်ရဲ့ စေတနာကိုလည်း အီရတ်ပြည်သူတွေ သိပါတယ်"

"တကယ်ပြောရရင် ကျုပ်က သားသတ်သမားလား။ သူတို့က သားသတ်သမားလားဆိုတာ အချိန်က အဖြေပေးမှာပါ။ ကျုပ်ဟာ အာရပ်တစ်ယောက်ဖြစ်သလို ကျုပ်နောက်မှာ အာရပ်ကမ္ဘာ ရှိတယ်။ ပြီးတော့ ကျုပ်လုပ်နေတာ အီရတ်ပြည်သူတွေအတွက်ပဲ။ အီရတ်ပြည်သူတွေအတွက်ဆို ကျုပ် ဘာမဆို ရင်ဆိုင်မယ်။ ကျုပ် အီရတ်ပြည်သူအတွက် အီရတ်မြေပေါ်မှာ ရှိနေမယ်"

⊙ ⊙ ⊙



www.burmeseclassic.com

www.burmeseclassic.com

# ငါး
# ဆက်ဒမ် (သို့မဟုတ်) အာရပ်နိုင်ငံများ၏ သူရဲကောင်း

ဆက်ဒမ်ဘဝကောက်ကြောင်းကို ပြန်ဆွဲကြည့်လျှင် ဆက်ဒမ်သည် အာရပ်ကမ္ဘာတွင် အများနှင့်မတူ တမူထူးခြားနေသည်ကတော့ အမှန်ပင်။

အာရပ်နိုင်ငံအများစုသည် ငွေကြေး ကုံလုံကြွယ်ဝသူများဖြစ်သည်။ ရေနံနှင့် လက်ညှိုးညွှန်ရာဘဝကို ရရှိနေကြသည်။ ရေနံအလျှံပယ် ကြွယ်ဝသလို၊ ကမ္ဘာတွင် ရေနံသည် မရှိမဖြစ် ပစ္စည်းတစ်ခု ဖြစ်နေသဖြင့် ရေနံကြောင့် အာရပ်နိုင်ငံသားများ လူရာဝင်ခဲ့ကြသည်။

ရေနံ၏ မျက်နှာကြောင့် လူ့လောကကြီးတွင် မျက်နှာပွင့်လန်းနေကြသည်။

ရေနံကြောင့် မရမရှိဘဝကို ပိုင်ဆိုင်ကြသည်။

ယင်းသမို့ ရေနံပိုင်ဆိုင်မှုနှင့် ကမ္ဘာ့ဇာတ်ခုံတွင် နေရာဖြစ်နေကြသော အာရပ်နိုင်ငံသားများသည် ပိုင်ဆိုင်မှု၊ ပေါကြွယ်ခြင်းတို့နှင့်



www.burmeseclassic.com

www.burmeseclassic.com



ယစ်မူးနေကြသည်။

ထိုးဖောက်ခြင်းဟူသည့် အသိ နည်းပါးကြသည်။ "သူတို့နှလုံးသားတွင် ငါတို့သည် ဘုရားသခင်၏ စောင်မကြည့်ရှုမှုကြောင့် အလျှံပယ် ပေါ်ကြွယ်ဝမှုကို ရခဲ့သည်။ ပြည့်စုံခဲ့သည်။ ရေနံရှိနေသမျှ ငါတို့ဘဝ အောက်တန်းနောက်တန်း မကျနိုင်"ဟု ယူဆကြပုံရ၏။

သူတို့သည် စည်းစိမ်ယစ်မူး၏။ ပြည့်စုံကုံလုံခြင်းကြောင့် ကျေနပ်အားရနေကြ၏။

ကိုယ်စွမ်းကိုယ်စကို အခိက မထားကြသလိုပင်။

ထိုထိုသော အာရပ်နိုင်ငံများ အများစုတွင် ဆက်ဒမ်သည် အများနှင့်မတူ တမူထူးခြားသူ ဖြစ်ခဲ့သည်။

ဆက်ဒမ်က ရေနံပေါ်ကြွယ်သည့် အီရတ်နိုင်ငံ၏ အကြီးအကဲ တစ်ဦး ဖြစ်သော်လည်း ပိုင်ဆိုင်မှုများ၊ ပေါ်ကြွယ်ဝမှုများနှင့် ယစ်မူးနေခြင်း မရှိ။

တစ်ခု ထူးခြားသည်က ဆက်ဒမ်ဟူစိန်သည် ပေါများပြည့်စုံခြင်းနှင့် ကုံလုံသူတစ်ဦး ဖြစ်သော်လည်း သူသည် ယစ်မူးငြိမ်သက်နေသူ မဟုတ်။

ဆက်ဒမ်သည် တိုးတက်ထူးခြား အောင်မြင်မှု၊ ကျော်ကြားမှုကို ရယူလိုသူတစ်ဦး ဖြစ်နေခြင်းပင်။

ထို့ကြောင့် သူသည် သူ့ဘဝကို သမားရိုးကျ အာရပ်တစ်ဦးနှယ် ဘဝကို မတည်ဆောက်ခဲ့။

ဆက်ဒမ်သည် ဘဝကို အခြား အာရပ်ခေါင်းဆောင်များနှင့် မတူ ထူးခြားစွာ တည်ဆောက်ခဲ့သူဟု ဆိုလျှင်လည်း မမှားချေ။

♀ ♀ ♀



www.burmeseclassic.com

www.burmeseclassic.com



အာရပ်နိုင်ငံများ၏ ဦးစီးခေါင်းဆောင် အများစုသည် ရေနံနှင့် ပိုင်ဆိုင်မှုများစွာကို ရယူပြီး ထိုပြည့်စုံကုံလုံမှုများနှင့် ငြိမ်သက်နေကြသည်က များ၏။ အထူးသဖြင့် ပိုင်ဆိုင်မှု များသည်ထက်များရန်သာ အားထုတ်ကြိုးစားကြ၏။ မိမိဘဝနှင့် မိမိအသိုင်းအဝိုင်း ချမ်းသာကြွယ်ဝမှုကိုသာ ရှေ့တန်းတင်နေကြ၏။

ဆက်ဒမ်ကမူ သူတို့နှင့် မတူ။

ဆက်ဒမ်သည် မိမိကိုယ်မိမိ သက်ဦးဆံပိုင်ဘုရင်တစ်ပါးလို နေခဲ့သလို၊ သူသည်. အင်ပါယာနှင့် အာဏာဖြန့်ကျက်နိုင်မှုကို ဦးစားပေးခဲ့သည်။

ထို့ကြောင့် ဆက်ဒမ်ဟူစိန်သည် ကုံလုံပေါကြွယ်မှုနှင့် စည်းစိမ်ယစ်မူးမနေဘဲ သူ၏ ထင်ပေါ်မှုအတွက် သူ့နိုင်ငံအား အာရပ်နိုင်ငံများနှင့် မတူ၊ တစ်မူထူးခြားစေရန် ဖန်တီးတည်ဆောက်ခဲ့သည်။

ဆက်ဒမ်သည် သူ အာဏာရ၍ သြဇာတိက္ကမ တက်နေချိန်တွင် အီရတ်နိုင်ငံအား ကမ္ဘာမှ စိတ်ဝင်စားလာစေရန် ဖန်တီးကြိုးပမ်းခဲ့သည်။

အီရတ်နိုင်ငံတွင် ပါတီထူထောင်ပြီး သမ္မတ အုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲခဲ့သည်။ ကိုယ်တိုင် ဘာဒ်ပါတီကို ဦးစီးပြီး ရွေးချယ်တင်မြှောက်ပွဲများ ပြုလုပ်ကာ သမ္မတအဖြစ် တာဝန်ယူခဲ့သည်။

ကမ္ဘာ့အလယ်တွင် အီရတ်သမ္မတနိုင်ငံအဖြစ် ဖန်တီးခဲ့သည်။

"အီရတ်နိုင်ငံရဲ့ ကံကြမ္မာကို အီရတ်ပြည်သူတွေကပဲ ဖန်တီးခွင့် ရှိရမယ်"

ဟု ကြွေးကြော်ခဲ့သည်။

ထို့အတူ အီရတ်နိုင်ငံအား စစ်အင်အား တောင့်တင်းသည့်နိုင်ငံအဖြစ် တည်ဆောက်မည်ဟု ကြွေးကြော်ခဲ့ပြီး အီရတ်တပ်မတော်ကို ထူထောင်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အီရတ်တပ်မတော်ကို ကမ္ဘာ့အလယ်မှာ တင့်တယ်ဂုဏ်တင့်တဲ့ တပ်မတော်အဖြစ် ထူထောင်ပြီး အီရတ်နိုင်ငံ ကာကွယ်ရေးကို အပြည့်အဝ ထမ်းဆောင်မယ်"

ဆက်ဒမ်ဟူစိန်လက်ထက်တွင် အီရတ်တပ်မတော်သည် အထူးပင် ခေတ်မီတိုးတက်သော တပ်မတော် ဖြစ်ခဲ့၏။

ယင်းကဲ့သို့ပင် ကိုယ်တိုင် အီရတ်တပ်မတော်၏ အကြီးအကဲအဖြစ် ခံယူပြီး စွမ်းစွမ်းတမံ အလုပ်လုပ်ပြခဲ့၏။

အီရတ်တပ်မတော်သည် စွမ်းရည်ထက်မြက်ပြီး နိုင်မာတောင့်တင်းသည့် တပ်မတော်အဖြစ်သို့ ရောက်ရှိကြောင်းကို ပြည်သူအများ သိမြင်လာစေရန် ဖန်တီးခဲ့၏။

ကမ္ဘာ့နိုင်ငံရေး အကဲခတ်ပုဂ္ဂိုလ်တို့က . .

"ဆက်ဒမ်သည် အီရတ်တပ်မတော်၏ စစ်စွမ်းရည်ထက်မြက်မှုအား အီရတ်ပြည်သူအများ ကွက်ကွက်ကွင်းကွင်း သိမြင်လာစေရန် စီစဉ်စွမ်းဆောင်မှုများ ပြုသည့်နေရာတွင် အီရန်အီရတ်စစ်ပွဲနှင့် ကူဝိတ် ကျူးကျော်မှုသည် အဓိကအခန်းမှ ပါဝင်ခဲ့သည်။ ထိုစစ်ပွဲများ ဆင်နွှဲမှုကြောင့် ဆက်ဒမ်သည် အီရတ်ပြည်သူတို့၏ အပြည့်အဝ ယုံကြည်မှုကို ရရှိခဲ့သည်"

ဟု သုံးသပ်ကြသည်။

ဤသုံးသပ်ချက်သည် အမှန်ဟု ဆိုရမည်။ အီရန် အီရတ်စစ်ပွဲနှင့် ကူဝိတ်ကျူးကျော်မှုများ နောက်ပိုင်း အီရတ်ပြည်သူတို့သည် ဆက်ဒမ်ကို ယုံကြည်လာကြ၏။

မှန်သည်။

ထို့နောက်ပိုင်း ဆက်ဒမ်သည် အီရတ်နိုင်ငံတွင် အီရတ်ပြည်သူတို့၏ ကယ်တင်ရှင်တစ်ဦးအဖြစ် သတ်မှတ်ခံခဲ့ရသလို၊



www.burmeseclassic.com

www.burmeseclassic.com



အာရပ်ကမ္ဘာမှလည်း ဆက်ဒမ်၏ ထူးခြားစူးရှ ထက်မြက်သော လုပ်ဆောင်ချက်များအား စူးစိုက်လာခဲ့ကြ၏။

ထူးခြားသည့် အာရပ်ကမ္ဘာ၏ ခေါင်းဆောင်တစ်ဦးအဖြစ် သတ်မှတ်ခဲ့ကြသည်။

အမှန်တကယ်ပင် ဆက်ဒမ်ဟူစိန်သည် ထူးခြားထက်မြက်သည့် အာရပ်ကမ္ဘာ၏ ခေါင်းဆောင်တစ်ဦး ဖြစ်ခဲ့သည်ကိုမူ ငြင်းချက်ထုတ်စရာ လိုမည်မဟုတ်။

အဘယ့်ကြောင့်ဆိုသော် ဆက်ဒမ်တွင် အာရပ်ကမ္ဘာမှ ခေါင်းဆောင်များနှင့် ယှဉ်လျှင် မတူညီသည့် အချက်ပေါင်း များစွာ ရှိနေသောကြောင့် ဖြစ်၏။

မှန်သည်။

ဆက်ဒမ်သည် ရဲရင့်စူးရှ၍ အကွက်မြင်သည့် ပုဂ္ဂိုလ်ဖြစ်သည်။ တစ်ခါတစ်ရံ ကွက်ကျော်မြင်တတ်၏။

ယင်းသမို့ကြောင့်လည်း ဆက်ဒမ်သည် ထိပ်ဆုံးသို့ ရောက်ခဲ့ရသည်ဟု ဆိုရမည်လား မသိ။

ပင်လယ်ကွေ့စစ်ပွဲကာလက အီရတ်နိုင်ငံသည် နိုင်ငံစုံတပ်ဖွဲ့နှင့် ရင်ဆိုင်ခဲ့ရ၏။ ဆင်နှင့် ဆိတ်နှယ် အင်အားခြင်း မမျှသည့် အခြေအနေမျိုး ဖြစ်သည်။

တစ်ကမ္ဘာလုံးက ဆက်ဒမ်အား ဒူးထောက်အညံ့ခံမည်ဟု ထင်ခဲ့သည်။ ဆက်ဒမ်ကား နောက်မတွန့်ခဲ့။

"အီရတ်တပ်မတော်နဲ့ အီရတ်ပြည်သူတွေဟာ ကျူးကျော်သူတွေကို တိုက်ထုတ်ဖို့ အသင့်ရှိနေကြတယ်။ ကျူးကျော်သူနဲ့ကာကွယ်သူတို့ရဲ့ ရင်ဆိုင်တွေ့ပွဲမှာ အီရတ်ပြည်သူတွေ မြင့်မြတ်တဲ့ အောင်ပွဲရဖို့ အီရတ်တပ်မတော်က စွမ်းဆောင်နေတယ်" ဟု သူ ဆိုခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်ပွဲများ၏ မိခင် မြေပြင်စစ်ပွဲ ဆင်နွှဲရန် အသင့်ရှိနေသည်ဟု ကြွေးကြော်ခဲ့သည်။ အီရတ်နိုင်ငံတွင် ပျက်စီးမှု၊ ယိုယွင်းမှု များစွာ ကြုံတွေ့နေခဲ့ရသော်လည်း ဆက်ဒမ်သည် တည်ငြိမ်လှ၏။

နိုင်ငံစုံတပ်ဖွဲ့အား ရဲရဲရင့်ရင့် ရင်ဆိုင်မည်ဟု ကြွေးကြော်ခဲ့၏။

"အီရတ်မြေ တစ်လက်မ မဆုံးရှုံးစေဖို့ အီရတ်ပြည်သူတွေအတွက် အီရတ်တပ်မတော် အသင့်ရှိနေတယ်"

ဟု ဆက်ဒမ် ဆိုခဲ့၏။

ထိုစဉ်က အမေရိကန် ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့သည် အီရတ်တို့နှင့် မြေပြင်တိုက်ပွဲ ဆင်နွှဲရန် အသင့်ရှိခဲ့၏။ သို့တစေ ဆက်ဒမ်အတွက် ကံတရားက မျက်နှာသာပေးသည်ဟု ဆိုရမည်လား မသိ။

နိုင်ငံစုံတပ်ဖွဲ့သည် မြေပြင်တိုက်ပွဲကို မဆင်နွှဲနိုင်ခဲ့။ ဤသို့ဖြင့် ပင်လယ်ကွေ့စစ်ပွဲမှာ ပြီးဆုံးသွားခဲ့ရ၏။

မည်သို့ဆိုစေ ထိုပင်လယ်ကွေ့စစ်ပွဲကြောင့် အီရတ်နိုင်ငံတွင် ပျက်စီးဆုံးရှုံးမှုများစွာ ရှိခဲ့သော်လည်း ဆက်ဒမ်ဟူစိန်အတွက်မူ အမြတ်ရလိုက်၏။

ထိုအမြတ်က အခြားမဟုတ်။

ပင်လယ်ကွေ့စစ်ပွဲနောက်ပိုင်း ဆက်ဒမ်ဟူစိန်သည် အာရပ်ကမ္ဘာ၏ သူရဲကောင်းအဖြစ် ထင်ပေါ်ကျော်ကြားခဲ့ခြင်းပင် ဖြစ်သတည်း။

⊙ ⊙ ⊙

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း နှစ်

# ဆက်ဒမ်ဟူစိန်
# နှင့်
# ကောက်ကြောင်းများ

www.burmeseclassic.com

www.burmeseclassic.com

# ခြောက်
# ဆက်ဒမ်၏ လျှပ်တစ်ပြက် ဘဝပုံရိပ်

အနောက်အုပ်စုမီဒီယာတို့က အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်အား "ခေတ်သစ် ဟစ်တလာ"ဟု အမည်သညာ တပ်ခဲ့၏။ ဤသို့ အမည်သညာ တပ်ခဲ့သည်မှာလည်း အကြောင်းမဲ့ မဟုတ် တန်ရာချေ။

ကမ္ဘာ့သမိုင်းတွင် ဟစ်တလာသည် ဘဝအခြေခံ ခိုင်မာခြင်း မရှိဘဲ၊ မရှုယ်ဘဲ စော်ကဲ မင်းဖြစ်ကိန်း ကြုံခဲ့သူ။ ရက်စက်မှုပေါင်း သရဖူဆောင်းပြီး ဇာတ်သိမ်းမလှသူအဖြစ် ထင်ရှားခဲ့၏။

ဩဇာတိက္ကမ ကြီးမားစဉ်က အာဏာရမ္မက်ဇောဖြင့် လုပ်သင့် မလုပ်သင့်သည့် အလုပ်များကို လုပ်ခဲ့၏။ ထို့ကြောင့် သမိုင်း စာမျက်နှာတွင် အမည်းစက်ထင်၍ နာမည်ဆိုးဖြင့် ကျော်ကြားခဲ့၏။

အချို့ သမိုင်းဆရာတို့က ဟစ်တလာအား ဒုတိယကမ္ဘာစစ်၏ စစ်တရားခံအဖြစ်ပင် သတ်မှတ်ခဲ့၏။

ဆက်ဒမ်ဟူစိန်ကိုမူ အဘယ့်ကြောင့် 'ခေတ်သစ်ဟစ်တလာ' ဟု သတ်မှတ်ခဲ့သနည်း။

တစ်ခုရှိသည်က ဆက်ဒမ်ဟူစိန်၏ ဘဝမှာ ဟစ်တလာနှင့်



www.burmeseclassic.com

www.burmeseclassic.com



မတွေ့သည်ကတော့ အမှန်ပင်။ ဟစ်တလာကား အဖေအမည် မဖော်နိုင်ခဲ့သူ။

ဆက်ဒမ်ဟူစိန်ကမူ ဤသို့မဟုတ်။

ဆက်ဒမ်ဟူစိန်သည် အီရတ်နိုင်ငံသားစစ်စစ် ဖြစ်၏။ ဆက်ဒမ်နှင့် ပတ်သက်၍ တီကလစ်မြို့ကို မွေးရာဇာတိဟု ပြောခဲ့ကြသော်လည်း တီကလစ်မြို့ပေါ်တွင် မွေးခဲ့သူမဟုတ်။

တီကလစ်မြို့၏ ဆင်ခြေဖုံးတွင် ဆက်ဒမ်ဟူစိန်အား မွေးခဲ့သည်။ တစ်ခုရှိသည်က ဆက်ဒမ်သည် မွေးကတည်းက မွေးချင်းများနှင့် မတူ။ ပြတ်သားခြင်း၊ ရဲရင့်ခြင်း၊ ရည်မှန်းချက်ကြီးမားခြင်းနှင့် ပြည့်စုံသည်။

သူက ငယ်စဉ်တောင်ကျေး ကလေးဘဝကတည်းက ရှေ့တန်းမှာ နေသည်။ ဦးစီးခေါင်းဆောင်အဖြစ် နေရာယူသည်။

"တစ်နေ့မှာ အီရတ်နိုင်ငံကြီးကို ငါကိုယ်တိုင် ဦးစီးပြီး ပြုပြင်ပြောင်းလဲပစ်မယ်"

"ဒါဆို မင်းမှာ အခက်အခဲတွေ၊ ဒုက္ခတွေ၊ အပျက်အစီးတွေကို မလွဲမသွေ ကြုံလာရမှာပေါ့"

"ဒါဟာ အဆန်းတကြယ် မဟုတ်ပါဘူး။ အလုပ်တိုင်းမှာ အခက်အခဲနဲ့ အပျက်အစီး ဆိုတာကို ရင်ဆိုင်ရမှာပဲ။ ဒါဟာ စိုးရိမ်ရမယ့်ကိစ္စမဟုတ်ဘူး။ ရင်ဆိုင်ဖြေရှင်းရမယ်။ ခလုတ်တံသင်းဖြစ်ရင် ရှင်းပစ်ရမယ်"

လွန်ခဲ့သည့် ဆယ်စုနှစ် သုံးခုကျော်က ဆက်ဒမ်၏ ဘဝပုံရိပ်ဖြစ်သည်။ သူက ရည်မှန်းချက် ကြီးမားသူဖြစ်သလို ကြိုးစားသူလည်း ဖြစ်သည်။

သူကိုယ်တိုင် အီရတ်နိုင်ငံအား ပုံပိုးခြယ်လှယ်နိုင်ခွင့် ရရှိစေရန်



www.burmeseclassic.com

www.burmeseclassic.com



အစဉ်ကြိုးစားခဲ့သလို၊ သူ၏ တိုးတက်မှုနှင့် နိုင်ငံ၏ တိုးတက်မှု အတွက်ဆိုလျှင် ဆက်ဒမ်သည် အစိမ်း၊ အကျက်၊ သာမန်လူ၊ ရင်းနှီးသူ၊ ဆွေမျိုး၊ မိတ်ဆွေဟူ၍ ခွဲခြားနေသူ မဟုတ်။

အရာရာကို ပြတ်ပြတ်သားသား ဖြတ်သန်းရှင်းလင်းသည်။

"ဆက်ဒမ်ဟာ သူ အာဏာရရေးအတွက် ကြိုးပမ်းတဲ့ နေရာမှာ သူ့အတွက် မလွဲမသွေ စတေးသင့်သူကို စတေးခဲ့တယ်"

ဟု အနောက်အုပ်စုမီဒီယာတို့က ဖော်ညွှန်းထောက်ပြကြ၏။ အနောက်နိုင်ငံများ၏ မှတ်တမ်းများတွင် ဆက်ဒမ်သည် ကျားရဲတစ်ကောင်နှယ် ဖြေရှင်းသုတ်သင်သည့်နေရာတွင် သူတကာနှင့် မတူအောင် ပြတ်သားလှ၏။

"တော်လှန်ရေးကာလမှာ တော်လှန်ရေးကို အဖျက်အနှောင့် လုပ်ရင် ရှင်းလင်းရတာ ဓမ္မတာပဲ။ ဒါဟာ ဆင်တစ်ထောင် လွတ်မြောက်ရေးအတွက် ဆိတ်တစ်ကောင်ကို စတေးတဲ့ သဘောပဲ"

ဟု ဆက်ဒမ်က ပြောသည်။

ဆက်ဒမ်က တော်လှန်ရေးကို အဟန့်အတားပြုသူဟု ယူဆလျှင် ပြတ်သားစွာ ရှင်းလင်းပစ်သည်။ ဆက်ဒမ်ကိုယ်တိုင် ဖြေရှင်းရာတွင် ဆွေမျိုးသားချင်းများလည်း ပါသည်။

ဆက်ဒမ်သည် မိမိ၏ သားမက်ကိုပင် တော်လှန်ရေးနှင့် ပတ်သက်၍ ညှာသူမဟုတ်။

"တော်လှန်ရေး အောင်မြင်မှုအတွက် ရှင်းလင်းရေးဟာ အလိုအပ်ဆုံး အရာပဲ"

ဟု သူက ပြောသည်။

သူ၏ လုပ်ဖော်ကိုင်ဖက်များက "သမ္မတကြီးဟာ တိုင်းပြည် မျက်နှာ၊ လူမျိုးမျက်နှာက လွဲလို့ ဘာမှ မကြည့်ဘူး။ သူ့ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ထာဝရကြီးစိုးနေတာက တော်လှန်ရေးသဓ္ဓေနဲ့ အီရတ်နိုင်ငံ တိုးတက်ရေးပဲ ဖြစ်တယ်" ဟု ပြောဆိုကြသည်။

မှန်သည်။

ဒါက အမှန်ပင်။

"ကျုပ်ကို အနောက်အုပ်စုက ဘယ်လိုပဲ ဝေဖန်ကြပါစေ၊ ကျုပ် ဂရုမစိုက်ဘူး။ ဒါဟာ အရေးပါတဲ့ကိစ္စ မဟုတ်ဘူး။ အရေးကြီးတာက ခုအချိန် အီရတ်မှာ တော်လှန်ရေး လုပ်နေတယ်။ တော်လှန်ရေး အောင်မြင်မှုအတွက်သာ အဓိကပဲ"

ဆက်ဒမ်က တော်လှန်ရေးနှင့် ပတ်သက်၍ ပြတ်သားသည်။ ငဲ့ကွက်ထောက်ထားခြင်းလည်း မရှိ။

ထို့ကြောင့် အနောက်အုပ်စုက ဆက်ဒမ်အား "ဘဂ္ဂဒက်သားသတ်သမား"ဟု ကမ္ဘည်းတပ်သည်။

ပြီးတော့ "သွေးဆူနေသည့် အာဏာရှင်"ဟု ဆို၏။

ဆက်ဒမ်က အပြုံးမပျက်ခဲ့။

⊙ ⊙ ⊙



www.burmeseclassic.com

www.burmeseclassic.com

# ခုနစ်
# ဆက်ဒမ်ဟူစိန်နှင့် အီရတ်နိုင်ငံသမိုင်း

ဆက်ဒမ်ဟူစိန်၏ အကြောင်းကို ပြောလျှင် အီရတ်သမိုင်းကြောင်းကို ချန်လှပ်ထားလို့ မရ။ ဆက်ဒမ်နှင့် အီရတ်နိုင်ငံသမိုင်းသည် ဆက်စပ်နေ၏။ ဆက်ဒမ်နှင့် အီရတ်သမ္မတနိုင်ငံက ခွန်တွဲနေသောကြောင့် ဖြစ်၏။

စင်စစ်မူ အီရတ်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသ၏ သမိုင်းဝင် မက်ဆိုပိုတေးမီးယားဒေသတစ်ခုလုံးနီးပါးပေါ်တွင် တည်ရှိနေ၏။

အီရတ်နိုင်ငံ၏ အနောက်ဖက်တွင် ဂျော်ဒန်၊ ဆီးရီးယား၊ မြောက်ဖက်တွင် တူရကီ၊ အရှေ့တွင် အီရန်နှင့် တောင်ဖက်တွင် ကူဝိတ်နှင့် ဆော်ဒီအာရေးဗီးယားနိုင်ငံတို့ ရှိ၏။

အီရတ်နိုင်ငံ၏ အကျယ်အဝန်းမှာ (၁၆၇၉၇၅) စတုရန်းမိုင်ကျယ်ဝန်း၏။

လူဦးရေ သန်း (၂၀)ကျော် ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



အီရတ်နိုင်ငံ၏ သမိုင်းအကျဉ်းမှာ . .

မက်ဆိုပိုတေးမီးယားဟု ခေါ်ဆိုသည့် တိုက်ဂရစ်နှင့် ယူဖရေးတီးမြစ်ဝှမ်းသည် ကမ္ဘာပေါ်တွင် ယဉ်ကျေးမှု ရှေးအကျဆုံး ထွန်းကားရာများအနက် တစ်ခုအပါအဝင်ဟု ဆိုရမည်။

ဘီစီ (၃၀၀၀)က ရှိခဲ့သော ဆူမေးရီးယန်းမြို့ပြနိုင်ငံများတွင် ယဉ်ကျေးမှု စတင်ခဲ့သည်။ ထိုယဉ်ကျေးမှုကို ဆီးမိုက်နွယ် အက်ခါဒီးယန်းများ၊ ဘေဘီလုံးနီးယန်းများနှင့် ဘာဆီးရီးယန်းတို့က ပိုမို၍ တိုးတက်ဖွံ့ဖြိုးစေခဲ့၏။

သို့တစေ ပါရှား၊ ဂရိနှင့် အာရပ်များ၏ အောင်မြင်မှု နောက်ပိုင်းတွင် မက်ဆိုပိုတေးမီးယားသည် သီးခြားနိုင်ငံအဖြစ် မရပ်တည်နိုင်တော့ချေ။

အာရပ်တို့က ဘဂ္ဂဒက်မြို့ကို ထူထောင်၏။

ထိုအချိန်မှစ၍ ခလီဖများသည် ကြီးမားလှသော အင်ပါယာကြီးကို (၈)ရာစုနှင့် (၉)ရာစုများတွင် ကြီးစိုးခဲ့၏။ မွန်ဂိုနှင့် တူရကီတို့၏ အောင်မြင်မှုများက လူဦးရေ၊ စီးပွားရေး၊ ယဉ်ကျေးမှုဘဝနှင့် ရေသွင်းစနစ်ကို ပီပြင်လှစွာ ယုတ်လျော့သွားစေခဲ့သည်ဟု ဆိုရမည်။

အီရတ်နိုင်ငံအား ပထမကမ္ဘာစစ်အပြီး၌ နိုင်ငံပေါင်းချုပ်အသင်းကြီး၏ အမိန့်အရ ဗြိတိန်က အီရတ်ကို အုပ်ချုပ်ခဲ့၏။

(၁၉၃၂)ခုနှစ်တွင် ဘုရင်အုပ်စိုးသည့် နိုင်ငံအဖြစ်နှင့် လွတ်လပ်ရေးကို ရရှိခဲ့၏။

အာရပ်တော်လှန်ရေးက ဘုရင်စနစ်ကို ဖြိုဖျက်လိုက်သလို (၁၉၅၈)ခုနှစ်တွင် အီရတ်နိုင်ငံအား သမ္မတနိုင်ငံအဖြစ် ထူထောင်နိုင်ခဲ့၏။ ထိုစဉ်က အီရတ်နိုင်ငံ၏ နိုင်ငံခြားရေးဝါဒမှာ ဆိုဗီယက်ပြည်ထောင်စုဘက်သို့ ယိမ်းယိုင်နေခဲ့သည်ဟု ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ စက်မှုလုပ်ငန်း အမျိုးအပြားကို ပြည်သူပိုင် သိမ်းနိုင်ခဲ့၏။

မြေရှင်စနစ်သည် အီရတ်တွင် ချုပ်ငြိမ်းသွား၏။

(၁၉၆၈) ခုနှစ်။

ထိုနှစ်မှစ၍ အာဏာရ ဘာ့သ်အာရပ်ဆိုရှယ်လစ်ပါတီက အီရတ်နိုင်ငံအား အမိန့်ဒီဂရီနှင့် အုပ်ချုပ်ခဲ့၏။ ထို့အတူ ရုရှားနှင့် အီရတ်တို့ ပူးတွဲ၍၊ အကူအညီပေးရန် စာချုပ်တစ်ခုအား (၁၉၇၂) ခုနှစ်တွင် ချုပ်ဆိုနိုင်ခဲ့၏။

ထိုစာချုပ်၏ အကျိုးသက်ရောက်မှုအရ ရုရှားသည် လက်နက်ပေါင်းများစွာနှင့်အတူ အကြံပေး ထောင်ပေါင်းများစွာအား အီရတ်သို့ ပို့လွှတ်ခဲ့၏။

(၁၉၇၈)ခုနှစ် ကွန်မြူနစ် (၂၁)ဦးကို ကွပ်မျက်လိုက်ခြင်း၊ အနောက်နိုင်ငံများနှင့် ကုန်သွယ်လာခြင်းတို့က ကြားနေဝါဒကို ကျင့်သုံးလာကြောင်း ပိုမိုထင်ရှားသည်ဟု ဆိုရမည်။

တစ်ခုထူးခြားချက်မှာ ထိုထိုသောအကြောင်းများကြောင့် ဆိုဗီယက်ပြည်ထောင်စုနှင့် အီရတ်နိုင်ငံ၏ ဆက်ဆံရေးမှာ သိသိသာသာ တင်းမာလာခဲ့၏။

(၁၉၇၃)ခုနှစ်။

အာရပ်အစ္စရေးစစ်ပွဲ ဖြစ်ပွားခဲ့ရာ ဆီးရီးယားတပ်များအား ကူညီရန်အတွက် အီရတ်တပ်များအား စေလွှတ်ခဲ့၏။

ဆက်ဒမ်ဟူစိန်သည် အာဏာရလာခဲ့၏။

ယင်းသို့ ဆက်ဒမ်ဟူစိန် အာဏာရ၍ တစ်လခန့်အကြာတွင် အစိုးရသစ်အား အာဏာသိမ်းရန် ကြိုးပမ်းမည်ဟူသည့် သတင်းများ ထွက်ပေါ်လာခဲ့သလို ဆက်ဒမ်ဟူစိန်ဘဝတွင် ပထမဆုံး သွေးစွန်းသည့်



www.burmeseclassic.com

www.burmeseclassic.com



သန့်စင်ရှင်းလင်းမှုတစ်ခုအား မလွဲမသွေ ဆင်နွှဲခဲ့ရ၏။

ထို့ကြောင့် အီရန်က ကာဒ်များအား အကူအညီပေးနေမှုကို ဆိုင်းမဆင့် ဗုံမဆင့် ရပ်တန့်လိုက်၏။ ယင်းကြောင့် ကာဒ်တို့သည် သုံးဝရှုံးနိမ့်သည့် ဘဝကို ရောက်ရှိသွားခဲ့၏။

(၁၉၇၉) ခုနှစ်တွင် ကာဒ်သူပုန်များသည် သူတို့၏ ရပ်တန့်ထားသည့် စစ်ပွဲကို ပြန်လည်၍ ဆင်နွှဲလာခဲ့ပြန်ရာ ဆက်ဒမ် ဟူစိန်သည် အီရန်နိုင်ငံအတွင်း၌ ရှိသည့် ကာဒ်ကျေးရွာများကို ချေမှုန်းရန် အမိန့်ပေးခဲ့သည်။

ရက်စက်စွာ ဗုံးကြဲတိုက်ခိုက်မှုများ ဖြစ်ပေါ်ခဲ့၏။ ယင်းအတွက် အီရန်နှင့် အီရတ် ဆက်ဆံရေးသည် ပျက်ပြားသွားခဲ့၏။

သို့နှယ်ပင် အီရတ်နှင့် အီရန် ပိုင်းခြားထားသည့် ရှယ်အယ်လ် အာရပ်လေကြောင်းလမ်းအပေါ်၌ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှု အတွက် အငြင်းပွားခဲ့သလို၊ နှစ်နိုင်ငံအတွင်း တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ သည်မှာ (၁၀)လကြာ ကြိုကြားကြိုကြား ဖြစ်နေခဲ့၏။

(၁၉၈၀)ခုနှစ်။

(၁၉၈၀)ပြည့် စက်တင်ဘာလ (၂၂)ရက်နေ့။

အီရတ် ဗုံးကြဲတိုက်လေယာဉ်များက တီဟီရန်လေဆိပ် အပါအဝင် အီရန်လေဆိပ် ဆယ်ခုအား ဗုံးကြဲတိုက်ခိုက်ခဲ့သဖြင့် အီရန်အီရတ်စစ်ပွဲ စတင်ခဲ့၏။

အီရန်လေယာဉ်များကလည်း အီရတ်စစ်စခန်းနှစ်ခုအား ဗုံးကြဲတိုက်ခိုက်ခဲ့၏။ ယင်းနောက်တွင်မူ အဘာဒန်နှင့် ၎င်းနှင့် ကပ်နေသည့် ခိုရန်ရှားဆိပ်ကမ်းမြို့များတွင် မြေပြင်တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခဲ့၏။

အီရတ်ကလည်း အီရန်၏ ရေနံကြွယ်ဝမှု အချုပ်အခြာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည့် စူဇက်စတန်ဒေသကို ပြင်းထန်စွာ ထိုးစစ်ဆင် တိုက်ခိုက်ခဲ့၏။

ထို့အတူ (၁၉၈၂)ခုနှစ် မေလတွင် အီရတ်တပ်များသည် နယ်စပ်ကို ဖြတ်ကျော်၍ ပြန်လည်တိုက်ထုတ်ခြင်း ခံခဲ့ရ၏။

♀ ♀ ♀

(၁၉၈၁)ခုနှစ်၊ ဇွန်လ။

ဘက္ကဒက်မြို့အနီးတွင် ရှိသည့် နျူကလီးယား ဓာတ်ပေါင်းဖိုအား အစ္စရေးက ဖျက်ဆီးပစ်ခဲ့၏။

အစ္စရေးတို့ ဓာတ်ပေါင်းဖို ဖြိုဖျက်ရသည့် ရည်ရွယ်ချက်မှာ "အီရတ်တို့ အဏုမြူဗုံး ထုတ်လုပ်ရန် အသုံးချနိုင်သည်" ဟူ၍ ဖြစ်၏။

အီရန်အီရတ်စစ်ပွဲသည် (၁၉၈၄)ခုနှစ်အထိ မပြီးဆုံးခဲ့ချေ။ စစ်ပွဲအရှိန်မြင့်လာပြီး ပါရှန်ပင်လယ်ကွေ့အထိ ကျယ်ပြန့်ခဲ့၏။ ရေနံတင် သင်္ဘောကြီးများကိုလည်း အကြိမ်ပေါင်းများစွာ တိုက်ခိုက်ခဲ့၏။

(၁၉၈၇)ခုနှစ်။

(၁၉၈၇)ခုနှစ်၊ မေလ (၁၇)ရက်။

ထိုနေ့က ပါရှန်ပင်လယ်ကွေ့အတွင်း ကင်းလှည့်နေသည့် အမေရိကန် ဖရီးဂိတ်သင်္ဘော ယူအက်စ်အက်စ်စတာ့စ်အား အီရတ် လေယာဉ်များက ဗုံးကြဲတိုက်ခိုက်ခဲ့ရာ သင်္ဘောသား (၃၇)ဦး သေဆုံးခဲ့၏။

ထိုဖြစ်ရပ်နှင့် ပတ်သက်၍ အီရတ်က မတော်တဆ တိုက်ခိုက်မိခြင်းဖြစ်သည်ဟု ဆို၍ တောင်းပန်ခဲ့၏။

ယင်းအခိုက်တွင် အီရန်အီရတ်စစ်ပွဲသည် အရှိန်မြင့်နေဆဲ ဖြစ်သဖြင့် ကုလသမဂ္ဂမှ ကြားဝင်ရ၏။

အပစ်အခတ် ရပ်စဲရေးနှင့် ပတ်သက်၍ ကုလသမဂ္ဂမှ ဆုံးဖြတ်မှုတစ်ခုပြုခဲ့ရာ အီရတ်တို့မှ လက်ခံခဲ့သဖြင့် ပြင်းထန်နေသည့်



www.burmeseclassic.com

အီရတ်အီရန်စစ်ပွဲမှာ (၁၉၈၈)ခုနှစ် ဩဂုတ်လတွင် ပြီးဆုံးသွားခဲ့၏။

♀ ♀ ♀

(၁၉၉၁)ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့။

ထိုနေ့တွင် ဆက်ဒမ်ဟူစိန် ဦးဆောင်သည့် အီရတ်တပ်မတော်သည် ကူဝိတ်အား ကျူးကျော်တိုက်ခိုက် သိမ်းယူမှု ပြုခဲ့၏။ ထိုအဖြစ်က ပြဿနာမီး စတင်တောက်လောင်ခြင်းဟု ဆိုရမည်။

ယင်းသို့ အီရတ်မှ ကူဝိတ်သို့ ကျူးကျော်တိုက်ခိုက်ခြင်း ပြုခဲ့သဖြင့် နိုင်ငံတကာ အရေးအခင်းတစ်ရပ်နှင့် အီရတ် ရင်ဆိုင်ခဲ့ရ၏။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ ကြေညာချက်တစ်ရပ် ထုတ်ခဲ့၏။ ကူဝိတ်နိုင်ငံမှ အီရပ်တပ်များ ရုပ်သိမ်းပေးရန် ဖြစ်၏။ နောက်ဆုံး ရုပ်သိမ်းပေးရမည့် ရက်ကိုလည်း သတ်မှတ်ခဲ့၏။

ဆက်ဒမ်ဟူစိန်က လိုက်နာခြင်း မရှိခဲ့။

ထို့ကြောင့် အမေရိကန်ပြည်ထောင်စု ဦးဆောင်သည့် နိုင်ငံစုံတပ်များက အီရတ်နိုင်ငံအား ဒုံးကျည်နှင့် တိုက်ခိုက်ခြင်း စတင်ခဲ့၏။

နိုင်ငံစုံတပ်ဖွဲ့မှ အီရတ်ကို ဒုံးကျည်နှင့် တိုက်ခိုက်သကဲ့သို့ ဆက်ဒမ်ဟူစိန် ဦးဆောင်သည့် အီရတ်တပ်ဖွဲ့က လက်တုံ့ပြန်သည့် အနေနှင့် ဆော်ဒီအာရေးဗီးယားနှင့် အစ္စရေးတို့အား စကာ့ဒ် ဒုံးကျည်နှင့် ပစ်ခတ်တိုက်ခိုက်ခဲ့၏။

နိုင်ငံစုံတပ်ဖွဲ့ကလည်း ကူဝိတ်နိုင်ငံ လွတ်မြောက်ရေးအတွက် ဖေဖော်ဝါရီလ (၂၇)ရက်နေ့တွင် မြေပြင်စစ်ပွဲကို စတင်ဆင်နွှဲရာ အီရတ်တပ်ဖွဲ့သည် အနည်းငယ်မျှသာ ခုခံတိုက်ခိုက်ခဲ့သဖြင့် (၄)ရက် အကြာတွင် နိုင်ငံစုံတပ်ဖွဲ့မှ အောင်ပွဲရ၏။

ထိုစစ်ပွဲတွင် အီရတ်လူမျိုး (၁၇၅၀၀၀)ကျော်အား အကျဉ်းသား



www.burmeseclassic.com

အဖြစ် ဖမ်းဆီးရမိပြီး၊ (၈၅၀၀၀)ကျော် သေကျေခဲ့သည်ဟု မှတ်တမ်းရှိ၏။

အပစ်အခတ် ရပ်စဲရေး သဘောတူညီမှု ရခဲ့သလို၊ တစ်စိတ်တစ်ဒေသအရ အီရတ်နှင့် ကုလသမဂ္ဂတို့ သဘောတူညီမှုများ ယူခဲ့ကြ၏။

ယင်းသဘောတူညီချက်က . .

၁။ အီရတ်တို့အနေနှင့် ၎င်းတို့၏ အဆိပ်ငွေ့နှင့် ပိုးမွှားလက်နက် (ရောဂါပိုးလက်နက်)များ အားလုံးဖျက်သိမ်းပစ်ရန်။

၂။ ကုလသမဂ္ဂမှ လေ့လာသူများက လာရောက်စစ်ဆေးသည်ကို စစ်ဆေးခွင့် ပြုရန်။

စသည်တို့ ဖြစ်သည်။ ထိုအချက်များနှင့်အတူ "ယင်းအချက်အလက်များအား အီရတ်က လိုက်နာဆောင်ရွက်ပြီးသည့် အချိန်အထိ ကုလသမဂ္ဂ၏ ကုန်သွယ်ရေး ပိတ်ဆို့မှုအာဏာ တည်နေမည်" ဟု ပါရှိ၏။

♀ ♀ ♀

သို့သော် အီရတ်နှင့် ကုလသမဂ္ဂကြားတွင် ပြဿနာရှိခဲ့ပြန်၏။ ထိုပြဿနာက အခြားမဟုတ်။

(၁၉၉၂)ခုနှစ်၊ ဇူလိုင်လ (၅)ရက်နေ့တွင် ကုလသမဂ္ဂစစ်ဆေးရေးအဖွဲ့ အီရတ်သို့ ရောက်ရှိလာပြီး ဘဂ္ဂဒက်ရှိ ဝန်ကြီးဌာနတစ်ခုအား ဝင်ရောက်စစ်ဆေးရန် ခွင့်ပြုချက် တောင်းခံသည့်အခါ ငြင်းဆန်ခဲ့ခြင်းပင် ဖြစ်သည်။

သို့ဖြင့် တင်းမာမှုများ ဖြစ်ပွားခဲ့ရသလို မပြေလည်မှုများကတစ်နေ့တခြား မြင့်မားလာခဲ့၏။

သို့တစေ နောက်ဆုံးတွင်မူ ဇူလိုင်လ (၂၆)ရက်နေ့၌ စစ်ဆေး



www.burmeseclassic.com

www.burmeseclassic.com



ရေးအဖွဲ့အား ဝင်ရောက်ရှာဖွေခွင့် ပြုခဲ့ရ၏။ စစ်ဆေးရေးအဖွဲ့မှ စစ်ဆေးရာ လက်နက်နှင့် ပတ်သက်သည့် အထောက်အထား စိုးစဉ်းမျှ တွေ့ခြင်း မရှိ။

(၁၉၉၂) ခုနှစ်ကုန်လုဆဲကာလ။

ထိုကာလသည် သမ္မတ ဘုရှ် အိမ်ဖြူတော်မှ ထွက်ခွာရန် နိုင်းပြင်းရ၏။

သမ္မတ ဘုရှ်၏ အိမ်ဖြူတော်သက်တမ်း ကုန်လုပြီ။

ထိုစဉ် ဆက်ဒမ်ဟူစိန်သည် သမ္မတ ဘုရှ်အား သွေးတိုးစမ်းမှုတစ်ခု ပြုလုပ်ခဲ့၏။ ထိုသွေးတိုးစမ်းမှုက အခြားမဟုတ်။ (၃၂) မျဉ်းပြိုင် လေယာဉ်မပျံသန်းရဇုန် အောက်ဖက်တွင် အီရတ်စစ်လေယာဉ်များက ဝင်ရောက်ပျံသန်းခဲ့ခြင်း ဖြစ်၏။

ဆက်ဒမ်သည် အီရတ်တွင် ဒုံးကျည်စခန်းများ ဖွင့်လှစ်လာ၏။ ယင်းသမို့ အီရတ်၏ ဒုံးကျည်စခန်းများအား ရွှေ့ပြောင်းပေးရန် အမေရိကန်၊ ပြင်သစ်၊ ဗြိတိန်နှင့် ရုရှားတို့က ရာဇသံပေးခဲ့၏။

ဆက်ဒမ် လိုက်နာခြင်းမရှိ။

ထို့ကြောင့် (၁၉၉၃)ခုနှစ်၊ ဇန်နဝါရီလ (၁၃)ရက်နေ့ နံနက်တွင် နိုင်ငံစုံမှ လေယာဉ် အစင်းပေါင်း (၁၀၀)ကျော်သည် အီရတ်လေယာဉ် မပျံသန်းရရေးဇုန်အနီးရှိ ဒုံးကျည်စခန်းများနှင့် ထိန်းချုပ်ကွပ်ကဲရေးစခန်းများကို တိုက်ခိုက်ခဲ့၏။

ဇန်နဝါရီလ (၁၇)ရက်နေ့ ညတွင်မူ ဘဂ္ဂဒက်အား ဒုံးကျည်ဖြင့် အမေရိကန်ပြည်ထောင်စုက တိုက်ခိုက်ခဲ့၏။

အီရတ်နိုင်ငံသည် ကုလသမဂ္ဂနှင့် IMF .110 အာရပ်အဖွဲ့ချုပ်၊ အိုပက်အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံလည်း ဖြစ်သည်။

⊙ ⊙ ⊙



www.burmeseclassic.com

www.burmeseclassic.com

## ၅၆
## ဆက်ဒမ်ဟူစိန်နှင့် အာခံငြင်းဆန်ခြင်း

"လူသားအချင်းချင်း စာနာထောက်ထားမှုတွေ ရှိနေတယ်ဆိုရင် ပိတ်ဆို့မှုဆိုတာတွေကို ရပ်ဆိုင်းရမယ်။ ပိတ်ဆို့မှုကြောင့် အီရတ်ကလေးငယ်များစွာ ဒုက္ခရောက်ရတာကို မသိကြဖူးလား"

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ပိတ်ဆို့မှုများအပေါ် ဆက်ဒမ်က ဝေဖန်လိုက်ခြင်း ဖြစ်သည်။ နောက်ဆုံးတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှ အီရတ်နိုင်ငံအပေါ် စီးပွားရေး ပိတ်ဆို့မှုအား ရုပ်သိမ်းရန် ပြန်လည်သုံးသပ်ခြင်းများ ပြုလုပ်ခဲ့သည်။

ကုလနှင့် အီရတ် နားလည်မှုယူကာ စစ်ဆေးမှုများ ပြုလုပ်ရန် စီစဉ်ခဲ့သည်။ သို့တစေ ထိုနားလည်မှုသည် ခေတ္တခဏသာ ဖြစ်၏။

မကြာမီ ဆက်ဒမ်က စစ်ဆေးရေးအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်မှုအား ရပ်ဆိုင်းပစ်ရန် ကြေညာခဲ့သည်။ ထို့ကြောင့် ဆက်ဒမ်အား ခုတစ်မျိုး၊ ခုတစ်မျိုး လုပ်သည်ဟု ဆိုကြသည်။

သို့သော် ဆက်ဒမ့်ဘက်ကလည်း အကြောင်းပြချက် နိုင်
သည်ဟု ဆိုရမည်။



www.burmeseclassic.com

www.burmeseclassic.com



"ကုလရဲ့ စစ်ဆေးရေးအဖွဲ့တွေကို အသေအချာ သုံးသပ်လိုက်တဲ့အခါ အမေရိကန်လူမျိုး သူလျှိုတွေနဲ့ စုံထောက်တွေ ပါနေတာကို တွေ့ရတယ်။ ဒါကြောင့် ပူးပေါင်းဆောင်ရွက်ချက်တွေကို ရပ်ဆိုင်းဖို့ ဆုံးဖြတ်လိုက်တယ်"

ဟု ဆက်ဒမ်အစိုးရအဖွဲ့က အောက်တိုဘာ (၃၁)ရက်နေ့တွင် ကြေညာချက် ထုတ်ပြန်ခဲ့၏။

စင်စစ်မူ သမ္မတ ဆက်ဒမ်ဟူစိန် ဦးဆောင်သော တော်လှန်ရေး ဦးစီးကောင်စီနှင့် အာဏာရ ဘာ့သ်ပါတီ၏ ဒေသဆိုင်ရာ ဦးစီးကောင်စီတို့ ပူးတွဲစီစဉ်မှုကြောင့် ဤသို့ ထုတ်ပြန်ကြေညာနိုင်ခဲ့ခြင်း ဖြစ်၏။

ထိုကြေညာချက်တွင် ဆက်ဒမ်က . .

"ရှင်းရှင်းပြောရရင် ကုလသမဂ္ဂ အထူးကော်မရှင်နဲ့ မိဒီကော်မတီရဲ့ ဥက္ကဋ္ဌတို့ ပြုလုပ်တဲ့ ဆက်သွယ်မှုပုံစံအမျိုးမျိုးကို ဆိုင်းငံ့ထားလိုက်တာ ဖြစ်တယ်။ ပြီးတော့လဲ လက်နက်လေ့လာစောင့်ကြည့်ရေးကိုပါ လက်တွဲဆောင်ရွက်မှာ မဟုတ်ဘူး"

ဟု ပွင့်လင်းစွာ ဆို၏။ ယင်းအဆိုပြုချက်တို့သည် အသေအချာ ပြန်ကြည့်လျှင် ကုလသမဂ္ဂကို တိုးမြင့်ငြင်းဆန် အာခံလိုက်ခြင်း ဆိုပါလျှင် မှားမည်မဟုတ်ချေ။

သို့နှယ် ဆက်ဒမ်ဟူစိန်က ငြင်းဆန်ပယ်ဖျက်လိုက်သကဲ့သို့ ကုလသမဂ္ဂ လုံခြုံရေးကောင်စီကလည်း အောက်တိုဘာ (၃၁)ရက်နေ့မှာပင် ယင်းဆုံးဖြတ်ချက်ကို ပယ်ချခြင်း၊ ရှုံ့ချခြင်း ပြုလုပ်ခဲ့သလို ပြင်ဆင်ပေးရန် တောင်းဆိုခဲ့၏။

ဆက်ဒမ်နှင့် အီရတ်အစိုးရ၏ ဆုံးဖြတ်ချက်သည် လုံခြုံရေးကောင်စီမှ ချမှတ်ချက်များအား လည်းကောင်း၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် အီရတ် အစိုးရအကြား ဖေဖော်ဝါရီလက



www.burmeseclassic.com

www.burmeseclassic.com



လက်မှတ်ရေးထိုးခဲ့သည့် နားလည်မှု စာချွန်အား လည်းကောင်း ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းသာ ဖြစ်သည်ဟု ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံ (၁၅)နိုင်ငံ စလုံးက မှတ်ယူခဲ့ကြ၏။

"ဒါဟာ အီရတ်နိုင်ငံအနေနဲ့ ကုလသမဂ္ဂကို ပြောင်ပြောင်တင်းတင်း အာခံလိုက်တယ် ဆိုရင်လည်း မမှားပါဘူး"

ဟု လုံခြုံရေးကောင်စီဥက္ကဋ္ဌအဖြစ် တာဝန်ယူရသည့် ဗြိတိသျှကိုယ်စားလှယ် "ဂျာရမီဂရင်းစတော့စ်"က ပြောကြား၏။

ဗြိတိသျှ နိုင်ငံခြားရေးဝန်ကြီး "ရောကင်လွတ်စ်"ကလည်း

"ဆက်ဒမ်နဲ့ အီရတ်အစိုးရဟာ ကုလသမဂ္ဂက ဦးဆောင်ပြုလုပ်တဲ့ လက်နက်စစ်ဆေးမှုတွေကို အဆင်ပြေမှု မရှိအောင် အခုလိုကလန်ကဆန်လုပ် အာခံနေမယ်ဆိုရင် အဲဒီလို အာခံတဲ့ နိုင်ငံကိုလေကြောင်းက ထိုးစစ်ဆင် တိုက်ခိုက်ဖို့ အနောက်နိုင်ငံ၏ တရားဥပဒေ အကြောင်းပြချက်တွေ ရှိတယ်"

ဟု နိုဝင်ဘာ (၅)ရက်နေ့က သတိပေး ပြောကြားခဲ့သည်။

♀ ♀ ♀

ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေနှင့် အီရတ်နိုင်ငံ၏ ငြင်းဆန်အာခံမှုအား ပြစ်တင်ဝေဖန်ရန် နိုဝင်ဘာ (၄)ရက်နေ့က ဆုံးဖြတ်ချက် မူကြမ်းတစ်ရပ် ချရန် ဆုံးဖြတ်ခဲ့၏။

သို့ရာတွင် ယင်းချမှတ်သည့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်မူကြမ်းတွင် စစ်ရေးအရ အရေးယူမှု မှန်သမျှ ပါဝင်ခြင်း မရှိခဲ့ပေ။

ယခုနှစ် အစောပိုင်းက ချမှတ်ခဲ့သည့် ကုလသမဂ္ဂ ဆုံးဖြတ်ချက်တစ်ရပ်တွင်မူ လိုအပ်ပါက လိုအပ်လျှင် လေကြောင်းမှ ထိုးစစ်ဆင်တိုက်ခိုက်ရန် တရားဥပဒေအရ ခိုင်လုံသည့် အကြောင်းပြချက်များ ပါဝင်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ ဆက်ဒမ်၏ အီရတ်အစိုးရအနေနှင့်မှ လက်နက်စစ်ဆေးမှုများနှင့် ပတ်သက်၍ ကုလသမဂ္ဂကို အာခံခဲ့ပြီးသည့်နောက်ပိုင်း အမေရိကန်ပြည်ထောင်စုအနေနှင့် စစ်ရေးအရ တိုက်ခိုက်လာနိုင်ဖွယ် ရှိသည်ဟု ယူဆခဲ့၏။

တိုက်ခိုက်လာလျှင် ရင်ဆိုင်နိုင်ရန်အတွက် နိုဝင်ဘာ (၅)ရက်နေ့တွင် အီရတ်ပြည်သူ့ စစ်အဖွဲ့ဝင်များကို အင်အားတိုးချဲ့ရန် စီစဉ်ခဲ့၏။

"ရန်သူက ရန်ပြုလာရင် တိုက်ခိုက်နိုင်ဖို့ ကျုပ်တို့ အသင့်ရှိနေရမယ်"

ဟု အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်က နိုးဆော်လိုက်၏။

"အမေရိကန်ဟာ ရန်သူဟောင်းဖြစ်လို့ အချိန်မရွေး အီရတ်ကို ရန်ပြုနိုင်တယ်"

ဟု ဆိုသည်။

ယင်းကဲ့သို့ပင် အီရတ်နိုင်ငံ၏ အာဏာရပါတီဖြစ်သည့် ဘာ့သ်ပါတီသည် လူထုစည်းဝေးပွဲများ၊ ညီလာခံများနှင့် ဆန္ဒပြပွဲများကို စည်းရုံးကျင်းပခြင်းများ ပြုလုပ်ခဲ့၏။

ထို့အတူ အီရတ်အမျိုးသား စေတနာ့ဝန်ထမ်း တိုက်ခိုက်ရေးသမားများ စုစည်းနိုင်ရန်လည်း စီစဉ်ခဲ့သည်။

ယင်းကဲ့သို့ပင် အီရတ်နိုင်ငံပိုင် ရုပ်မြင်သံကြားကလည်း အီရတ်နိုင်ငံ တစ်နိုင်ငံလုံးရှိ မြို့ရွာများနှင့် ပြည်သူလူထု တစ်ရပ်လုံးသို့ စုဝေးဆန္ဒပြနေမှုများကို ညနေခင်းတိုင်း ထုတ်လွှင့်ပြသခဲ့၏။

ယင်းစည်းဝေးပွဲများတွင် ဘာ့သ်ပါတီဝင်များက အီရတ်နိုင်ငံအပေါ် ထားရှိသည့် အမေရိကန်အစိုးရ၏ မှုမမှန်သော မူဝါဒများအား ပြစ်တင်ရှုတ်ချသည့် မိန့်ခွန်းများကို မိန့်ကြားခဲ့၏။

၎င်းအပြင် မကြာသေးမီက အီရတ်နိုင်ငံ၏ မြို့တော်ဖြစ်သည့်



www.burmeseclassic.com

www.burmeseclassic.com



ဘက္ကဒက်မြို့တွင် ဆန္ဒပြပွဲများ ကျင်းပခဲ့သလို၊ ကုလသမဂ္ဂမှ စေလွှတ်သည့် လက်နက်စစ်ဆေးရေးမှူးများအား အီရတ်နိုင်ငံတွင်းမှ နှင်ထုတ်ရန် တောင်းဆိုမှုများ ပြုခဲ့၏။

ထိုမှ့မက လက်နက်စစ်ဆေးရေးမှူးများအား သူလျှိုအဖြစ် စွပ်စွဲခဲ့ပြီး အမေရိကန်အလံနှင့် အစ္စရေးအလံများကို မီးရှို့ဆန္ဒပြမှုများ ပြုလုပ်ခဲ့ကြ၏။

လက်နက်စစ်ဆေးရေးကိစ္စများနှင့် ပတ်သက်၍ ကုလသမဂ္ဂနှင့် ထိပ်တိုက်ရင်ဆိုင်နေသည့် အီရတ်အပေါ် ရုရှားအစွန်းရောက် အမျိုးသားရေးဝါဒီ ဗိုင်ရင်နော့ဗ်စကီးက ထောက်ခံခဲ့သလို၊ ဆက်ဒမ်ကိုလည်း နို၀င်ဘာ (၃)ရက်နေ့တွင် ချီးကျူးစကား ပြောခဲ့၏။

"ဒီစီးပွားရေး ပိတ်ဆို့မှုဟာ တရားမျှတမှု မရှိတဲ့ ပိတ်ဆို့မှု ဖြစ်တဲ့အတွက် ယင်းပိတ်ဆို့မှုများနှင့် ကြုံတွေ့နေရသည့် အီရတ်နိုင်ငံကို မိမိ၏ ပါတီက အပြည့်အ၀ ထောက်ခံပြီး ရုရှားနိုင်ငံ၏ အမျိုးသားအင်အားစုအားလုံးကလည်း အီရတ်အစိုးရသဘောထားကို ထောက်ခံပါတယ်"

ဟု ဘက္ကဒက်တွင် သမ္မတ ဆက်ဒမ်ဟူစိန်နှင့် တွေ့ဆုံဆွေးနွေးခဲ့သူ ဗိုင်ရင်နော့ဗ်စကီးက ပြော၏။

(ရိုက်တာ)

⊙ ⊙ ⊙



www.burmeseclassic.com

www.burmeseclassic.com

## ကိုး

## ဆက်ဒမ်နှင့် စစ်ပွဲလွန်ကာလ လုပ်ကြံမှုများ

(၁၉၉၁)ခုနှစ်တွင် ပင်လယ်ကွေ့စစ်ပွဲသည် ပြီးဆုံးခဲ့၏။ ပင်လယ်ကွေ့စစ်ပွဲတွင် ဒုံးကျည်များ၊ ဗုံးများနှင့် ကျည်ဆံမိုးများ အတိုင်းအဆမရှိ ရွာသွန်းခဲ့သလို၊ စစ်ပွဲပြီးဆုံး၍ စစ်ပွဲလွန်ကာလတွင် လျှို့ဝှက်လုပ်ကြံမှုများကလည်း အစားထိုး တိုးဝင်ခဲ့သည်ကို တွေ့ရ၏။

အမေရိကန် လျှို့ဝှက်ထောက်လှမ်းရေးအဖွဲ့မှ အမေရိကန် သမ္မတ ဘုရှ်အား ဆက်ဒမ်ဟူစိန်က အကြမ်းဖက်သမားများနှင့် ပူးပေါင်းကာ လုပ်ကြံသတ်ဖြတ်ရန် ကြိုးစားကြံဆောင်ခဲ့ကြောင်း၊ သို့သော် အောင်မြင်မှု မရရှိခဲ့ကြောင်း ထုတ်ဖော်ပြောဆိုခဲ့၏။

ယင်းကဲ့သို့ပင် ဆက်ဒမ်ဟူစိန်ကလည်း အမေရိကန်သမ္မတ ဘုရှ်နှင့် အပေါင်းပါများသည် ဆက်ဒမ်ဟူစိန် ပြုတ်ကျရေးနှင့် လုပ်ကြံသတ်ဖြတ်ရေး အစီအစဉ်များကို ပြုလုပ်ခဲ့ကြကြောင်း အပြန်အလှန် စွပ်စွဲပြောဆိုချက်များက နိုင်ငံတကာ မဂ္ဂဇင်း၊ ဂျာနယ် စာမျက်နှာ များပေါ်တွင် မပြင်ချင်အဆုံး ဖြစ်ခဲ့ရ၏။

သို့သော် မည်သူမျှ ထမြောက်အောင် မပြုလုပ်နိုင်ခဲ့သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထိုသတင်းများ တဖြည်းဖြည်း ပျောက်ဆုံးသွားခဲ့၏။

စကားအဖြစ် တဖြည်းဖြည်း ပြယ်လွင့်သွားခဲ့ကြ၏။

ယင်းကဲ့သို့ပင် . .

♀ ♀ ♀

(၁၉၉၁)ခုနှစ် ပင်လယ်ကွေ့စစ်ပွဲအပြီးတွင် အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်အား လုပ်ကြံရန် အထင်ကရ စီစဉ်မှုတစ်ရပ်က ထင်ရှားစွာ ပေါ်ပေါက်ခဲ့၏။

ထိုအဖြစ်က အခြားမဟုတ်။

အစ္စရေး ကွန်မန်ဒိုများက အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်အား လုပ်ကြံသတ်ဖြတ်ရန် အစီအစဉ်ဖြစ်၏။

"ကျွန်တော်တို့ ဆက်ဒမ်ကို လုပ်ကြံဖို့ အမှန်တကယ် ကြိုးစားခဲ့တယ်"

ဟု အစ္စရေး ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ဖွင့်ဟ၏။

အစ္စရေးကွန်မန်ဒိုများသည် တိကျသူများ ဖြစ်သကဲ့သို့ သူတို့၏ လုပ်ကိုင်မှုအစီအစဉ်များကလည်း စနစ်တကျ ခိုင်မာသည်ဟု ပြောရပေလိမ့်မည်။ သို့သော် ယခုကိစ္စတွင်မူ။

"ကျွန်တော်တို့ ဆက်ဒမ်ကို လုပ်ကြံဖို့ စီစဉ်ခဲ့တာက ဆက်ဒမ်ရဲ့ ဦးလေးအသုဘမှာပဲ"

ဟု ပြောရေးဆိုခွင့်ရှိသူက ဆို၏။

"ကျွန်တော်တို့အနေနဲ့ ဆက်ဒမ်ကို သူ့ဦးလေး အသုဘမှာ လုပ်ကြံဖို့ကိစ္စကို စစ်ဆင်ရေးတစ်ခုအနေနဲ့ စီစဉ်ဆောင်ရွက်ခဲ့တာ။ ဒါပေမယ့် မအောင်မြင်ခဲ့ကြပါဘူး။ အကြောင်းကတော့ ဒီစစ်ဆင်ရေး အတွက် အထူးကွန်မန်ဒို ငါးဦးသေဆုံးသွားခဲ့လို့ပဲ"

ဟု ရှင်းပြ၏။



www.burmeseclassic.com

www.burmeseclassic.com



အစ္စရေးတို့သည် အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်အား လုပ်ကြံရန်အတွက် အစ္စရေးကွန်မန်ဒိုများကို အီရတ်ပိုင်နက်အတွင်းသို့ စေလွှတ်ခဲ့သည်။

"ဒီအကြံကို ကျွန်တော်တို့ တိကျခိုင်မာစွာ စီစဉ်ခဲ့တာပါ"

အစ္စရေးတို့သည် သူတို့၏ အစီအစဉ် အောင်မြင်စေရန်အတွက် အထူးအားထုတ်ကြိုးပမ်းခဲ့၏။

အစ္စရေးတို့ ရရှိသည့် သတင်းကလည်း တိကျလှ၏။

"ဆက်ဒမ်ဟာ သူ့ရဲ့ဦးလေးကို အတော်ချစ်တာ။ ဒါ့ကြောင့် ဆက်ဒမ်ဟာ သူ့ဦးလေး အသုဘကို မလွဲမသွေ ရောက်လာမှာပဲ။ သူဟာ ကိုယ်ရံတော်တွေနဲ့ ရောက်လာမှာဖြစ်ပေမယ့်၊ အသုဘ အခမ်းအနားမှာ ကိုယ်ရံတော်တွေ၊ တာဝန်ရှိ ပုဂ္ဂိုလ်တွေ၊ ဆွေမျိုးသားချင်းတွေ ဝိုင်းရံနေမှာ ဖြစ်ပေမယ့် ကွန်မင်ဒိုတွေအနေနဲ့ အဝေးမှ လှမ်းပစ်ပြီး လုပ်ကြံနိုင်ပါတယ်"

ဟု ပြော၏။ အစ္စရေးထောက်လှမ်းရေးအဖွဲ့သည် သတင်းကို မသွေမတိမ်း စုဆောင်းနိုင်၊ ထောက်လှမ်းနိုင်ခဲ့သည် မှန်သော်လည်း လုပ်ကြံမှုကိုမူ အောင်မြင်ထမြောက်အောင် မပြုလုပ်နိုင်ခဲ့ပေ။

♀ ♀ ♀

"ဆက်ဒမ်ကို ဘာကြောင့် အစ္စရေးတွေက အမုန်းပွား၊ အညှိုးထားနေတာလဲ။ သတ်ချင်လောက်အောင် ဖြစ်နေရတာလဲ"

ဟု မေးခွန်းထုတ်လျှင် အဖြေက ရှင်းနေသည်။ အမေရိကန်နှင့် အစ္စရေး ပတ်သက်ဆက်နွယ်မှုတစ်ခုကြောင့်ဟု ပြောရုံနှင့်လုံလောက်မည် မဟုတ်ချေ။

"ဆက်ဒမ်ကို လုပ်ကြံဖို့ စီစဉ်ဖြစ်တာက ပင်လယ်ကွေ့ စစ်ပွဲနဲ့ ပတ်သက်တယ်လို့ ဆိုရမယ်။ (၁၉၉၁)ခုနှစ်က ဖြစ်ပွားခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ကွေ့စစ်ပွဲမှာ အီရတ်တို့က အစ္စရေးနိုင်ငံထဲကို စကားဒ်ဒုံးကျည် (၃၉)လုံးတိတိ ပစ်ခတ်ခဲ့တယ်လေ”

“ဒါဟာ ဆက်ဒမ်ဟူစိန်ကို လုပ်ကြံသတ်ဖြတ်ဖို့ အကြောင်းတရားလား”

“အမှန်ပဲပေါ့။ အီရတ်ဟာ အမေရိကန်ရဲ့ ရန်သူ နံပါတ်တစ်ဖြစ်သလို၊ အစ္စရေးနိုင်ငံအတွက်လည်း ရန်သူ နံပါတ်တစ်လို့ ပြောလို့ရတယ်။ ဒါကြောင့် ကျွန်တော်တို့ ဆက်ဒမ်ကို အပြတ်ရှင်းဖို့ စီစဉ်ခဲ့ကြတာ”

“ခုလို မအောင်မြင်တော့ ဘယ်လိုခံစားရလဲ”

“ဒါဟာ ဆုံးရှုံးမှုပဲလေ။ ဒီဆုံးရှုံးမှုဟာ အစားထိုးမရတဲ့ ဆုံးရှုံးမှုဆိုရင်လည်း မမှားဘူး”

ဟု ဆိုသည်။

⊙ ⊙ ⊙



www.burmeseclassic.com

www.burmeseclassic.com

# တစ်ဆယ်
# ဆက်ဒမ်ဟူစိန်နှင့် စီအိုင်အေ

၁

ကမ္ဘာ့နိုင်ငံရေးဓာတ်ခုံတွင် အမေရိကန်တို့၌ ထူးခြားသည့် အလေ့အထ တစ်ခုရှိသည်။ ထိုအလေ့အထမှာ မိမိလုပ်ချင်သည့် ကိစ္စတစ်ခု ရှိလျှင် အကြောင်းပြချက်ကို ကြိုတင်ရှာဖွေထားသည့် အလေ့အထ ဖြစ်သည်။

သို့တစေ သူတို့ ရှာဖွေထားသည့် အကြောင်းပြချက်သည် လုံးဝမှန်ကန်ရန် မလို။ မှန်ခြင်း မမှန်ခြင်းထက် လူကြားကောင်းရုံ၊ အပြစ်မမြင်ရုံ အကြောင်းပြချက်သာ ဖြစ်ဖို့ လိုသည်။ ယင်းအကြောင်းပြချက်ကို အခြားနိုင်ငံများက ယုံကြည်ပြီး မိမိတို့အား ထောက်ခံလျှင် ကြီးစွာသော အောင်ပွဲရသည်ဟု အမေရိကန်တို့က ယုံကြည်ကြ၏။

သို့သော် အကယ်၍ မိမိတို့ ပြောကြားသည့် အကြောင်းပြချက်သည် ယုံဖွယ်ရာလည်း မရှိ။ မည်သူကမျှ ထောက်ခံခြင်း မရှိလျှင်လည်း အကြောင်းမဟုတ်။ အရေးတကြီး လုပ်ချင်သည်ကို ဆက်၍ လုပ်သွားတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၉၉၁)ခုနှစ်၊ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလ၌ အီရတ်အား အမေရိကန်တို့ တိုက်စဉ်က 'အီရတ်တို့သည် ကူဝိတ်အား ကျူးကျော်မှုကြောင့် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်နှင့် တိုက်သည်' ဟု အကြောင်းပြခဲ့၏။

ယင်းအကြောင်းပြချက်သည် မှန်ကန်သည်ဟု ဆိုရမည်။ အဘယ့်ကြောင့်ဆိုသော် အီရတ်သည် ကူဝိတ်အား ကျူးကျော်ခဲ့သည်။ အီရတ် ကျူးကျော်ဖြစ်အောင်လည်း အီရတ်တပ်များ ကူဝိတ်သို့ မဝင်မီ၊ မကျူးကျော်မီ၊ အီရတ်တို့ ကျူးကျော်ဖြစ်စေရန် အီရတ်နိုင်ငံအတွင်းသို့ ဝင်ပြီး ကူဝိတ်သို့ ကျူးကျော်ဖြစ်စေရန် တမင်လှွတ်၍ ကျူးသွင်းခဲ့၏။

ဒါကလည်း အကြောင်းမဲ့မဟုတ်။

အကြောင်းရင်း အခြေခံများ ရှိသည်။ ယင်းတို့ကား . .

၁။ အမေရိကန်ကို ဆန့်ကျင်ရန် ဆန္ဒပြင်းပြနေသည့် ဆန့်ကျင်ရေးစိတ်ဓာတ် ပြင်းပြနေသည့် အီရတ်သမ္မတ ဆက်ဒန်ဟူစိန်ကို ဖယ်ရှားရန်

၂။ အီရတ်နိုင်ငံတွင်း ရေနံများကို အပိုင်စီးရန်

၃။ အာရပ်မွတ်စလင်နိုင်ငံကို ဖြိုချပြီး ကျန်အာရပ်နိုင်ငံများအား ပုံစံပေးရန်

၄။ အစ္စရေးတို့ ပင်လယ်ကွေ့ဒေသ၌ အနေချောင်စေရန်

၅။ အီရတ်မှတစ်ဆင့် အရှေ့အလယ်ပိုင်းဒေသတစ်ခုလုံးအား အမေရိကန်တို့ ချုပ်ကိုင်စိုးမိုးထားနိုင်ရန်

စသည်တို့ ဖြစ်၏။

သို့သော် အမေရိကန်တို့သည် အစဉ်အမြဲ အဖြစ်မှန်နှင့်အခြေအနေမှန်ကို ဖုံးကွယ်ထားကြ၏။ အီရတ်မှ ကူဝိတ်သို့ ကျူးကျော်ရေး

www.burmeseclassic.com



ကိစ္စကို အကြောင်းပြ ရှေ့တန်းတင်ခဲ့၏။

ဤကား အမေရိကန်တို့၏ စိတ်ထားစရိုက် ဖြစ်၏။

ယင်းသို့ ဗိုလ်ကျစိုးမိုးရေးအား အစဉ်အမြဲ အောင်မြင် ထမြောက်စေရန် ပံ့ပိုးကူညီသည်က အမေရိကန် စီအိုင်အေ ဖြစ်၏။

စီအိုင်အေက ထောက်လှမ်းရေးလုပ်ရပ်နှင့် ထိုးစစ်ဆင်၏။ အမေရိကန် ပင်တဂွန် စစ်ဌာနချုပ်က စစ်ရေးအရ ဝင်တိုက်၏။

အီရတ်အား ပထမအကြိမ် ဝင်ရောက်တိုက်ခိုက်သည်က ရက်တိုတောင်း၏။ ရက်တိုတိုနှင့် စစ်ပွဲ ပြီးဆုံးသွား၏။ ယင်းသို့ ရက်တိုတိုနှင့် စစ်ပွဲ ပြီးသွားသဖြင့် အမေရိကန် သမ္မတ၏ အဓိက ရည်မှန်းချက်ဖြစ်သည့် ဆက်ဒမ်ဟူစိန် ဖြုတ်ချရေး၊ အီရန်နယ်မြေအား အပိုင်စီး ချုပ်ကိုင်နိုင်ရေး၊ ရေနံတွင်းများ အပိုင်စီးရေး ရည်မှန်းချက်သည် သဲထဲ ရေသွန်သလို အရာမထင်ခဲ့။ BURMESE CLASSIC

အီရတ်နိုင်ငံသည် စစ်ဒဏ်ကြောင့် ယိုယွင်းပျက်စီးသွားရုံ ကူဝိတ် လွတ်မြောက်သွားရုံသာ အကျိုးဖြစ်ထွန်းခဲ့၏။

♀ ♀ ♀

(၁၉၉၁) ခုနှစ်၊ အီရတ်စစ်ပွဲအပြီး အီရတ်နိုင်ငံအား ကုလ သမဂ္ဂမှ (ကူဝိတ်အား ကျူးကျော်ထားခိုက်) စီးပွားရေး ပိတ်ဆို့ အရေး ယူထားခြင်းကို ကူဝိတ်နိုင်ငံ လွတ်မြောက်သွားသည့်တိုင် အမေရိကန် အစိုးရမှ ကုလသမဂ္ဂတွင် ဗီတိုအာဏာ ဆုပ်ကိုင်ပြီး ဟန့်တား ထားသည်။

သည့်အတွက် အမေရိကန်တွင် အကြောင်းပြချက် ရှိ၏။ အကြောင်းပြချက်ကား . . .

"အီရတ်တွင် လူ့ အစုလိုက် အပြုံလိုက် သေစေသည့် လက်နက်များ ရှိနေသဖြင့်၊ ထိုလက်နက်များအား ရှာဖွေသိမ်းဆည်း



www.burmeseclassic.com

www.burmeseclassic.com



ချက်ဆီးပြီးမှ စီးပွားရေး ပိတ်ဆို့ အရေးယူမှုကို ရုပ်သိမ်းရန်” ဖြစ်သည်။

ယင်းစီးပွားရေး ပိတ်ဆို့မှုကို (၁၉၉၀)ပြည့်နှစ်မှ (၂၀၀၃)ခုနှစ်၊ မေလအထိ ထားရှိနိုင်ခဲ့၏။

စီးပွားရေး ပိတ်ဆို့မှု ဆယ်နှစ်ကျော်ကာလ ကြာသောအခါ အီရတ်တွင် အကျပ်အတည်း ဖြစ်တန်သလောက် ဖြစ်ခဲ့၏။ ဆေးဝါး၊ ရိက္ခာ မလုံလောက်သဖြင့် အီရတ် ကလေး သောင်းချီ၍ သေဆုံးခဲ့ရ၏။

အမေရိကန်တို့၏ တွက်ကိန်းသည် မမှန်ခဲ့။ အီရတ်ပြည်သူတို့သည် ဆက်ဒမ်ဟူစိန်အား ငြိုငြင်ခြင်း မရှိဘဲ၊ သမ္မတ ရွေးကောက်ပွဲ နှစ်ကြိမ်စလုံး ဆက်ဒမ်ဟူစိန်ကိုသာ သမ္မတအဖြစ် ဆက်လက်ထောက်ခံ ရွေးချယ်ခဲ့၏။

အီရတ်ပြည်သူတို့ ဆင်းရဲကျပ်တည်းရသည်မှာ အီရတ်ခေါင်းဆောင် ဆက်ဒမ်ဟူစိန်ကြောင့် မဟုတ်။ အမေရိကန်တို့၏ အကြောင်းမရှိ အကြောင်းရှာ တမင်သက်သက် နှောင့်ယှက်၍သာ ဖြစ်သည်ဟု နားလည်ကြ၏။

ထို့ကြောင့် အီရတ်တွင် အမေရိကန် ဆန့်ကျင်ရေးစိတ်ဓာတ် ပိုမိုမြင့်မားခဲ့၏။

နောက်တစ်ခု ရှိသေး၏။

အီရတ်နိုင်ငံ တောင်ပိုင်းရှိ နိုင်ငံလူဦးရေ ၆၀ ရာခိုင်နှုန်း ရှိသော ရှီးယားမွတ်စလင်တို့က ဆက်ဒမ်ဟူစိန်နှင့် ဆွန်နီမွတ်စလင်တို့အား ထောင်ထားခြားနားနေကြစေရန် အမေရိကန် စီအိုင်အေက သွေးထိုးလှုံ့ဆော်ပေးခဲ့သေး၏။

အီရတ်နိုင်ငံ မြောက်ပိုင်းတွင်လည်း ကာဒ်လူမျိုးများက ပုန်ကန်ခြားနားလျက် ရှိသည်။ ကာဒ်လူမျိုးတို့က အီရတ်နိုင်ငံ၊ အီရန်နိုင်ငံ၊ တူရကီနိုင်ငံ နယ်စပ်တွင် ဝင်ရောက်နေထိုင်ကြသည့် လူမျိုးများ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး၊ ယခင် ဆိုဗီယက်ပြည်ထောင်စုတွင်လည်း ရှိ၏။

ကာဒ်တို့က နယ်စပ်ဒေသများတွင် ခြေကုပ်ယူပြီး ရောက်ရာတွင် သီးခြားခွဲထွက်နိုင်ရန် ပုန်ကန်မှုများ ပြုကြသည်။ အီရန်၊ တူရကီ၊ အီရတ်တို့က အင်အားသုံး နှိပ်ကွပ်ကြ၏။ အမေရိကန် စီအိုင်အေက အီရတ် ကာဒ်များအတွင်း ဝင်ရောက်သွေးထိုးပေးသည်။ အီရတ်အစိုးရက နှိမ်နင်းလျှင် လူ့အခွင့်အရေး ချိုးဖောက်သည်ဟု ဝါဒဖြန့်သည်။ တူရကီအင်အားသုံး နှိပ်ကွပ်မှုကိုမူ ရေငုံနှုတ်ပိတ်နေခဲ့၏။

⊙ ⊙ ⊙



www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း သုံး

# အီရတ် အာမေရိကန်စစ်ပွဲ
# နှင့်
# ဆက်ဒမ်ဟူစိန် ပုံရိပ်

www.burmeseclassic.com

www.burmeseclassic.com

# ဆယ့်တစ်
# အီရတ် အမေရိကန်စစ်ပွဲ
# သို့မဟုတ်
# ကျူးကျော်စစ်ပွဲလော အငြိုးစစ်ပွဲလော

အီရတ်နှင့် အမေရိကန်သမိုင်းတွင် အထင်ကရစစ်ပွဲများ ရှိခဲ့ပြီ။

အမေရိကန်သမ္မတ 'ဂျော့ဘုရှ်' လက်ထက်တွင် ပင်လယ်ကွေ့စစ်ပွဲ ဖြစ်ခဲ့သလို၊ အမေရိကန်သမ္မတ 'ဂျော့ဒဗလျူ ဘုရှ်' (ဂျော့ဘုရှ်၏သား)၏ လက်ထက်တွင် အီရတ်စစ်ပွဲ ဖြစ်ခဲ့သည်။

ထူးခြားသည်က အမေရိကန်သမ္မတ 'ဂျော့ဘုရှ်' လက်ထက် ပင်လယ်ကွေ့စစ်ပွဲ၌ အီရတ်နိုင်ငံဘက်မှ ဦးဆောင်တိုက်ရသည့် ခေါင်းဆောင်သည် 'ဆက်ဒမ်ဟူစိန်' ဖြစ်ခဲ့သလို၊ 'ဂျော့ဒဗလျူဘုရှ်' လက်ထက် အီရတ်စစ်ပွဲတွင် အီရတ်ခေါင်းဆောင်အဖြစ် ဦးဆောင်တိုက်ခိုက်ရသူမှာလည်း 'ဆက်ဒမ်ဟူစိန်' ဖြစ်နေခြင်းပင်။

ဆက်ဒမ်ဟူစိန်သည် တုန်လှုပ်ချောက်ချားခြင်း မရှိ။

"ကျူးကျော်လာသူတွေကို နှိပ်ကွပ်တိုက်ခိုက်ဖို့ ကျုပ်တို့ အသင့် ရှိနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ဟာ ကာကွယ်စစ်၊ ခုခံစစ်ကို ဆင်နွှဲနေတယ်၊ ရဲရင့်မှုကြောင့် မြင့်မြတ်တဲ့ အောင်ပွဲကို ကျုပ်တို့ ရရှိလိမ့်မယ်"

"အမှန်တရားနဲ့ သစ္စာတရားက ကျုပ်တို့နှလုံးသားမှာ အမြဲရှိနေတယ်၊ ကျုပ်တို့ကို ကျူးကျော်စော်ကားလာသူတွေကို တိုက်ထုတ်ဖို့အတွက် အားတွေကို ဘုရားသခင်က ပေးအပ်မှာ ဖြစ်တယ်" ဟု ဆိုသည်။

♀ ♀ ♀

"အီရတ်ပြည်သူတွေနဲ့ အီရတ်တပ်မတော်မှာ ရိုးသားမှုတွေ အပြည့်ရှိတယ်"

ဆက်ဒမ်ဟူစိန်သည် အီရတ်နိုင်ငံ၏ ခေါင်းဆောင်၊ အီရတ်နိုင်ငံ၏ အကြီးအကဲဖြစ်သဖြင့် အီရတ်နိုင်ငံအား ကိုယ်စားပြု လုပ်ရပ်များကို သူ လုပ်သည်။

"အီရတ်နိုင်ငံကို ကာကွယ်ဖို့၊ အီရတ်နိုင်ငံ တိုးတက်ဖို့အတွက် ကျုပ်တို့ အမြဲစွမ်းဆောင်နေတယ်။ အီရတ်နိုင်ငံအတွက် ကျုပ်တို့ အီရတ်မြေပေါ်မှာ အမြဲရှိနေမယ်"

ဆက်ဒမ်ဟူစိန်က အီရတ်နိုင်ငံအတွက် မည်သည့် အခက်အခဲ၊ မည်သည့် အန္တရာယ်ကို မဆို ရင်ဆိုင်ရန် အသင့်ရှိနေခဲ့သည်။

ဆက်ဒမ်ကိုယ်တိုင်ကလည်း အီရတ်နိုင်ငံအတွက် အလုပ်လုပ်သလို၊ ရေနံ အပိုင်စီးရေးနှင့် ဗိုလ်ကျစိုးမိုးရေး လုပ်လိုသည့် အမေရိကန်ကို မုန်းတီးသည်။

ထို့ကြောင့် အမေရိကန် ဆန့်ကျင်ရေးလုပ်ငန်းများကို လုပ်သည်။

ယင်းသမို့ အမေရိကန်နှင့် ဆက်ဒမ်ဟူစိန်၏ အကြားတွင် အမုန်းတရားများက ရှိနေသည်။

ထိုအခါ အီရတ်နှင့် အမေရိကန် စစ်ပွဲများသည် ဖြစ်ပွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



**အီရတ်၊ အမေရိကန် ပထမစစ်ပွဲ**
**(ပင်လယ်ကွေ့စစ်ပွဲ)**

(၁၉၉၁) ခုနှစ်တွင် ဖြစ်ပွားသည့် စစ်ပွဲဖြစ်သည်။ အမေရိကန် ဦးဆောင်သည့် နိုင်ငံစုံတပ်ဖွဲ့နှင့် အီရတ်နိုင်ငံ ဖြစ်ပွားသည့် စစ်ပွဲဖြစ်သည်။

စစ်ပွဲဖြစ်ပွားရသည့် အကြောင်းသည် ကူဝိတ်နိုင်ငံအား အီရတ်မှ ကျူးကျော်သိမ်းပိုက်သောကြောင့်ဟု ဆိုသည်။

**အီရတ် အမေရိကန် ဒုတိယစစ်ပွဲ**
**(အီရတ်စစ်ပွဲ)**

(၂၀၀၃)ခုနှစ်၊ အမေရိကန်သမ္မတ 'ဂျော့ဒဗလျူဘုရှ်' လက်ထက်တွင် အမေရိကန်မှ စစ်ရေးအရ ဝင်ရောက်တိုက်ခိုက်ခြင်း ဖြစ်သည်။

စစ်ပွဲ ဖြစ်ပွားရခြင်း အကြောင်းရင်းသည် **အီရတ်**နိုင်ငံတွင် လူအများကို သေကြေပျက်စီးနိုင်သည့် ဓာတုလက်နက်များ ရှိနေသဖြင့် ထိုဓာတုလက်နက်၊ ပိုးမွှားလက်နက်များအား ဖျက်သိမ်းရန် ငြင်းဆန်သဖြင့် စစ်ရေးအရ **အရေးယူခြင်း** ဖြစ်သည်ဟု **ဆိုသည်**။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ သဘောတူညီမှုခွင့်ပြုချက် မရရှိဘဲ တိုက်ခိုက်သည့် စစ်ပွဲ ဖြစ်သည်။

အီရတ်မြေပေါ်တွင် စစ်ပွဲများ နှစ်ကြိမ်တိုင်တိုင် ဖြစ်ပွားခဲ့ခြင်းနှင့်အတူ စစ်ပွဲမှတ်တမ်းများကို သုံးသပ်လေ့လာကြည့်လျှင် ပကတိဖြူစင်ခြင်းများ နည်းပါးနေသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်တို့အနေနှင့် ဆက်ဒမ်ဟူစိန်နှင့် အီရတ်အနေနှင့် ကျူးကျော်သိမ်းပိုက်ခြင်းများ၊ ဓာတုနှင့် ပိုးမွှားလက်နက် (လူအများကို သေကြေပျက်စီးနိုင်သည့် လက်နက်များ သုံးစွဲနေသည်) ဟု အကြောင်းပြ စကား ဆိုခဲ့သော်လည်း ထိုဖြစ်ရပ်များ၊ ဖြစ်စဉ်များသည် အမေရိကန် တို့နှင့် ပတ်သက်မှုများ ရှိနေသကဲ့သို့၊ အမေရိကန်တို့အနေနှင့် ဖန်တီး ကြံစည်မှု များစွာ ပြုခဲ့သဖြင့် မဖြစ်သင့်သည်များ ဖြစ်ခဲ့ရသည်ဟု ဆိုလျှင်လည်း မှားမည်မဟုတ်ချေ။

ထို့ကြောင့် အမေရိကန်နှင့် အီရတ်တို့ကြားမှ ဖြစ်ပွားသည့် စစ်ပွဲများကို သုံးသပ်လျှင် အမေရိကန်တို့အနေနှင့် မည်သို့ပင် ပြောနေ ကြစေ၊ ကျူးကျော်စစ်ကို ဆင်နွှဲနေသည်ဟုလည်း ပြောၡရသလို၊ အငြိုးအတေးနှင့် ပြုလုပ်ဖန်တီးနေသည်ဟုလည်း ပြောၡရ၏။

အဘယ့်ကြောင့်ဆိုသော် အမေရိကန်နှင့် အီရတ်တို့ကြားတွင် မမှန်ကန်မှု အကြောင်းတရားများက ရှိနေသောကြောင့်တည်း။

⊙ ⊙ ⊙



www.burmeseclassic.com

www.burmeseclassic.com

## ဆယ့်နှစ်

## သမ္မတ ဂျော့ဒဗလျူ ဘုရှ်၏

## မဟာ့မဟာဗျူဟာ

အီရတ်နိုင်ငံနှင့် အီရတ်နိုင်ငံ၏ ဦးစီးခေါင်းဆောင် ဆက်ဒမ်ဟူစိန်နှင့် အမေရိကန်တို့ကြားတွင် ဖြစ်ပွားခဲ့သည့် စစ်ပွဲများကို သုံးသပ်လေ့လာလျှင် အမေရိကန်သမ္မတ ဂျော့ဒဗလျူ ဘုရှ်၏ မဟာဗျူဟာကိုလည်း ချန်လှပ်ထား၍ ရမည် မဟုတ်ပေ။

ယခုအခါတွင် အမေရိကန်သမ္မတကြီး ဘုရှ်သည် နေ့ညမပြတ် အီရတ်အရေးကိုသာ အတွေးအိမ်ဖွဲ့နေခဲ့သည်။ ဒီဇင်ဘာ (၁၀)ရက်နေ့တွင် U . S New Strategy၊ အမေရိကန် မဟာဗျူဟာသစ်ဟု ခေါ်သည့် Bush Doctrine၊ ဘုရှ် အယူဝါဒသစ် (သို့မဟုတ်) အတွေးအမြင်သစ်ကို ဖော်ထုတ်ခဲ့သည်။

ထိုအတွေးအမြင်သစ်က အခြားမဟုတ်။

**"အကြမ်းဖက် အဖျက်မှန်သမျှ လက်ဦးမှုနှင့် တိုက်ခိုက်ကြ"** ဟု ဖြစ်၏။ သဘောထားက ရှင်းသည်။ "ဘယ်နေရာ၊ ဘယ်ဒေသတွင်မဆို အမေရိကန်ကို အကြမ်းဖက် တိုက်ခိုက်မယ့်ပုံ ပေါ်ရင် အရိပ်



www.burmeseclassic.com

www.burmeseclassic.com



လက္ခဏာ ရှိရင်၊ တစ်ဖက်က မလှုပ်ရှားခင် ကိုယ်က ဦးအောင် ကျူးပင်ခုတ် ကျူငုတ်မကျန် မြေလှန်ပစ်တဲ့ နည်းလို့ ဆိုတယ်"

အမေရိကန်သမ္မတကြီး ဘုရှ်သည် ထိုကြေညာချက်ကို ကြေညာပြီး တစ်ပတ်အကြာတွင် ဒုံးပျံကာကွယ်ရေးစနစ် (Missile Defence System)အား (၂၀၀၄)ခုနှစ်တွင် အပြီးတည်ဆောက်မည်ဟု ကြေညာသည်။

ဒါက ကမ္ဘာကို စိန်ခေါ်ခြင်းတစ်မျိုး ဆိုလျှင်လည်း မမှားပေ။

♀ ♀ ♀

ဟုတ်သည်။

ဘုရှ်၏ အတွေးအမြင် မဟာဗျူဟာသည် စစ်ကို ကြိုဆိုသည့် အတွေးအမြင်ဟု ဆိုရချိမ့်မည်။ (၁၉၇၂)ခုနှစ်တွင် ဆိုဗီယက်နှင့် သဘောတူ ချုပ်ဆိုခဲ့သည့် စာချုပ် (Strategic Arms Limition Treaty) သည် အလိုလို မြောင်းထဲ ရောက်သွားသည်ဟု ဆိုရမည်ပင်။

နှစ်နိုင်ငံ ဒုံးပျံလက်နက်၊ နျူကလီးယား ထိပ်ဖူးတပ်များ သုံးပုံနှစ်ပုံ လျှော့ချရေးဆိုတဲ့ နှုတ်ကတိစာချုပ် ရေစုံမျောသွားပြီဟု ဆိုရမည်။

ဒါကြောင့် ရုရှားသမ္မတ ပူတင်က "စိုးရိမ်မိတယ်" ဟု ဆိုခဲ့သည်။

ဤကဲ့သို့ပင် တရုတ်နိုင်ငံက "ဝမ်းနည်းကြောင်း" ဖွင့်ဆိုသည်မှာလည်း အလွန်မဟုတ်ပြီ။

ဘုရှ်၏ အယူအဆများသည် အယူအဆဟောင်းနှင့် အယူအဆသစ်တို့အား အခြေခံ ပြောင်းလဲခြင်းဟု ဆိုသည်။

မည်သို့ဆိုစေ ထိုအယူအဆသည် အမေရိကန်၏ လက်ရှိကိုင် မူဝါဒ အယူအဆဟု ပြောလို့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်၏ လှုပ်ရှားမှုနှင့် အယူအဆများသည် အသေအချာ ကြည့်လျှင် ရုပ်လုံးပေါ်နေ၏။ စစ်နှင့် ပတ်သက်၍ ကြည့်လျှင် ဗီယက်နမ်၊ အာဖဂန်နစ္စတန်နှင့် အီရတ်တို့သည် ကွင်းဆက်ဖြစ်နေ၏။

ဗီယက်နမ်စစ် (၁၉၆၅ ခုနှစ်) ဖြစ်ရခြင်း အကြောင်းအရင်းများက ရှင်းသည်။ အမေရိကန်အနေနှင့် အာရှနှင့် မဟာဗျူဟာ ကင်းစခန်း (Strategic Outpost)အား ထိန်းသိမ်းဖို့၊ ကွန်မြူနစ်ဝါဒကို တိုက်ဖျက်ရန်အတွက် ဖြစ်သည်။

အာဖဂန်နစ္စတန်ကျတော့ (၁၉၈၅) ခုနှစ်တွင် အာဖဂန်သို့ ဆိုဗီယက်တပ်တွေ ဝင်တော့ အာဖဂန်၏ ထီးနန်းရာဇဘက်မှ ဝင်တိုက်ပေးခဲ့သည်။ ထိုစဉ်က ဆိုဗီယက်သမ္မတ ဂေါ်ဗာချော့က အလိမ္မာဖက်ပြီး ဆိုဗီယက်တပ်တွေကို သိမ်းပေးခဲ့၏။

ဒါက အမေရိကန်၏ ကွန်မြူနစ်စနစ်ကို ဟန့်တားရေး မဟာဗျူဟာသစ်ပင်။

အီရတ်အား (၁၉၉၁)ခုနှစ် တိုက်တော့ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲစ ပြုနေပြီ။ ထို့ကြောင့် ကွန်မြူနစ်အင်အားလည်း မကြီးထွားတော့။ သို့သော် အမေရိကန်သည် အီရတ်အား ကူဝိတ်ကို ကျူးကျော်သည်ဟု အကြောင်းပြကာ သေနတ်ပြောင်း လှည့်ခဲ့၏။

သို့နှယ်ပင် (၂၀၀၁)ခုနှစ်၊ စက်တင်ဘာ (၁၁)ရက်နေ့ တိုက်ခိုက်မှုကြီး နယူးယော့တွင် ဖြစ်ပြီး၊ လူပေါင်း သုံးထောင်နီးပါး သေဆုံးသည့် အကြမ်းဖက်မှုကြီး ဖြစ်ပေါ်ခဲ့၏။

ဒါကို အမေရိကန်က သမိုင်းဝင် စိန်ခေါ်မှုဟု ဖွင့်ဆို၏။

သည်အခါ ဘုရှ်သည် အကြမ်းဖက် အယ်လ်ကေဒါတို့ ခိုလှုံရာ အာဖဂန်နစ္စတန်သို့ ဝင်။ အယ်လ်ကေဒါ လက်သင့်ခံ တာလီဘန် အစိုးရကို တိုက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



အယ်လ်ကေဒါ မှန်သမျှ ချေမှုန်းရမည်ဟု ကြွေးကြော်ပြီး (၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလမှာ) အကြမ်းဖက် တိုက်ဖျက်ရေးစစ်ပွဲ (War On Terrorism) ကို အမေရိကန်က စတင်ခဲ့သည်။

သို့သော် ဘုရှ်သည် အယ်လ်ကေဒါ ဥသျှောင် အိုစမာ ဘင်လာဒင်ကို ဖမ်းမိဖို့ လမ်းစမမြင်အောင် ဖြစ်နေသည်။

သည်အခါ အကြမ်းဖက်သမားတို့ကို အားပေးအားမြှောက်၊ ကိုယ်ထိလက်ရောက် ကူညီဖွယ်ရှိသည် ဆိုသည့် အယူအဆနှင့် ဆက်ဒမ်ဘက် မြားဦးလှည့်သည်။

ထို့ကြောင့် ဘုရှ်သည် ဆက်ဒမ်ဆီ၌ စွမ်းအားကြီးသည့် (ဓာတု၊ ဇီဝ၊ နျူကလီးယား) လက်နက် အမှန် ရှိမရှိ မပြောတတ်သော်လည်း ခေါင်းစဉ်တပ်သည်။ "အကြမ်းဖက်သမား ကူညီသူ"ဟု စွပ်စွဲသည်။

အကြမ်းဖက်သမား သက်ဆိုးရှည်အောင် အီရတ်က ပြုလုပ်သည်၊ ထောက်ပံ့သည်ဟု စွပ်စွဲပြီး တိုက်ခိုက်ဖြိုဖျက်ရန် ဆုံးဖြတ်လိုက်သည်။

⊙ ⊙ ⊙



www.burmeseclassic.com

www.burmeseclassic.com

# ဆယ့်သုံး
# ဆက်ဒမ်ဟူစိန် ပုံရိပ် (၁)
# အကျဉ်း

လူတိုင်းတွင် ဘဝဇာတ်ကြောင်းများ ရှိသည်။ အထူးသဖြင့် ထိပ်ဆုံးရောက်သူများတွင် ထူးခြားသည့် ဘဝဇာတ်ကြောင်းများ ရှိသည်။ ဆက်ဒမ်သည် အီရတ်နိုင်ငံတွင် ထူးခြားသူ ဖြစ်၏။

သူ့ဘဝ၏ အကြောင်းတရားများကား . . .

**၁၉၃၇ ခုနှစ်**

အီရတ်နိုင်ငံ မြောက်ပိုင်း၊ တီကရစ်မြို့အနီး ကျေးရွာတစ်ရွာတွင် မွေးဖွားခဲ့၏။ ဆက်ဒမ်၏ မိဘများသည် တောင်သူများ ဖြစ်၏။

တောင်သူမျိုးရိုးမှ ဆင်းသက်ခဲ့၏။

ဆက်ဒမ်ကို ဦးလေးဖြစ်သူ တပ်မတော် အရာရှိဟောင်း တစ်ဦးက ပြုစုစောင့်ရှောက်ခဲ့၏။

ဦးလေးတော်သူ၏ ဩဝါဒက စွဲနေ၏။

"လောကမှာ ခြင်နဲ့ ဂျူးဆိုတာ မရှိသင့်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆိုသည့် ဩဝါဒ။

**၁၉၅၇ ခုနှစ်**

ဘာ့သ်ပါတီသို့ စတင်ဝင်ရောက်သည်။

**၁၉၅၉–၁၉၆၀ ခုနှစ်**

ဘာ့သ်ပါတီဝင်များနှင့် ပူးပေါင်းသည်။ ထိုစဉ်က ဝန်ကြီးချုပ်ဖြစ်သူကို လုပ်ကြံသတ်ဖြတ်မှု ပြုခဲ့ရာတွင် ပါဝင်ခဲ့သဖြင့် ခြေထောက်ကို သေနတ်မှန်ပြီး အဖမ်းခံခဲ့ရ၏။

ထိုအမှုဖြင့် သေဒဏ်ကျခံခဲ့ရ၏။

(ထိုစဉ်က ဆက်ဒမ်လုပ်ကြံ သတ်ဖြတ်ရန် ကြံစည်ခဲ့သည့် ဝန်ကြီးချုပ်သည် အဗ္ဗဒူကရင်ဟာဆန် ဖြစ်၏။) သို့သော် ဆက်ဒမ်သည် ထွက်ပြေးလွတ်မြောက်ခဲ့၏။ ဆီးရီးယားနှင့် အီဂျစ်တွင် ခိုလှုံသည်။

နောက် လေးနှစ်အကြာ အီရတ်သို့ ပြန်လာသည်။ ၁၉၆၄ ခုနှစ်တွင် အဖမ်းခံရပြီး ထောင်ကျသွားသည်။

**၁၉၆၂ ခုနှစ်**

အီဂျစ်နိုင်ငံ၊ ကိုင်ရိုမြို့ရှိ ဥပဒေကောလိပ်တွင် ဝင်ရောက်ပညာသင်ကြားသည်။

**၁၉၆၃ ခုနှစ်**

နှစ်နှစ်အတွင်း အမျိုးသားရေးဝါဒီ ဘာ့သ်ပါတီ အာဏာရရေးအတွက် မြေအောက်လှုပ်ရှားမှုများ ဆောင်ရွက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘာ့သ်ပါတီ အာဏာရလာသည့်အခါ အီရတ်နိုင်ငံသို့ ပြန်လာခဲ့သည်။

ဘဂ္ဂဒက် ဥပဒေကောလိပ်မှာ ဆက်လက် ပညာသင်ကြားသည်။ ဆာဂျစ်ဒါခါရာလာကို လက်ထပ်သည်။ သား နှစ်ယောက်၊ သမီး သုံးယောက် ထွန်းကားသည်။

**၁၉၆၄ ခုနှစ်**

အီရတ်သမ္မတ အဗ္ဗဒူဆလန်အရစ်ဖ်ကို ဖြုတ်ချရန် ကြံစည်မှုဖြင့် အဖမ်းခံရ၏။

**၁၉၆၆ ခုနှစ်**

ထောင်မှ လွတ်ပြီး ဘာ့သ်ပါတီကို ဦးဆောင်သည်။

**၁၉၆၈ ခုနှစ်**

သမ္မတ အဗ္ဗဒူရာမန်ဝါဟာစ်ကို ဖြုတ်ချသည့် အာဏာသိမ်းပွဲတွင် ပါဝင်သည်။

**၁၉၆၉ ခုနှစ်**

အီရတ်နိုင်ငံ တော်လှန်ရေးကောင်စီ၏ ဒုတိယဥက္ကဋ္ဌ ဖြစ်လာသည်။

**၁၉၇၂ ခုနှစ်**

အီရတ် ရေနံ လုပ်ငန်းကို ပြည်သူပိုင် သိမ်းရန် ညွှန်ကြားသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၇၉ ခုနှစ်

အီရတ် ရီပက်ဘလစ်နိုင်ငံတော် သမ္မတ၊ ဝန်ကြီးချုပ်နှင့် တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌ ဖြစ်လာသည်။

၁၉၈၀ ခုနှစ်

အီရတ်နှင့် (၈)နှစ်ကြာ စစ်ပွဲ ဖြစ်ပွားပြီး အီရန်၏ ရေနံ အရင်းအမြစ်များကို တိုက်ခိုက်ဖျက်ဆီးပစ်ခဲ့သည်။

၁၉၈၈ ခုနှစ်

ကာ့ဒ်လူမျိုးများအား ဓာတုလက်နက်များ သုံးစွဲပြီး တိုက်ခိုက်ခဲ့သည်။ အီရန် အီရတ်စစ်ပွဲ အပစ်အခတ် ရပ်စဲရေး သဘောတူခဲ့သည်။

၁၉၉၀ ခုနှစ်

ကူဝိတ်နိုင်ငံအား ဝင်ရောက်ကျူးကျော် တိုက်ခိုက်သည်။

၁၉၉၁ ခုနှစ်

အမေရိကန် ဦးဆောင်သည့် ညွန့်ပေါင်းတပ်ဖွဲ့က ဇန်နဝါရီလတွင် ကန္တာရ မုန်တိုင်းစစ်ဆင်ရေး စတင်တိုက်ခိုက်သည်။ ဖေဖော်ဝါရီလတွင် ကူဝိတ်မှ အီရတ်တပ်များ ဆုတ်ခွာရသည်။

လူအများ သေကြေနိုင်သည့် ဓာတုလက်နက်နှင့် ပတ်သက်၍ ကုလသမဂ္ဂမှ ပထမဦးဆုံး စစ်ဆေးသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၉၉၆ ခုနှစ်

ဂျော်ဒန်နိုင်ငံသို့ ထွက်ပြေးသွားသည့် သမက်နှစ်ဦးအား အီရတ်နိုင်ငံသို့ ပြန်လည်ခေါ်ယူပြီး ကွပ်မျက်ပစ်လိုက်သည်။

## ၁၉၉၈ ခုနှစ်

ဆက်ဒမ်ဟူစိန်သည် လက်နက်စစ်ဆေးသူများနှင့် ပူးပေါင်းဆောင်ရွက်မှု မရှိသဖြင့် ကုလသမဂ္ဂ လက်နက်စစ်ဆေးရေး အဖွဲ့ဝင်များ အီရတ်မှ ပြန်လည်ရုပ်သိမ်းခဲ့သည်။

အမေရိကန်နှင့် ဗြိတိသျှ ပူးပေါင်းပြီး လေကြောင်းစစ်ဆင်ရေး ဆင်နွှဲသည်။

## ၂၀၀၃ ခုနှစ်

အမေရိကန် ဦးဆောင်သည့် ညွှန့်ပေါင်းတပ်များက အီရတ်ကို စတင်တိုက်ခိုက်သည်။ ဆက်ဒမ်အစိုးရ ပြုတ်ကျခဲ့သည်။ ထွက်ပြေးတိမ်းရှောင်သွားသည့် ဆက်ဒမ်ကို ယခုနှစ် ဒီဇင်ဘာ (၁၃)ရက်နေ့တွင် ဆက်ဒမ်ဟူစိန်၏ ဇာတိ ဖြစ်သည့် တီကရစ်မြို့ တောင်ဘက် တိုက်ဂရစ်မြစ်အနီး အယ်လ်ဒါ ဝါယာတောရှိ မြေအောက် ပုန်းခိုတွင်းထဲမှ အမေရိကန် တပ်ဖွဲ့ဝင်များက လက်ရ ဖမ်းမိသည်။

⊙ ⊙ ⊙

www.burmeseclassic.com

www.burmeseclassic.com

## ဆယ့်လေး
## ဆက်ဒမ်ဟူစိန် ပုံရိပ် (၂)
## (၁၉၅၇ - ၅၈)

ဆက်ဒမ်ဟူစိန်၏ ဘဝကို ပြန်လည် သုံးသပ်ကြည့်လျှင် သူသည် ရေသေလို လူစားမဟုတ်။ လှုပ်ရှားတက်ကြွသည့် ဘဝနှင့် စခဲ့သည်။

ငယ်စဉ် လူငယ်ဘဝတွင် လှုပ်ရှားမှု များစွာဖြင့် ဘဝကို စခဲ့သည်။ တိုက်ခိုက်မှု၊ ရန်းကန်မှုများသည် သူ့ဘဝ ဖြစ်ခဲ့၏။

သူသည် ရုန်းကန်လှုပ်ရှားမှု များစွာကို ရင်ဆိုင်ဖြတ်သန်းရင်း ကိစ္စအတော်များများကို ထိန်းချုပ်ကွပ်ကဲရသည့် သမ္မတ၏ လက်ထောက် ဘဝကို ရယူနိုင်ခဲ့သည်။

"ကျုပ်ဟာ သာမန်လူသားတစ်ဦးပါ၊ ကျုပ်ဘဝကို ကြိုးစားမှုနဲ့ ဖြတ်သန်းတည်ဆောက်ခဲ့ရတာ"

ဟု သူက ပြောသည်။

သူက အီရတ်မြောက်ပိုင်း တီကရစ်မြို့အနီးရှိ ကျေးရွာတွင် မထင်မရှား မွေးဖွားခဲ့သော ဘဝမှ (၁၉၅၇)ခုနှစ် နှောက်ပိုင်းတွင်



www.burmeseclassic.com

www.burmeseclassic.com



အာရပ် အမျိုးသားရေးဝါဒီ ဘာ့သ်ပါတီဝင်အဖြစ်သို့ ရောက်ရှိခဲ့၏။

စင်စစ် အီရတ်နိုင်ငံတော်သည် ဗြိတိသျှ ကြီးစိုးသည့် နိုင်ငံပေါင်းချုပ်အသင်းကြီး (Laegue Of Nations) ၏ လက်အောက်ခံ အဖြစ် နေခဲ့စဉ်ကာလတစ်လျှောက် ပြင်းထန်သည့် နိုင်ငံရေးနှင့် စစ်ဩဇာ သက်ရောက်မှုများကို ခံစားခဲ့ရ၏။

"တကယ်တော့ ဒါတွေဟာ အနောက်နိုင်ငံ မှန်းတီးရေး မျိုးစေ့တွေပဲ"

ဟု ဆက်ဒမ်က ဆိုသည်။

ထို့အတူ ဆက်ဒမ်သည် (၁၉၅၇)ခုနှစ်တွင် ဗြိတိသျှအစိုးရ တင်သွင်းချိတ်ဆွဲပေးခဲ့သည့် သက်ဦးဆံပိုင်ဘုရင်စနစ်အား ဖြုတ်ချ ခဲ့သည့် ဗိုလ်မှူးချုပ် အဗ္ဗဒူ(လ်)ဘရန်ကာဆင်အား လုပ်ကြံမှုတွင် ပါဝင်ခဲ့၏။

ထိုလုပ်ကြံမှု မအောင်မြင်သဖြင့် ဆက်ဒမ်သည် အီရတ်နိုင်ငံကို စွန့်ခွာပြီး အီဂျစ်ကို တိမ်းရှောင်ခဲ့ရ၏။

"ကျုပ်ဘဝမှာ အီရတ်ဟာ ထာဝရပါ"

ဆက်ဒမ် အမြဲပြောသည့် စကား။

ဆက်ဒမ်က အီရတ်နိုင်ငံသား ပီသစွာ အီရတ်နိုင်ငံနှင့် အီရတ်မြေကို ချစ်သည်။ ထို့ကြောင့် အီရတ်နိုင်ငံ၌ ဘာ့သ်ပါတီ အာဏာ ပြန်သိမ်းသည့် (၁၉၆၃)ခုနှစ်တွင် အီရတ်သို့ ပြန်လာခဲ့သည်။

သို့သော် ယခင် ဗိုလ်မှူးချုပ် အဗ္ဗဒူအယ်လ်ဆဒမ် မိုဟာမက် ဘာရစ်မှ ဘာ့ဒ်ပါတီထံမှ နိုင်ငံရေးအာဏာအား အင်အား အသုံးပြုပြီး ရယူလိုက်သည့်အတွက် ဆက်ဒမ်ဟူစိန် ထောင်နန်းစံခဲ့ရ၏။

မည်သို့ဆိုစေ (၁၉၆၆)ခုနှစ် ဆက်ဒမ် ထောင်မှ လွတ်လာ ချိန်၌ ဘာ့သ်ပါတီ၏ လက်ထောက် အထွေထွေ အတွင်းရေးမှူး



www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်ပွဲတွင် ဆက်ဒမ် အရွေးခံခဲ့ရ၏။

(၁၉၆၀)ခုနှစ်တွင် မအောင်မြင်သည့် အာဏာသိမ်းမှုကို ဆက်ဒမ် ဦးဆောင်ခဲ့၏။ ထိုစဉ်က ဆက်ဒမ့် အသက် (၃၁)နှစ် ရှိပြီး ဆက်ဒမ်၏ ဇာတိမြို့မှ သူ၏ ဆွေမျိုးဖြစ်သည့် ဗိုလ်ချုပ် အာမက် ဟာတ်ဆန် ဘာယ်လ်ဘာကာက သမ္မတအဖြစ် တာဝန်ယူသည်။

သူတို့နှစ်ဦး အတူတကွ လုပ်ကိုင်ကြပြီး ဘာ့သ်ပါတီအပေါ် ကြီးစိုးလွှမ်းမိုးလာခဲ့ကြရာ ဆက်ဒမ်ဟူစိန်၏ နှလုံးသားတွင် သမ္မတ အုပ်စိုးမှု လွှမ်းမိုးလာခဲ့၏။

စင်စစ် ဗိုလ်ချုပ် အာမတ်ဟာတ်ဆန်ဘာကာသည် ကျန်းမာရေး မကောင်းသူ ဖြစ်၏။ ထို့ကြောင့် ကျန်းမာရေး ချို့ယွင်းနေသူ ဗိုလ်ချုပ်၏ လက်ထောက်ဘဝဖြင့် ဆက်ဒမ် လုပ်ပိုင်ခွင့် များစွာ ရရှိခဲ့၏။

သမ္မတ ဗိုလ်ချုပ် အာမက်၏ ကိုယ်စား ဆက်ဒမ်ဟူစိန်သည် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းပေါင်းစုံကို အီရတ်နိုင်ငံတစ်ဝှမ်း၌ အသွင် ပြောင်း လုပ်ကိုင်နိုင်ခဲ့၏။

ထိုအချိန်တွင် ဆက်ဒမ်ဟူစိန်သည် လုံခြုံရေးလုပ်ငန်းစဉ် အကြောင်းပြချက်နှင့် တပ်ဖွဲ့ကို တိုးချဲ့ဖွဲ့စည်းခဲ့၏။

ထိုထိုသော ခေါင်းဆောင်နှစ်ဦး၏ ကနဦး လှုပ်ရှားမှုများက အနောက်ကမ္ဘာအတွက် စိုးရိမ်မကင်းစရာများ ဖြစ်လာခဲ့ရ၏။

(၁၉၇၂)ခုနှစ်၊ စစ်အေးကာလ အထွတ်အထိပ်ရောက်ချိန်၌ ဆက်ဒမ်ဟူစိန်သည် **ဆိုဗီယက်**နိုင်ငံနှင့် (၁၅)နှစ် နိုင်ငံအချင်းချင်း သဘောတူစာချုပ် (Treaty) ကို ချုပ်ဆိုခဲ့၏။

ထိုနှစ် (၁၉၇၂)ခုနှစ်၌ ဗြိတိသျှ အုပ်စိုးစဉ်လက်ထက်က တည်ထောင်ခဲ့ပြီး အနောက်ကမ္ဘာသို့ ဈေးနှုန်းချိုသာစွာဖြင့် ရေနံလုပ် ရောင်းချနေသည့် အီရတ်ရေနံကုမ္ပဏီများအား ပြည်သူပိုင်သိမ်းခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



(၁၉၇၃)ခုနှစ် ရေနံ ပဋိပက္ခကြောင့် ရေနံမှ ဝင်ငွေများ ရရှိလာပြီး ထိုရရှိလာသည့် ဝင်ငွေနှင့် အီရတ်နိုင်ငံတွင် စက်မှုလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေး စောင့်ရှောက်မှု ကဏ္ဍများတွင် တိုးမြှင့် ရင်းနှီး မြှုပ်နှံခဲ့၏။

ဆက်ဒမ်ဟူစိန်လက်ထက်တွင် အီရတ်နိုင်ငံကို ကမ္ဘာ့ အဆင့်အတန်းမီအောင် တိုးတက်မှု အရှိန်ကလည်း မြင့်မားခဲ့သည်။

⦿ ⦿ ⦿



www.burmeseclassic.com

www.burmeseclassic.com

## ဆယ့်ငါး

## စစ်ပွဲနှင့် ကုလသမဂ္ဂ အတွေ့တွေ့အတွင်းရေးမှူးချုပ်အမြင်

အီရတ်နှင့် အမေရိကန်၏ စစ်ပွဲသည် ကမ္ဘာ့ပြည်သူများ ရှေ့တွင် မျက်ဝါးထင်ထင် ဖြစ်ပွားခဲ့သည်။ ဝေဟင်မှ ဗုံးပေါင်းများစွာ ကြဲချခဲ့သည်။

လူနေအိမ်ပေါင်းများစွာ၊ လူပေါင်းများစွာ သေကြေပျက်စီး ခဲ့သည်။ ဗုံးသံ၊ သေနတ်သံ၊ ယမ်းငွေ့နှင့် သွေးညှီနံ့တို့သည် အီရတ် မြေအနှံ့ ပျံ့နှံ့ခဲ့ရသည်။

တိုးတက်မှုကို ရှေ့ရှုနေသည့် နိုင်ငံတစ်နိုင်ငံ။

ထိုနိုင်ငံသည် ယိုယွင်းပျက်စီးခဲ့ရ၏။ လူထောင်ပေါင်းများစွာ သေကြေခဲ့ရသည်။ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။

ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုက ကင်းမဲ့သွားခဲ့သည်။

♀ ♀ ♀

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် ကမ္ဘာ့ပြည်သူများနှင့် ကမ္ဘာ့ နိုင်ငံပေါင်းစုံ၏ ငြိမ်းချမ်းမှုနှင့် တည်ငြိမ်မှုကို ကာကွယ်နိုင်ရန် လုံခြုံရေးကောင်စီကို ထားရှိခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို ပျက်ပြားစေသော အကြောင်းအရင်းများ မပေါ်ပေါက်စေရန် လုံခြုံရေးကောင်စီက ထိန်းချုပ်ရသည်။

ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသည် လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးကို မချိုးဖောက်နိုင်ရန် မူများစွာကို ချထားပေးသည်။

ယခု အီရတ်စစ်ပွဲနှင့် ပတ်သက်၍ သုံးသပ်ကြည့်လျှင် မူအရ တရားမျှတမှု မရှိ။

ထို့ကြောင့် ယင်းကိစ္စနှင့် ပတ်သက်၍ ကုလသမဂ္ဂ ညီလာခံတွင် အတော်ကလေး လှုပ်လှုပ်ရှားရှား ဖြစ်ခဲ့ရသည်။

♀ ♀ ♀

ကုလသမဂ္ဂ အထွေထွေညီလာခံကို အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၊ ကုလသမဂ္ဂ ဌာနချုပ် ညီလာခံခန်းမတွင် ကျင်းပရာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် 'ကိုဖီအာနန်'က အမေရိကန်နိုင်ငံအား အီရတ်အပေါ် တိုက်ခိုက်မှုနှင့် ပတ်သက်၍ ပြစ်တင်ရှုတ်ချခဲ့သည်။

"တကယ်တော့ အခုလို အီရတ်နိုင်ငံအပေါ် အမေရိကန်နိုင်ငံက ကိုယ့်သဘောနဲ့ကိုယ် စစ်ရေးအရ အရေးယူလိုက်ခြင်းဟာ ကမ္ဘာကြီးကို တောရိုင်းဥပဒေ ကျင့်သုံးလာစေဖို့ လမ်းပြလိုက်သလို ဖြစ်နေတယ်"

ဟု ကိုဖီအာနန်က ပွင့်လင်းစွာ ထောက်ပြခဲ့၏။ ထို့အတူ ကိုဖီအာနန်က ကမ္ဘာ့နိုင်ငံများမှ ခေါင်းဆောင်ပေါင်း (၁၀၀)နီးပါး ရှေ့တွင် . . .

"ယခုလို ပြုကျင့်လိုက်တဲ့ လက်ဦးမှုယူ တိုက်ခိုက်ခြင်းဆိုတဲ့ အမေရိကန်ရဲ့ မူဝါဒဟာ ဆန့်ကျင်ရမယ့် မူဝါဒသာ ဖြစ်တယ်"

ဟု ပြောဆိုခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလို မိမိကိုယ် မိမိ ကာကွယ်ခြင်းလုပ်ရပ်ကို ကျွန်တော်တို့အနေနဲ့ ဆန့်ကျင်တယ်၊ ပြောရရင် ဒီအယူအဆဟာ ကမ္ဘာ့ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးဆိုတဲ့ မူဝါဒကို စိန်ခေါ်လိုက်တာပဲလို့ ဆိုရမယ်။ ပြီးတော့ ဒီလုပ်ရပ်ဟာ လွန်ခဲ့တဲ့ နှစ် (၅၀)က စပြီး ရှိခဲ့တဲ့ ကုလသမဂ္ဂကြီးရဲ့ အခြေခံမူဝါဒကို ချိုးဖောက်လိုက်ခြင်း ဆိုရင်လည်း မမှားဘူး"

"ဒီလုပ်ရပ်မျိုးကို အမေရိကန်နည်းတူ တခြားနိုင်ငံတွေကပါ နည်းယူကျင့်သုံးလာကြမယ်ဆိုရင် တရားမျှတမှု မရှိဘဲ၊ ကမ္ဘာကြီးဟာ တစ်ဖက်စောင်းနင်း ဖြစ်လာမှာ အမှန်ပဲ။ ဒီလို ပုံစံမျိုးပဲ ကမ္ဘာကြီးမှာ အင်အားကို အသုံးပြုပြီး ဥပဒေမဲ့ ပြုလုပ်ခြင်းမျိုးတွေ ထွန်းကားလာမှာလည်း အမှန်ပဲ။ အဲဒီလို လုပ်ရပ်တွေ များလာတာနဲ့အမျှ တရားမျှတမှု ဆိုတာကလည်း လုံးဝ ကင်းမဲ့သွားပါလိမ့်မယ်"

ဟု ပြောကြားခဲ့၏။

သို့နှယ်ပင် အမေရိကန်သမ္မတ ဘုရှ်ကလည်း ညီလာခံတွင် မိန့်ခွန်းပြောကြားရာ၌ အီရတ်နိုင်ငံကို တိုက်ခိုက်ခြင်းသည် အကြမ်းဖက်ဝါဒကို တိုက်ဖျက်ခြင်းသာ ဖြစ်ကြောင်း၊ တရားမျှတမှုအတွက် တိုက်ပွဲဝင်ခြင်းသာ ဖြစ်ကြောင်း၊ လူအများ သေစေနိုင်သည့် လက်နက်များ ထားရှိပြီး ကမ္ဘာကို ခြိမ်းခြောက်မှာ ဖြစ်၍ တိုက်ခိုက်ရကြောင်းကို ရှင်းလင်းပြီး "ဒီအတွက် စိတ်မကောင်း မဖြစ်ပါဘူး။ လက်နက်တွေ တွေ့မယ်လို့လည်း ယုံကြည်ပါတယ်။ အဲဒီလိုပဲ ဆက်ဒမ်ရဲ့ ရက်စက်မှုတွေကိုလည်း ကျွန်တော်တို့ တွေ့ခဲ့တယ်။ လူအများကို ဆက်ဒမ်သတ်ဖြတ်မြှုပ်နှံခဲ့တဲ့ လူသတ်ကုန်းကိုလည်း ကျွန်တော်တို့ တွေ့ရှိခဲ့ပါတယ်" ဟု ပြောသည်။

သို့သော် လက်တွေ့တွင်မူ။

⊙ ⊙ ⊙



www.burmeseclassic.com

www.burmeseclassic.com

# ဆယ့်ခြောက်

## ဆက်ဒမ်ဟူစိန် ဘာလဲ ဘယ်လဲ

ဆက်ဒမ်ဟူစိန်သည် ဘဂ္ဂဒက်မြို့ ကျဆုံးသွားပြီးသည့်နောက်ပိုင်း သူ၏ သတင်းက ပျောက်သွား၏။ ဆက်ဒမ်နှင့် ပတ်သက်၍ အများဆုံး ဇဝေဇဝါ ဖြစ်ကုန်ကြသည်။

ဆက်ဒမ်ကိုယ်တိုင် အီရတ်နိုင်ငံတွင် စစ်သားပေါင်း (၅၀၀၀၀၀) ရှိသည်။ အီရတ်နိုင်ငံအတွက် ကာကွယ်မည်ဟု ဆိုခဲ့သည်။

သို့သော် အီရတ်စစ်ပွဲတွင် ကြီးမားသည့် တိုက်ပွဲများ များများစွာ မရှိခဲ့။ ဘဂ္ဂဒက်မြို့သိမ်း တိုက်ပွဲတွင် အီရတ်တို့ဘက်မှ အသေအကြေ ခုခံလိမ့်မည်ဟု ထင်ခဲ့ကြသော်လည်း တကယ်တန်းတွင်မူ တိုက်ပွဲက ပြောပလောက်အောင် မဖြစ်ခဲ့။

ဆက်ဒမ်ဟူစိန် ပျောက်သွားသည်။ အီရတ်တပ်မတော်ကြီး၏ အခြေအနေကလည်း ဘယ်လိုပြောရမည် မသိ။

ဆက်ဒမ်ဟူစိန် ဘာလဲ၊ ဘယ်လဲ မေးကုန်ကြပြီ။

♀ ♀ ♀



www.burmeseclassic.com

www.burmeseclassic.com



အီရတ်ကို သိမ်းပြီး နောက်ပိုင်း အမေရိကန်နှင့် ဗြိတိသျှစစ်သားတို့ ပိုမို၍ တိုက်ခိုက်ခံခဲ့ရသလို၊ အမေရိကန်စစ်သား အသေအပျောက်၊ အထိအခိုက်က ပို၍ပို၍ များလာခဲ့၏။

ထို့ကြောင့် အမေရိကန်တို့မှာ ဆက်ဒမ်နှင့် သူ၏ သားများနှင့် ပတ်သက်၍ စိုးရိမ်ပူပန်မှု ပိုလာကြရသလို၊ ဆက်ဒမ်နှင့် သူ၏ သားများအား အမြန်ဆုံး မိနိုင်ရန်အတွက် မက်လုံးပေးသည့် အနေနှင့် ဒေါ်လာသန်းနှင့်ချီ၍ ပေးမည်ဖြစ်ကြောင်း [ဆက်ဒမ်အား ဖမ်းမိရန် ခိုင်လုံသောသတင်းပေးနိုင်လျှင် ဒေါ်လာ (၂၅)သန်း၊ သားများအား သတင်းပေးနိုင်လျှင် ဒေါ်လာ (၁၅)သန်း] ထုတ်ဖော်ကြေညာခဲ့၏။

သို့သော် ဆက်ဒမ်ဟူစိန်က အမေရိကန်တို့ ထင်သလို မဟုတ်။ ရန်သူများ စိုးရိမ်ကြောက်လန့်စေရန်နှင့် အီရတ်လူထုကို စုစည်းရန် အစွမ်းရှိနေသေးကြောင်းကို ပြသနေခဲ့၏။

သောကြာနေ့။

အာရပ် အယ်လ်ဂျာဇီးရား ရုပ်မြင်သံကြားမှ ဇွန်လ (၁၄)ရက်နေ့က အသံသွင်းခဲ့သည့် တိတ်ခွေကို ထုတ်လွှင့်ပြသခဲ့၏။ ထိုတိတ်ခွေသည် ဆက်ဒမ်၏ အသံ ဟုတ်မဟုတ် မသေချာဟု ဆိုသော်လည်း အိမ်ဖြူတော်၏ အရေးအထားဆုံး အရာ ဖြစ်ခဲ့ရ၏။

စီအိုင်အေကလည်း ဆက်ဒမ့်အသံ အစစ်အမှန် ဟုတ်မဟုတ် စစ်ဆေးခဲ့၏။

ဆက်ဒမ့်စကားတွင် . . .

"အီရတ်လူထု သိစေလိုသည်မှာ သူ၏ အုပ်ချုပ်ရေးပိုင်းမှ လုပ်ဖော်ကိုင်ဖက်များ၊ အီရတ်သို့ ယခု ရောက်ရှိနေကြောင်း၊ အီရတ်၌ ဂျိဟာဒ်အဖွဲ့အစည်းများသည် ကျူးကျော်သူများကို တိုက်ခိုက်ရန် စုစည်းနေကြပြီး၊ မူဂျာဟစ်ဒင်တို့၏



www.burmeseclassic.com

www.burmeseclassic.com



လုပ်ရပ်ကြောင့် အီရတ်တွင် ယခု သတင်းပတ်အတွင်း ကျူးကျော်သူများ၏ သွေးမြေမကျသည့်ရက် တစ်ရက်မျှ မရှိ။

လာမည့်ရက်များတွင် ကျူးကျော်သူများအတွက် ပို၍ ခက်ခဲမှုဖြစ်ရမှာ ဖြစ်ပြီး၊ သူ့အား ယုံကြည်သူများအတွက် ပို၍ ဂုဏ်ယူဖွယ်ဖြစ်မည် ဖြစ်ကြောင်း။

ထို့ကြောင့် အီရတ်ပြည်သူများအနေနှင့် မူဂျာဟစ်ဒင်နှင့် သူရဲကောင်းများကို အကာအကွယ်ပေးပြီး ကျူးကျော်သူများနှင့် ၎င်းတို့နှင့် ပူးပေါင်းကြံစည်သူများထံသို့ မူဂျာဟစ်ဒင်နှင့် သူ၏ လုပ်ရပ်များကို သတင်းမပေးကြရန် တိုက်တွန်းကြောင်း" ဟု ပြောကြားသည်ကို အသံသွင်း တိတ်ခွေတွင် ကြားလိုက်ကြရ၏။

အမေရိကန်တို့သည် စစ်ပွဲဖြစ်ပွားသည့်နေ့မှ ယခုတိုင် ဆက်ဒမ်ဟူစိန် သေသည် ရှင်သည် အတည်မပြုနိုင်သေးသော်လည်း ဆက်ဒမ်ဟူစိန်၏ ပုံရိပ်များက အမေရိကန် 'ညွန့်ပေါင်းတပ်ဖွဲ့များကို ပဟေဠိ ဖြစ်စေခဲ့သည်မှာ အမှန်ပင် ဖြစ်ပါ၏။

♀ ♀ ♀

အမေရိကန်တို့ ဘဂ္ဂဒက်အား ဗုံးကြဲသည့် မတ်လ (၂၈)ရက်နေ့က ဗုံးဒဏ်ကြောင့် ဘဂ္ဂဒက်မြို့တွင် အခိုးအငွေ့ပင် မပျောက်သေး။

ဆက်ဒမ်သည် မျက်မှန်ထူကြီး တပ်၍ ဘဂ္ဂဒက် ရုပ်မြင်သံကြားမှ နိုင်ငံသို့ မိန့်ခွန်းပြောခဲ့သည်။

အီရတ် ရုပ်မြင်သံကြားမှ အီရတ်နိုင်ငံသားများ စုစည်းကြရန် ညီညွတ်ကြရန် တိုက်တွန်းခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



ဧပြီ (၄)ရက်နေ့။

ထိုနေ့က အမေရိကန် အရာရှိအချို့က ဆက်ဒမ် သေပြီဟု ယူဆထားကြသော်လည်း စစ်ပွဲအစမှာပင် အမေရိကန် ရဟတ်ယာဉ် ပစ်ချခံရသည့် သတင်းကို ကိုးကားပြောနေသည့် ဆက်ဒမ်၏ တိတ်ခွေကို အီရတ် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့ပြန်၏။

တစ်ရက်တည်းမှာပင် ဘဂ္ဂဒက်လမ်းမပေါ်တွင် သူ့အား ချစ်ကြည်ရင်းနှီးစွာ နှုတ်ဆက်ကြသည့် လူအုပ်ကြီးနှင့်အတူ ရိုက်ထားသည့် တိတ်ခွေကို အီရတ် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသခဲ့သည်။

ထို့အတူ ဧပြီ (၇)ရက်၊ ဧပြီ (၉)ရက်နေ့များတွင်လည်း အေးဆေးတည်ငြိမ်စွာ နိုင်ငံသို့ မိန့်ခွန်းပြောနိုင်ခဲ့၏။

"အမေရိကန်တပ်တွေကို တိုက်ထုတ်ကြ"

မဟာမိတ်တပ်တွေနဲ့ လိုက်လျောညီထွေ မနေကြနဲ့"

"ကျွန်ုပ်သည် သင်တို့နဲ့အတူ အီရတ်နိုင်ငံထဲတွင်ပင် ရှိနေပါတယ်"

♀ ♀ ♀

အီရတ်တွင် ဆက်ဒမ်ဟူစိန်၏ အုပ်ချုပ်ရေးသည် ကွယ်ပျောက်သွားခဲ့ချေပြီ။

ထို့အတူ ဆက်ဒမ်ဟူစိန်၏ ကျွမ်းကျင်ထင်ရှားသည့် လူများနှင့် လက်နက်အရာရှိများသည်လည်း သေသူ သေ၍ အချို့မှာ အမေရိကန်တို့၏ ထိန်းသိမ်းမှုကို ခံနေကြရ၏။

ပြဿနာတစ်ရပ်သာလျှင် ရှိတော့၏။

အိမ်ဖြူတော်မှ ကြားလိုသော အကြောင်းအရာများကို အသက် မသေမပျောက်ဘဲ ကျန်ရစ်နေသူတို့က ပြောနေကြ၏။

ထိန်းသိမ်းခံနေရသူများက ယင်း၏ တားမြစ်ထားသည့်



www.burmeseclassic.com

www.burmeseclassic.com



လက်နက်အလုပ်ရုံများအား နှစ်အတန်ကြာကပင် ဖျက်ဆီးပစ်ခဲ့ပြီဟု ဆို၏။

သိပ္ပံပညာရှင်များမှာလည်း ခြိမ်းခြောက်ခြင်း ခံနေရ၏။ သွေးဆောင်ဖြားယောင်းခြင်း ခံနေရ၏။ မက်လုံးအမျိုးမျိုး ပေးခြင်း ခံနေရ၏။

မိသားစုများနှင့် ပတ်သက်၍ အီရတ်တွင် လုံခြုံမှုပေးခြင်းလည်း ပါ၏။

သို့သော် သိပ္ပံပညာရှင်တို့၏ ပြောကြားသည့် အကြောင်းအရာများသည် ဘာမျှ ပြောင်းလဲခြင်း မရှိခဲ့။

♀ ♀ ♀

"သာမန်ထောက်လှမ်းရေး ဆက်သွယ်ရေးလမ်းကြောင်းများအတွင်းမှာပဲ သိပ္ပံပညာရှင်များ ပြောကြားတဲ့ သတင်းစကားတွေကို ကန့်သတ်ချုပ်ချယ်ထားတဲ့ သူတို့တွေ၊ အဲဒီအကြောင်းအရာတွေနဲ့ ပတ်သက်ပြီး အထူးတင်းကျပ်ထားကြတယ်"

ဟု နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပုဂ္ဂိုလ်တစ်ဦးက ဖွင့်ဟပြောကြားခဲ့၏။

သူသည် ဤကဲ့သို့သော သတင်းများကို ရိုးရိုးသားသား ကြည့်ရှုခဲ့မိသူ ဖြစ်၏။

စင်စစ်မူ သမ္မတ ဘုရှ်ကိုယ်တိုင် လူအများ သေကြေနိုင်သည့် လက်နက်များ ရှာဖွေမှုနှင့် ပတ်သက်၍ နောက်ဆုံးသတင်းများ ရရှိခဲ့သော်လည်း ယင်းကိစ္စများသည် သူ၏ စိတ်အား ဖမ်းစားစေခြင်း မရှိဟု အိမ်ဖြူတော်ဝန်ထမ်း အကြီးအကဲ "အန်ဒီကာဒ်" က ပြော၏။

မည်သို့ဆိုစေကာမူ လေ့ကားအောက်တွင်မူ ဝန်ထမ်းများမှာ အချိန်ပို တာဝန် ထမ်းဆောင်နေရ၏။ တရားမဝင် လက်နက်များ ရှိနေသည်ဟု ထင်မြင်ယူဆဖွယ် ရှိခြင်းက ကျူးကျော်စစ်ကို ဆင်နွှဲ



www.burmeseclassic.com

www.burmeseclassic.com



စေခဲ့သည့်တိုင် ဘာကြောင့် သူတို့သည် တရားမဝင် လက်နက်များကို ယခုတိုင် မတွေ့ရှိကြသေးကြောင်းကို ရှင်းပြရန် အချိန်ပြည့် တာဝန်ထမ်းဆောင်နေကြခြင်းသာ ဖြစ်၏။ သို့သော် လက်နက်ရှာဖွေ တွေ့ရှိရေးမှာ ရေရေရာရာ မရှိ။ အရှက်ရစရာသာ ဖြစ်ရပြီ။

## သူတို့အမြင် သူတို့စကားများ

### ၁။ ကင်းနက်ပေါလ်လပ်

သူက ဘရွတ်ကင်း တက္ကသိုလ်တွင် ရှိသည့် စီအိုင်အေအတွက် အီရတ်ရေးရာ အထူးကျွမ်းကျင်သူ ဖြစ်၏။

သူက

"သက်သေခံ အထောက်အထားအချို့က ပြဿနာ ဖြစ်နေတယ်။ ဒါက အမေရိကန် အရာရှိတစ်ဦးရဲ့ စကားပဲ။ လက်နက်များဖျက်သိမ်းခဲ့ကြောင်း အထောက်အထားအသစ်ကို သူ တွေ့ခဲ့ရတယ်။ (၁၉၉၀)ပြည့်လွန်နှစ် နောက်ပိုင်း ဓာတုနှင့် ဇီဝလက်နက်များ ဖျက်ဆီးပစ်ရန် အီရတ် အဆင့်မြင့် အရာရှိများထံက အမိန့်ဖြစ်နေတာ ပေါ်လွင်နေတယ်တဲ့"

### ၂။ မဇ္ဇတာ ဒေးဗစ်ကေး

သူကား ယခင်က ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးအဖွဲ့မှ ဖြစ်သည်။ သူက ယခုအခါ အီရတ်တွင် စီအိုင်အေ ဦးဆောင်သည့် အဖျက်စွမ်းအားကြီး လက်နက်ရှာဖွေရေးအဖွဲ့ကို ဦးဆောင်နေသူ ဖြစ်၏။

သူက အီရတ် နျူကလီးယား သိပ္ပံပညာရှင်ပေါင်း မဇ္ဇတာ



www.burmeseclassic.com

www.burmeseclassic.com



မာဒီအူဘာဒီ'၏ ပြောဆိုချက်နှင့် ပတ်သက်၍

"အူဘာဒီ ထုတ်ဖော်လိုက်သည့် အစိတ်အပိုင်းများသည် ဥရောပမှ ယူရေနီယမ် ထုတ်လုပ်သည့် ကုမ္ပဏီတစ်ခုက ထုတ်လုပ်ထားသည့် အရပ်သုံး ပစ္စည်းတွေသာ ဖြစ်တယ်" ဟု ရှင်းလင်းပြီး

"တကယ်ပြောရရင် အီရတ်မှာ နျူကလီးယား လက်နက် အစီအစဉ် မရှိဘူးဆိုတဲ့ ထောက်လှမ်းရေး အရာရှိစကားက ပိုမှန်တယ်" ဟု ဆိုလိုက်သည်။

## ၃။ ဟန်းစ်ဘလစ်

သူက ကုလသမဂ္ဂ လက်နက်စစ်ဆေးရေးအဖွဲ့ အကြီးအကဲ ဖြစ်သည်။ အီရတ်တွင် သုံးနှစ်ကြာ ဓာတု၊ ဇီဝနှင့် တိုက်ချင်းပစ် ဒုံးပျံများ ရှာဖွေရေး လုပ်ခဲ့သည်။

"အီရတ်မှာ အဖျက်စွမ်းအား ကြီးမားတဲ့ လက်နက်များ မရှိဟု မဆိုလိုကြောင်း၊ သို့သော် အချိန်ကြာလာသည်နှင့်အမျှ ဖြစ်နိုင်ချေ လျော့နည်းသွားတာကတော့ အမှန်ပဲ။ အီရတ်မှာ အဖျက်စွမ်းအားကြီးတဲ့ လက်နက် အများစု ပျက်စီးခဲ့ပြီလို့ ဆိုရမယ်။ ခက်တာက ဖျက်သိမ်းပြီးကြောင်း အချက်အလက်တွေ ပေးဖို့ ငြင်းနေတဲ့ ဆက်ဒမ်ကြောင့်ပဲ" ဟု ဟန်းစ်ဘလစ်က ပြောသည်။

⊙ ⊙ ⊙



www.burmeseclassic.com

www.burmeseclassic.com

## ဆယ့်ခုနစ်
## အီရတ်မှ ဆက်ဒမ်၏ ရေရှည်ပြောက်ကျားစစ်

ရေရှည်ပြောက်ကျားစစ်ဆိုသည်မှာ လက်နက်အင်အား ကောင်း၊ တပ်အင်အားကောင်းသည့် ရန်သူအား တစ်စတစ်စ စစ်ဆင်ပြီး ကင်းခြေများကို ခြေတစ်ချောင်းချင်း ဖြုတ်တဲ့နည်းဟု စစ်ပညာ ကျွမ်းများ၏ "ပြောက်ကျားစစ်ဗျူဟာ" တွင် ဆိုထားသည်ကို တွေ့ရ၏။

ကမ္ဘာပေါ်တွင် ပြောက်ကျားနည်းနှင့် အောင်မြင်သွားသည့် ခေါင်းဆောင်ပေါင်း များစွာရှိသည်။

ကမ္ဘာတွင် ပြောက်ကျားစစ်နှင့် (၁၀)စုနှစ် (၂)လီကျော် ချန်ကေရှိတ်တပ်အား အနိုင်တိုက်သွားသူမှာ နာမည်ကျော် တရုတ် ခေါင်းဆောင်ကြီး "မော်စီတုံး" ဖြစ်၏။

ပြင်သစ်ကို ပြောက်ကျားနည်းဖြင့် ရေရှည်ဆွဲ၍ အနိုင်တိုက် သွားသူက ဗီယက်နမ်ခေါင်းဆောင်ကြီး "ဟိုချီမင်း" ဖြစ်၏။

ကာတစ်စတ္တာ အစိုးရအား ပြောက်ကျားနည်းဖြင့် အနိုင် တိုက်ယူသွားသူက ကျူးဘားခေါင်းဆောင် "ကက်စထရို" ပင်။



www.burmeseclassic.com

www.burmeseclassic.com



သို့တစေ ပြောက်ကျားခေါင်းဆောင်တို့တွင် ကျဆုံးသွားခဲ့သူများလည်း ရှိ၏။

♀ ♀ ♀

အာရပ်ကမ္ဘာ၏ ရုပ်သံလွှင့်ဌာန (အယ်လ်ဂျားဇီးရား)မှ ဆက်ဒမ်ဟူစိန်၏ အသံသွင်း တိတ်ခွေကို ထုတ်လွှင့်ပြခဲ့၏။

အသံက ဆက်ဒမ့်အသံ ဖြစ်သဖြင့် ဆက်ဒမ့်ကို ထောက်ခံနေသူများအဖို့ အားတက်စရာဟု ဆိုရမည်။

(ထိုတိတ်ခွေနှင့် ပတ်သက်၍ ဆက်ဒမ်အသံ အစစ် ဟုတ်မဟုတ် အိမ်ဖြူတော်က လည်းကောင်း၊ ဗြိတိသျှ ကာကွယ်ရေးဌာနကလည်းကောင်း မပြောနိုင်ခဲ့ပါ။)

တစ်ခုရှိသည်က သည်တိတ်ခွေ ထွက်ပြီးသည့်နောက်ပိုင်းနှင့် မထွက်ခင် ရက်များတွင် အီရတ်များက ပြောက်ကျားစစ် ပုံစံဖြင့် တိုက်ခိုက်ကြသည်။

ထို့ကြောင့် အီရတ်၌ အမေရိကန်ရော၊ အင်္ဂလန်တပ်တွေပါ အတော်ကလေး အထိနာခဲ့၏။ အကျအဆုံး များလာခဲ့ရ၏။

မကြာခင်ရက်ကပင် ပြောက်ကျားများက မော်တာနှင့် လှမ်းပစ်သဖြင့် အမေရိကန်စစ်သား (၁၆)ဦး ဒဏ်ရာရခဲ့၏။

ယခင်ကလည်း အမေရိကန်စစ်သား တစ်ဦးချင်း ချောင်းမြောင်းပစ်ခတ် ခံခဲ့ရ၏။

ထို့ကြောင့် ဇွန်လ (၁၄)ရက်နေ့က ထွက်လာသည့် ဆက်ဒမ်တိတ်ခွေကို ကောက်နုတ်ချက် ချကြည့်ရင် ပြောက်ကျားစစ်ကို ရည်ညွှန်းသည်မှာ သိသာလာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကောက်နုတ်ချက် (၁)

"ကျွန်တော် အီရတ်မှာ ခင်ဗျားတို့ရဲ့ ရဲဘော်တစ်ယောက် အနေနဲ့ ရှိနေတယ်"

ချစ်စွာသော အီရတ်ပြည်သူတို့

ခင်ဗျားတို့ကို ကျွန်တော် မျှော်လင့်တယ်။ ကျွန်တော်ဟာ ခင်ဗျားတို့နဲ့ ဘဝတူ ရဲဘော်တစ်ယောက်အနေနဲ့ အမြဲ ရှိနေတယ်"

ကောက်နုတ်ချက် (၂)

အီရတ်ပြည်သူများ ခုခံဆန့်ကျင်ရေး စစ်ဆင်နွှဲကြ။

ခုခံဆန့်ကျင်ရေးစစ် တိုက်နေတဲ့ ရဲဘော်တွေကို အကူအညီပေးကြ။

နယ်ချဲ့ကျူးကျော်သူ အမေရိကန်နဲ့ အင်္ဂလိပ်တွေကို ဝိုင်းပယ်ကြ၊ ဆန့်ကျင်ကြ။

ဤတိတ်ခွေကို ဆန်းစစ်ကြည့်လျှင် ဆက်ဒမ်ဟူစိန် ပြောက်ကျားစစ်ကို ရည်ညွှန်းဆင်နွှဲနေကြောင်းမှာ သိသာသည်။

အဘယ့်ကြောင့်ဆိုသော် . . .

ပြောက်ကျားစစ် သဘောတရားတွင် . . .

ရန် . . . တက် . . . ငါ . . . ဆုတ်

ရန် . . . ဆုတ် . . . ငါ . . . တက်

ရန် . . . နား . . . ငါ . . . နှောင့်

ဟု ရှိသည်။

(ရန်ဆိုသည်မှာ ရန်သူကို ဆိုလိုခြင်း ဖြစ်သည်)

ရန် . . . တက် . . . ငါ . . . ဆုတ်



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန်တပ်ကြီး တက်လာတော့ ဆက်ဒမ်တပ်တွေက ဆုတ်ပေးလိုက်သည်။

အမေရိကန်တပ် နေရာမယူနိုင်သည့် နေရာတွင် ပြောက်ကျားတွေ ဝင်လာမည်။

အမေရိကန်တပ် နားပြီဆိုတော့ (ရန် . . . နား . . . ငါ . . . ချေ) ဆိုသလို၊ ချေစစ်ပြုပြီး (ပစ်ပြေး) လုပ်မည်။

ယခု အီရတ်အခြေအနေသည် အမေရိကန်နှင့် အင်္ဂလန်တပ်တို့အား အစိမ်းကြွေ ချေတိုက်သည့် ချေစစ်ပြုသည်မှာ သေချာလှ၏။

သို့သော် အများစဉ်းစားရမည့် အချက်က အခြား မဟုတ်။ ဆက်ဒမ်ဟူစိန်၌ ပြောက်ကျားခေါင်းဆောင်တစ်ဦး၏ အရည်အချင်း ရှိ မရှိ ဆိုသည့် ပြဿနာ ဖြစ်၏။

တိတ်ခွေတွင်း၌မူ ပြောက်ကျားခေါင်းဆောင် လေသံမျိုးနှင့် ပြောနေသည်က အမှန်ပင်။

တစ်ခုရှိသည်ကား

စစ်ဆိုသည်မှာ နိုင်သည်လည်း ရှိ၊ ရှုံးသည်လည်း ရှိနိုင်၏။ မည်သူနိုင်သည်ကို အချိန်က အဖြေပေးစမြဲပင်။

ပို၍ ပြောလို့ မရသလို လျော့တွက်၍လည်း မရ။

မည်သို့ဆိုစေ အီရတ်တွင် ပြောက်ကျားစစ်ကို ဆင်နွှဲနေသည်ကတော့ အမှန်ဟု ဆိုရမည်ပင်။

⊙ ⊙ ⊙



www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း လေး

# ဆက်ဒမ်ဟူစိန်၏ နောက်ဆုံးနေ့များ

www.burmeseclassic.com

www.burmeseclassic.com

# ဆယ့်ရှစ်
# အီရတ်စစ်ပွဲ သတင်းများ

## အိမ်ဖြူတော်မှ စီအိုင်အေ ညွှန်ကြားရေးမှူးအား ဖားစာခံ လုပ်လိုက်ပြီ

အိမ်ဖြူတော်မှ စီအိုင်အေ ညွှန်ကြားရေးမှူး ဂျော့တဲနက်ကို ဖားစာခံ လုပ်လိုက်ပြီဟု အမေရိကန် ဆီးနိတ်ထောက်လှမ်းရေး ကော်မတီမှ ဆီးနိတ်အမတ် ဂျော့ရော့ကာဖယ်လာက ပြောကြား၏။

အမေရိကန်သမ္မတ ဘုရှ် နိုင်ငံသို့ ပြောသည့် အခြေပြု မိန့်ခွန်းပါ မှားယွင်းသော ထောက်လှမ်းရေး အချက်အလက် စာကြောင်းများသည် မိမိ၏ တာဝန်ဖြစ်ကြောင်း စီအိုင်အေ ညွှန်ကြားရေးမှူး ဂျော့တဲနက်က ပြောကြားခဲ့၏။

"အီရတ်က အာဖရိကတိုက် နိုင်ဂျာနိုင်ငံမှ ယူရေနီယံ သတ္တုများ ဝယ်ယူရန် ကြိုးပမ်းမှုသည် ဗြိတိန် ထောက်လှမ်းရေးကို အခြေခံထားကြောင်း ပြောကြားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစာကြောင်းများကို ပြန်လည်ရုပ်သိမ်းရန် အကြောင်းကြားမှု မရခဲ့ကြောင်း အိမ်ဖြူတော်က ဆို၏။ သို့တိုင်အောင် သမ္မတ ဘုရှ်က ဂျော့တဲနက်ကို ယုံကြည်မှု ရှိနေကြောင်း ပြော၏။

ဒီမိုကရက်တစ်အမတ် ဂျွန်ဇော့စ်ကမူ 'တဲနက်'အား ရာထူးမှ နုတ်ထွက်ရန် တောင်းဆိုခဲ့၏။

CNN 14. 7. 2003

## သမ္မတ ဘုရှ် အမှန်ပြောဖို့ သင့်ပြီ၊

အမေရိကန်တွင် အီရတ်နှင့် ပတ်သက်၍ သမ္မတ ဘုရှ်အား ဒီမိုကရက်တစ်အမတ်များ၏ ဝေဖန်မှုက ပို၍ တိုးမြင့်လာပြီဟု ဆိုရမည်။

ဆီးနိတ်အမတ် 'ဂျွန်ကယ်ရီ'က

အမေရိကန်အစိုးရအား အီရတ်တွင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ လုံလောက်ခြင်း မရှိသည့် အကြောင်းနှင့် ပတ်သက်၍ သမ္မတဘုရှ် အမှန်ပြောရန် အချိန်တန်ပြီ"

ဟု ဝေဖန်ခဲ့၏။

ကယ်ရီသည် သမ္မတ ဘုရှ် အီရတ်အား တိုက်ခိုက်မည့် အစီအစဉ်ကို ထောက်ခံခဲ့သူ ဖြစ်၏။

ကယ်ရီသည် ၂၀၀၄ ခုနှစ် သမ္မတ ရွေးကောက်ပွဲတွင် ယှဉ်ပြိုင်အရွေးခံရမည့် ဒီမိုကရက်တစ် သမ္မတလောင်း ဖြစ်၏။

CNN 11.7.03



www.burmeseclassic.com

www.burmeseclassic.com



## အီရတ်စစ်ပွဲ မပြီးသေးဆိုတဲ့ တော်မီဖရန့်

အီရတ်နိုင်ငံ၏ အမေရိကန်နှင့် ညွန့်ပေါင်းတပ်ဖွဲ့၏ တပ်မှူးဟောင်း ဗိုလ်ချုပ်ကြီး တော်မီဖရန့်က အီရတ်တွင် ညွန့်ပေါင်းတပ်ဖွဲ့သည် နောက်ထပ် (၂)နှစ်မှ (၄)နှစ်ထိ ရှိနိုင်သည်ဟု ဆို၏။

တော်မီဖရန့်က အမေရိကန် ကွန်ဂရက်အမတ်များအား ပြောကြားရာတွင်

"အီရတ်မှာ အမေရိကန်တပ်ဖွဲ့တွေ တစ်နေ့တစ်နေ့ တိုက်ခိုက်ခံရမှု (၁၀)ကြိမ်က (၂၅)ကြိမ်အထိ ရင်ဆိုင်နေရတယ်။ မကြာမီ အီရတ်အခြေအနေ ပြောင်းလွဲလာနိုင်ပေမယ့် အီရတ်စစ်ပွဲ မပြီးသေးဘူးလို့ ဆိုရမယ်"

ဟု ပြော၏။

သူက အီရတ်ရှိ ခုခံတိုက်ခိုက်သူများအား အကြွင်းဖက် သမား ဂျီဟာဒ်များ၊ ဘာ့သ်ပါတီဝင်များနှင့် ရာဇဝတ်သားများ ဟု ဆို၏။

CNN 11 . 7. 03

## ထောက်လှမ်းရေးသတင်းတုဖြင့် အီရတ်ကို ကျူးကျော်ခဲ့ဟု ဆို

အီရတ်ကို အမေရိကန်က တိုက်ခိုက်ရန် အကြောင်း ပြုခဲ့သည့် အရေးကြီးသည့် အချက်တစ်ချက်တွင် ပါဝင်သည့် အီရတ်အစိုးရသည် နိုင်ဂျာနိုင်ငံမှ နျူကလီးယား ထုတ်လုပ်သည့် ယူရေနီယံများ ဝယ်ယူရန် အားထုတ်ခဲ့သည် ဟူသော စွပ်စွဲမှုကို အမေရိကန် သမ္မတ ဘုရှ်က ဇန်နဝါရီလ (၂၈)ရက်



www.burmeseclassic.com

www.burmeseclassic.com



နေ့၌ နိုင်ငံသို့ မိန့်ခွန်းပြောကြားစဉ် ထည့်သွင်းပြောကြား ခဲ့ခြင်းနှင့် ပတ်သက်၍ အမေရိကန်အစိုးရအဖွဲ့အတွင်း အငြင်းပွားနေပြီ ဖြစ်၏။

ယခုအခါ အိမ်ဖြူတော်က ထိုစွပ်စွဲမှုသည် မှားယွင်းသော ထောက်လှမ်းရေးသတင်းကို အခြေခံထားကြောင်းနှင့် ဝန်ခံပြီး၊ သမ္မတ ဘုရှ်သည် ထိုစွပ်စွဲမှုအား မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခြင်း မပြုသင့်ကြောင်း ပြောခဲ့၏။

အတိုက်အခံ ဒီမိုကရက်တစ် ဥက္ကဋ္ဌက ထိုစွပ်စွဲမှုကို ဖုံးကွယ်ထားသည်ဟု သမ္မတ ဘုရှ် အစိုးရအား စွပ်စွဲလိုက်၏။

အကြီးတန်း ဒီမိုကရက်တစ်အမတ်များက ထိုကိစ္စကို အပြည့်အဝ စုံစမ်းရန် တောင်းဆိုခဲ့၏။

တနင်္လာနေ့တွင်မူ

"အိမ်ဖြူတော်တွင် ရှိသည့် အချို့ထောက်လှမ်းရေး စာရွက်စာတမ်းများသည် အတုများ ဖြစ်သည်"

ဟု ဝန်ခံခဲ့၏။

♀ ♀ ♀

**ဟီလာရီ ကလင်တန်၏ အီရတ်အရေး ဝေဖန်ချက်။**

သူက အမေရိကန် သမ္မတဟောင်း ဘီလ်ကလင်တန်၏ ဇနီး ဖြစ်သလို၊ ဒီမိုကရက်တစ်ပါတီ၏ အထက်လွှတ်တော်အမတ်လည်း ဖြစ်၏။

သူက အီရတ်စစ်ပွဲအပြီး မဟာဗျူဟာတွေနှင့် ပတ်သက်၍ သမ္မတ ဘုရှ်ကို ဝေဖန်လိုက်ပြီး မကြာသေးမီက အီရတ်နှင့် အာဖဂန်နစ္စတန်ကို ရောက်ရှိသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များ လတ်တလော ကြုံတွေ့ရမှုများကို မီးမောင်းထိုး ဝေဖန်ခဲ့၏။

"အီရတ်မှာ အမေရိကန်တပ်ဖွဲ့ဝင်တွေဟာ လတ်တလော အခက်အခဲတွေ ကြုံတွေ့နေရတယ်။ ချောင်းမြောင်းလုပ်ကြံမှုတွေ ခံနေရတယ်။ ဒါတွေအားလုံးဟာ ဘုရှ် အစိုးရရဲ့ အတွက်အဆ မှားယွင်းမှုတွေပဲ"

ဟု ဆိုသည်။ ထို့အတူ သူမက

"ကျွန်မ အပြင်းထန်ဆုံး ဝေဖန်ချင်တာက ဘုရှ်အစိုးရဟာ အီရတ်စစ်ပွဲ တိုက်ခိုက်မှုမှာ အောင်မြင်မှု ရပြီးတဲ့နောက် ဘာတွေ ဖြစ်လာမယ် ဆိုတာကို မှန်ကန်တဲ့ စီမံမှု မရှိဘဲ အီရတ်ကို ကျူးကျော်ခဲ့မှုပဲ"

"ကျွန်မတို့အနေနဲ့ စစ်ရေးအရ အောင်မြင်မှု ရမယ်ဆိုတာ အသေအချာ သိထားတယ်။ ဒါပေမယ့် အခုအချိန်မှာ ကျွန်မတို့တပ်ဖွဲ့တွေ ရှေ့ဘာဆက်လုပ်ကြမလဲ။ ဒါကို အသေအချာ ဆောင်ရွက်ဖို့ လိုပြီ။ ဒီမှာ ဘုရှ်အစိုးရ မှားယွင်းနေပြီလို့ ကျွန်မ ဆိုချင်တယ်"

ဟု ပြောရင်း အမေရိကန်တပ်ဖွဲ့များ ကမ္ဘာတစ်လွှားဖြန့်ကြက်မှုနှင့် အီရတ်အရေးတွင် နိုင်ငံတကာမှ ပူးပေါင်းမှုလိုအပ်ကြောင်း ပြောကြားခဲ့၏။

သူမက . . .

"ကျွန်မတို့အနေနဲ့ တပ်ဖွဲ့တွေကို နိုင်ငံတကာမှာ ဖြန့်ကြက်ထားတဲ့အတွက် အီရတ်မှာ တပ်စွဲနေရာယူဖို့အတွက် အခက်အခဲ ရှိတယ်။ အခက်အခဲ တွေ့ရတယ်။ အီရတ်ပြဿနာမှာ ကျွန်မတို့နဲ့အတူတူ ပူးပေါင်းဆောင်ရွက်နိုင်မယ့် နိုင်ငံတကာ



www.burmeseclassic.com

www.burmeseclassic.com



တပ်ဖွဲ့တွေကို ရမှသာ ကြာရှည်ဆောင်ရွက်နိုင်မယ်" ဟု ဆို၏။

သူမက သမ္မတ ဘုရှ်အား နောက်နှစ် ရွေးကောက်ပွဲ အမီ အီရတ်ရှိ အမေရိကန် အာဏာပိုင်တွေက အီရတ်ပြည်သူတွေ လက်ထဲ အာဏာကို ပြန်ပေးဖို့နှင့် နိုဝင်ဘာ လောက်တွင် တပ်ဖွဲ့တွေ ပြန်သိမ်းဖို့ အကြံပြုလိုက်၏။

A B C News (Internet)

⦿ ⦿ ⦿



www.burmeseclassic.com

www.burmeseclassic.com

## ဆယ့်ကိုး
## ဆက်ဒမ်နှင့် သူ့သားများ

အမေရိကန် သမ္မတ ဂျော့ဒဗလျူ ဘုရှ် အစိုးရအဖွဲ့က ဆက်ဒမ်ကိုသာ စိတ်ဝင်စားသည် မဟုတ်။ စောင့်ကြည့်နေခဲ့သည် မဟုတ်။ ဆက်ဒမ်၏ သားများဖြစ်သည့် ဘမျိုးဘိုးတူ ချိုကလေးနှင့် ဆိုရမည့် သူ့သား နှစ်ဦးကိုလည်း သတိထားနေရသည်။ စောင့်ကြည့်နေရသည်။

အမေရိကန်တို့အနေနှင့် ဆက်ဒမ် ပြုတ်ကျရေးကို ကြိုးပမ်းရာ၌ အထူး သတိပြုရမည့် အချက်များစွာ ရှိ၏။ ဆက်ဒမ်ဟူစိန်အား လုပ်ကြံလျှင် (သို့မဟုတ်) ရာထူးမှ ဖြုတ်ချခဲ့လျှင် ဆက်ဒမ်၏ သြဇာ တည်နိုင်သူ ရှိမနေဖို့က လိုသည်။

ခက်သည်က ဆက်ဒမ်တွင် သူ့သြဇာတည်သည့် သားနှစ်ဦးက ရှိနေသည်။ သူတို့က ဆက်ဒမ်နယ် သြဇာထက်မြက် လက်စောင်းထက်သူများပင်။

သူတို့အမည်က ကူဆေးနှင့် အူဒေး။

ဆက်ဒမ် မရှိလျှင် ဆက်ဒမ်၏ သြဇာအာဏာက သူ့သား တစ်ဦးဦး၏ လက်ထဲသို့ ရောက်သွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် အမေရိကန် ထောက်လှမ်းရေး အကြီးအကဲများက ဆက်ဒမ်နှင့် သူ့မိသားစုအကြောင်းကို ထောက်လှမ်းရသည်။ အထူးသဖြင့် ဆက်ဒမ်၏ သားနှစ်ဦး အကြောင်းပင်။

အီရတ်အစိုးရဘက်မှ ကူးပြောင်းလာသည့်သူများ ပြောဆိုချက်များကို အမေရိကန်တို့က စုစည်းမှတ်တမ်းတင်ရသည်။

ကြားရသည့် အချက်က စိတ်သက်သာဖွယ်ရာ မရှိ။

ဆက်ဒမ်၏ သားနှစ်ဦးဖြစ်သည့် အူဒေးနှင့် ကူဆေး ညီနောင်က စရိုက်ခြင်းက မတူ။ လှုပ်ရှားပုံခြင်း မတူကြသလို၊ ရက်စက်မှုတွင်လည်း ကမ်းကုန်သည်ဟု ဆိုကြ၏။

"သူတို့က သိပ်ဆိုးတယ်။ အထူးသဖြင့် သားကြီးဖြစ်တဲ့ အူဒေးက ဓားကြပ်နံကြပ် ဖြစ်လာပြီဆိုရင် ဓာတုလက်နက်၊ ပိုးမွှား လက်နက်တွေကို ထုတ်သုံးဖို့ ဝန်လေးမှာ မဟုတ်ဘူး"

ဟု ဆိုသည်။

"ဒါဖြင့် ကူဆေးက အမိက ဖြစ်နေတော့ အငယ်ကောင် ကူဆေးက ဒီလက်နက်တွေကို ထိန်းချုပ်ထားတယ်။ သူတို့ သဘောထားက လိုအပ်လာရင် အမေရိကန်တပ်ဖွဲ့နဲ့ အမေရိကန် နိုင်ငံသား တွေကို တိုက်ခိုက်ဖို့ နည်းလမ်းအဖြစ် သုံးမှာ။ ပြောရရင် သူက ပိုပြီး အန္တရာယ် ကြီးတယ်"

ဟု ဆို၏။

ဒါက အီရတ်ပြည်ပြေးများ ပြောသည့်စကား။ တကယ်တော့လည်း ယုံစားရ ခက်လွန်းလှ၏။

အချို့က အူဒေးနှင့် ကူဆေးတို့နှင့် ပတ်သက်သည့် အကြောင်းများသည် ချဲ့ကားပြောဆိုမှု ဖြစ်သည်ဟု ပြောကြသော်လည်း အမေရိကန် ထောက်လှမ်းရေး အကြီးအကဲတို့ကမူ



www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ ဒီအကြောင်းတွေက မမှန်ဘူးလို့ ပြောနိုင်သလို၊ မမှားဘူးလို့လည်း ပြောနိုင်တယ်။ ဘာကြောင့်လည်းဆိုရင် အူဒေးအကြောင်းကို အများက သိနေကြပေမယ့် ကူဆေးအကြောင်းက မှောင်တစ်ဝက် လင်းတစ်ဝက် ဖြစ်နေလို့ မှန်းဆရ သိပ်ခက်တယ်"

ဟု ဆို၏။ ထို့အတူ ထိုပုဂ္ဂိုလ်က

"ဒါတွေကို ဘာကြောင့် ပြောရသလဲဆိုရင် အရေးပါနေလို့ပဲ။ အထူးသဖြင့် သတိထားရမှာက ကူဆေးပဲ။ သူဟာ ဆက်ဒမ်ရဲ့ အချစ်ဆုံးသား၊ ဆက်ဒမ်ရဲ့ အရိုက်အရာကို ခံရမည့်သူ။ သူက ဖခင်ရဲ့ ဩဇာအာဏာနဲ့ အသက်ရှင် ရပ်တည်မှုတို့အတွက် လုံခြုံရေးကို ထိန်းထားရသူလည်း ဖြစ်တယ်"

ဟု ဆို၏။

အူဒေးနှင့် ကူဆေးက နှစ်နှစ်ကြီး နှစ်နှစ်ငယ် ညီအစ်ကို ဖြစ်၏။ အူဒေးက (၃၈)နှစ် ရှိပြီး ကူဆေးက (၃၆)နှစ်ရှိပြီ ဖြစ်၏။

သူတို့နှစ်ဦးက ထိတ်လန့်ဖွယ်ကောင်းသော အနေအထားနှင့် ဘဝကို ဖြတ်သန်းခဲ့ကြ၏။

သူတို့သည် ငယ်စဉ်က စနက်တံ ဖြုတ်ထားသည့် လက်ပစ်ဗုံးများနှင့် ကစားခဲ့ရ၏။ ဖခင် အရာရှိ ဖြစ်စဉ်ကာလက ညှဉ်းပန်းနှိပ်စက်သည့် အကျဉ်းခန်းများသို့ ဖခင်နှင့်အတူ လိုက်ပါခဲ့ကြ၏။

သည်စဉ်က ဤအခန်းသည် နာမည်ကြီး၏။ ဒုတိယမြောက် ဖိုင်အယ်ဘုရင်ကို (၁၉၅၈)ခုနှစ်တွင် လုပ်ကြံသတ်ဖြတ်ခဲ့သည့် အခန်း။

ဆက်ဒမ်ကိုယ်တိုင်ကလည်း ရက်စက်၏။ တားစာခံများကို သတ်ဖြတ်ပြီး မိသားစုဝင်တို့ထံသို့ ပို့ခဲ့သည်။ ဆက်ဒမ်သည် ဟစ်တလာလို၊ စတာလင်လို ချိုးသလားမသိ။

"ဆက်ဒမ့်သားတွေဟာ ဆက်ဒမ်ကြောင့် သွေးပျက်သလို ဖြစ်နေတယ်" ဟု အချို့က ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



အူဒေးသည် သွားခေါ်၏။ စကား မပီသ။

သူ့တွင် မိန်းမ သုံးဦးရှိခဲ့သော်လည်း သားသမီး မရှိခဲ့။ ပြီးတော့ သူက မိန်းမကိစ္စ အလွန်ပွေသည်။

“အူဒေးဟာ မိန်းမမြင်ရင် မနေနိုင်ဘူး။ သူ နှစ်သက်ပြီဆိုရင် ပျိုပျိုအိုအို မရွေးဘူး။ လင်ရှိရင် လင်သတ်ပဲ။ သူ့မယားလိုချင် သူ့လင်သတ်ဇာတ်ခင်းတာ။ တစ်ခါက ပန်းခြံတစ်ခုမှာ လင်မယား နှစ်ယောက်နဲ့ တွေ့တော့ မယားကို အူဒေးက နှစ်သက်ပြီး မယားကို အပိုင်စီးတယ်။ မတရားပြုကျင့်တယ်။ လင်ကိုတော့ ဆက်ဒမ်ကို သွားပုတ်လေလွင့်ပြောသူလို့ စွပ်စွဲပြီး သတ်ပစ်လိုက်တယ်”

ဒီအကြောင်းကို ပြောသူက အီရတ်ပြည်ပြေး “လာတစ်တာ မီဟာ” ဖြစ်၏။ ဤဇာတ်လမ်းကို အတည်ပြုရန် မဖြစ်သော်လည်း မိန်းကလေး၏ ခင်ပွန်းဖြစ်သူ ကွပ်မျက်ခံရသည်ကိုမူ အီရတ်မီဒီယာ ကိုက ဖော်ထုတ်ခဲ့၏။

တစ်ခုရှိသည်က အူဒေးသည် ဖခင်ဖြစ်သူ၏ မုန်းတီးမှုကို ခံရသူ။ ထို့ကြောင့် အရက်သောက်၏။ တစ်ခါက အရက်မူးပြီး ဖခင်ဖြစ်သူ၏ ကိုယ်ရံတော်တစ်ဦးအား သေနတ်ဖြင့် ပစ်သတ်ခဲ့သည်။ ထို့ကြောင့် ရက်ပေါင်း (၄၀)ကြာအောင် ဆွတ်ဇာလန်သို့ ပို့ထားခဲ့၏။

“ဒါဟာ ဆက်ဒမ်ရဲ့ သားတွေကို ပြစ်ဒဏ်ခတ်ခြင်းလေး ဒါပေမယ့် ခဏပါ။ ပြီးတော့ ရာထူးကြီးတွေကို ပြန်ပေးတယ်။ အူဒေးကို ရက်ပေါင်း (၄၀) ဆွတ်ဇာလန်ကို လွှတ် အပြစ်ပေးပြီးတော့ အိုလံပစ် ကော်မတီ အကြီးအကဲ ရာထူးကို ပြန်ပေးတယ်။ ခုံညားထယ်ဝါတဲ့ အဆောက်အဦးကြီးပေါ်မှာ စက်သေနတ်ကိုင် အစောင့်တွေနဲ့ နေသား တယ်”

ဟု ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ကူဆေးသည် အထူးလုံခြုံရေး အဖွဲ့အစည်း (အက်စ်အက်စ် အို)ကို စီမံအုပ်ချုပ်သည်။ အက်စ်အက်စ်အိုက ဆက်ဒမ်၏ အဓိက လူအများကို သေကြေပျက်စီးစေနိုင်သည့် ဓာတု ပိုးမွှားလက်နက်များကို ထိန်းချုပ်ထားသည်။

ထို့ပြင် ကူဆေးသည် ဆက်ဒမ်၏ သစ္စာကို စောင့်သိသည့် စစ်သား (၁၅၀၀၀)ခန့်ဖြင့် ဖွဲ့စည်းထားသည့် ရီပတ်ပလစ်ကင် အထူး အစောင့်တပ်ဖွဲ့၏ တပ်မှူးလည်း ဖြစ်၏။

ဆက်ဒမ်သည် သူ၏ အဓိက လုံခြုံရေးအတွက် သားငယ် ဖြစ်သူ ကူဆေးကို အထူး ယုံကြည်အားထား၏။

ဆက်ဒမ် (သို့မဟုတ်) ကူဆေး မသိဘဲ အီရတ်နိုင်ငံတွင် တစ်စုံတစ်ခု ဖြစ်ပွားမှု မရှိခဲ့ပေ။

⊙ ⊙ ⊙



www.burmeseclassic.com

www.burmeseclassic.com

## နှစ်ဆယ်
## နောက်ဆုံးနေ့နိဒါန်း
## သို့မဟုတ်
## အူအေးနှင့် ကူဆေး၏ နောက်ဆုံးနေ့

အီရတ်နိုင်ငံ မြောက်ပိုင်း။

မြို့တော် မိုလ်ဆူးမြို့ပြင်။

ခံ့ညားထည်ဝါသည့် အိမ်ကြီးတစ်လုံး။

သတင်းပေးသူ၏ သတင်းပေးချက်အရ အမေရိကန်စစ်သား များသည် ရှော့ကက်၊ လောင်ချာများ၊ လက်နက်ကြီးငယ်များနှင့် ဝေပောင်ကျည်မိုး ရွာချခဲ့ပြီ။

ပေါက်ကွဲသံတွေ ညံစီနေ၏။

တိုက်ပွဲတစ်ခု ဖြစ်ပွားခဲ့သည်မှာ အမှန်ပင်။ ထိုတိုက်ပွဲကြောင့် အီရတ်ခေါင်းဆောင် ဆက်ဒမ်ဟူစိန်၏ သားများဖြစ်ကြသည့် အူအေးနှင့် ကူဆေး ညီအစ်ကို နှစ်ဦးစလုံး သေဆုံးသွားခဲ့ရ၏။

"လူရမ်းကား လူသတ်သမား ညီနောင် ကျဆုံးသွားပြီ" ဟု ကြေညာချက် ထုတ်သည်။ ထို့အတူ အမေရိကန် စစ်ဖက်

www.burmeseclassic.com

www.burmeseclassic.com



အရာရှိတို့က "ဒီညီအစ်ကို ကျဆုံးသွားတာကြောင့် အမေရိကန်တပ်တွေ ရင်ဆိုင်နေရတဲ့ ပြောက်ကျားတိုက်ခိုက်မှုတွေ ပြီးဆုံးသွားပြီ" ဟု ဆိုသည်။

တိုက်ပွဲက (၆)နာရီ ကြာသည်။

"အမေရိကန်တပ်တွေအဖို့ စစ်ပွဲပြီးဆုံးလို့ ဆက်ဒမ်နဲ့ အလိုရှိဆုံး ပုဂ္ဂိုလ်တွေကို ရှာဖွေရတဲ့ တိုက်ခိုက်ပွဲမှာ ဒီတိုက်ပွဲကတော့ အကြာမြင့်ဆုံးပဲ"

ဟု ဆို၏။

အစိုးထိတ်ရဆုံးဖြစ်သည့် အူဒေးနှင့် ကူဆေး ညီနောင်တို့ ကျဆုံးသွားခြင်းသည် အမေရိကန်တို့အတွက် အားဆေးတစ်ခွက် သောက်လိုက်ရသလိုပင်။ သမ္မတ ဘုရှ်အတွက်လည်း အားတက်စရာ။

ဆက်ဒမ်၏ သားနှစ်ဦး တိုက်ပွဲတွင် ကျဆုံးကြောင်း သိလိုက်ရတော့ အမေရိကန်တပ်တွေ သေနတ်မိုးပေါ် ထောင်ဖောက်ပြီး အောင်ပွဲခံကြသည်။ မိုလ်ဆူးနဲ့ ဘဂ္ဂဒက်မှာ သေနတ်သံတွေက ဆူညံလို့။

ဒါကြောင့် အရပ်ဖက်ခေါင်းဆောင် "ပေါလ်ကရီမာ"က

"ဒီလိုလုပ်ရပ်တွေကို ရပ်ကြပါ။ မလုပ်ကြပါနဲ့"

ဟု မေတ္တာရပ်ခံရ၏။ ဒါကလည်း အကြောင်းရှိသည်။ သူတို့ သေဆုံးခြင်းကို လိုလားသူတွေ ရှိသလို၊ မလိုလားသူတွေက လည်း ရှိနေသည် မဟုတ်လား။

♀ ♀ ♀

ထိုတိုက်ပွဲတွင် အမေရိကန် ဦးဆောင်သည့် မဟာမိတ်စစ်သည် လေးဦး ဒဏ်ရာရခဲ့သည်။ အူဒေးနှင့် ကူဆေးတို့နှင့်အတူ အီရတ်နှစ်ဦး သေဆုံးသွားခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"သေဆုံးသူထဲမှာ ဆက်ဒမ်ဟူစိန် မပါဘူး။ ဆက်ဒမ်ဟူစိန်ကတော့ ပျောက်နေဆဲပဲ"

"ဒီအိမ်ပိုင်ရှင်က ဘယ်သူလဲ"

"ဒီအိမ်ပိုင်ရှင်က ဆက်ဒမ်နဲ့ ညီအစ်ကိုတော်သူ နဝမ်ဘယ်လ်ဇေမန်မိုဟာမက်ပဲ။ သူဟာ မိုလ်ဆူးဒေသရဲ့ မျိုးနွယ်စု ခေါင်းဆောင်တစ်ဦးပဲ"

ဟု ရှင်းပြသည်။

ဒုတိယ ဗိုလ်ချုပ်ကြီး ရီကာဒိုဆန်းချစ်က

"ဒီကနေ့မှာ အူဒေးနဲ့ ကူဆေး သေဆုံးကြောင်းကို ကျွန်တော်တို့ အတည်ပြုနိုင်ခဲ့ပါပြီ" ဟု ပြော၏။

သို့သော် ထိုအလောင်းများကို ဓာတ်ပုံရိုက်ခွင့် မပြုခဲ့။ အမေရိကန် စစ်ဖက်ပုဂ္ဂိုလ်များက သူတို့ သေဆုံးသွားခြင်းအတွက် အောင်ပွဲဟု ဆို၏။

အဘယ့်ကြောင့်ဆိုသော် အူဒေးနှင့် ကူဆေးသည် ဆက်ဒမ်အစိုးရတွင် ဆက်ဒမ်ပြီးလျှင် ထိပ်တန်းနေရာ ရယူထားသူများ ဖြစ်သောကြောင့်ပင်။

သူတို့က ဆက်ဒမ်အစိုးရ ထိပ်တန်းခေါင်းဆောင်နေရာတွင် နံပါတ် (၂)နှင့် နံပါတ် (၃)နေရာကို ယူထားသူများ ဖြစ်၏။ ထို့ကြောင့် သူတို့အား ဒေါ်လာ (၁၅)သန်းစီ ဆုငွေထုတ်ခဲ့ခြင်း ဖြစ်သည်။

♀ ♀ ♀

"သူတို့ဟာ အီရတ်ပြည်သူတွေကို အများကြီး နှိပ်စက်ညှဉ်းပန်းခဲ့သူတွေပါ၊ ခုတော့ အီရတ်ပြည်သူတွေအတွက် အေးချမ်းခွင့်ရသွားပါပြီ"

ဟု နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲလ်က ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိန်ဝန်ကြီးချုပ် တိုနီဘလဲက "သူတို့ဟာ ဆက်ဒမ်ရဲ့ မကောင်းဆိုးဝါး သားနှစ်ဦးပါ။ ခုတော့ သူတို့ သေဆုံးသွားခဲ့ပြီ" ဟု ဆို၏။

ဒုတိယဗိုလ်ချုပ်ကြီး ဆန်းချစ်က

"ခုဆိုရင် အီရတ်လုံခြုံရေး အခြေအနေက တိုးတက်မှု ရသွားပါပြီ"

ဟု ဆိုခဲ့၏။ ထို့အတူ သူက

"အီရတ်နိုင်ငံမှာ ဆက်ဒမ်မိသားစုရဲ့ အစိုးရဆိုတာ ဘယ်တော့မှ ပြန်ပေါ်လာမှာ မဟုတ်တော့ပါဘူး" ဟု ပြော၏။

အီရတ်အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် အာမက်ချာလာဘီက

"အူဒေးနဲ့ ကူဆေး ကျဆုံးသွားတဲ့အတွက် အသစ်ဖြစ်ပေါ် လာမယ့် တိုက်ပွဲဆိုတာ မရှိနိုင်တော့ပါဘူး"

ဟု ဖွင့်ဟ၏။

သို့သော် တကယ်တန်းတွင်မူ ထိုသို့ မဟုတ်။ အထင်နှင့် အမြင်က ဝေလာဝေး။

♀ ♀ ♀

အီရတ်ပြည်သူများစွာက အူဒေးနှင့် ကူဆေးတို့ သေဆုံးသွားခဲ့သည့် အိမ်ကြီးကို ဝိုင်းအုံကြည့်ကြ၏။ အချို့က အမေရိကန်တို့ကို ဆဲရေးတိုင်းထွာ၏။

အမေရိကန်စစ်တပ်များ၏ အုပ်ချုပ်ရေးအရာရှိ ရီကာဒိုတာ ဆန်းချစ်က အင်္ဂါနေ့က မိုလ်ဆူးမြို့ပြင်ရှိ အိမ်ကြီးကို ဝင်ရောက်စီးနင်း တိုက်ခိုက်ခဲ့ရပုံကို ရှင်းပြခဲ့၏။

"အီရတ်ပြည်သူတစ်ဦးက အူဒေးနဲ့ ကူဆေး ပုန်းအောင်း နေတဲ့ နေရာကို ညွှန်ပြနိုင်ကြောင်းနဲ့ ဒေါ်လာ (၁၅)သန်း ပေးမယ် ဆိုတာ အမှန်ပဲလားလို့ဟု မေးတယ်။ အဲဒီနောက် နေရာအတိအကျကို



www.burmeseclassic.com

www.burmeseclassic.com



ညွှန်ပြတယ်။ ဒါကြောင့် အမေရိကန်စစ်သား (၂၀၀)ဟာ ညွှန်ပြတဲ့ မိုလ်ဆူးမြို့ပြင်က အိမ်ကြီးကို ချဉ်းကပ်ခဲ့တယ်။ အဲဒီနောက် ပြန်လည် ပစ်ခတ်ခံခဲ့ရတယ်။ ဒီလို အပြန်အလှန် ပစ်ခတ်မှုတွေကြောင့် ကောင်းကင်က ရဟတ်ယာဉ်တွေကို သုံးပြီး ပစ်ခတ်တိုက်ခိုက်လိုက် ရတယ်။ နာရီပေါင်းများစွာ တိုက်ခိုက်ကြပြီးမှ အိမ်ကြီးထဲမှာ ငြိမ်သက် သွားတယ်။ ဒီတိုက်ပွဲပြီးအောင် ခြောက်နာရီကျော်လောက် တိုက်ခိုက်ခဲ့ ရတယ်"

ထို့နောက် အမေရိကန်စစ်သားများက အိမ်တွင်းသို့ ဝင်ရောက် ပြီး ရှင်းလင်းရှာဖွေရာ အလောင်း လေးလောင်းကို ရှာဖွေတွေ့ခဲ့၏။ အူဒေး၊ ကူဆေး၊ သက်တော်စောင့်တစ်ဦးနှင့် ကူဆေး၏ သားငယ် (ဆက်ဒမ်၏ မြေး)တို့ ဖြစ်ကြ၏။

အလောင်းများကို စစ်ဆေးပြီး မိုလ်ဆူးမြို့သို့ သယ်ယူခဲ့၏။

♀ ♀ ♀

အူဒေးသည် ဆက်ဒမ်၏ မျှော်လင့်ချက်များအား အကောင် အထည် ဖော်ပေးမည့် ဆက်ဒမ် အားထားရသည့် သားကြီး ဖြစ်ခဲ့သော် လည်း လွန်ခဲ့သည့် နှစ်အနည်းငယ်မှ စ၍ ဆက်ဒမ်၏ ယုံကြည်မှု လျော့နည်းခြင်း ခံခဲ့ရသူ ဖြစ်၏။

သူသည် ဆက်ဒမ်၏ အနီးကပ် သက်တော်စောင့်ကို (၁၉၈၈) ခုနှစ်က သတ်ဖြတ်ခဲ့ဖူး၏။

သူ၏ ပင်ကိုယ်စိတ်က ကြမ်းတမ်းလွန်းသည်။

သူ့အား ဆက်ဒမ်နှင့် တူသည်ဟု ဆိုကြသည်။

သူ့အား (၁၉၉၆)ခုနှစ်က မကျေနပ်သူအချို့မှ သတ်ဖြတ်ရန် ကြံစည်ခဲ့ဖူးသော်လည်း သေဘေးမှ သီသီလေး ကပ်၍ လွတ်သွားခဲ့၏။ သို့သော် သူက ဆက်ဒမ် အားထားရသည့် 'ဖာဒီယင်' စစ်အုပ်စုကို



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်ရသည့် ခေါင်းဆောင်တစ်ဦး ဖြစ်၏။

အမေရိကန် အာဏာပိုင်တွေက အီရတ်တွင် အမေရိကန်နှင့် မဟာမိတ်စစ်သည်များ ရင်ဆိုင်နေရသည့် တိုက်ခိုက်မှုများကို သူတို့ လမ်းညွှန်ချက်ဟု ယုံကြည်နေကြ၏။

ကူဆေးမှာမူ ဆက်ဒမ်၏ အားထားရသည့် သားငယ် ဖြစ်၏။ အီရတ် အစိုးရအဖွဲ့တွင် အရေးပါသည့် အစိတ်အပိုင်းတစ်ခုလည်း ဖြစ်၏။

သူက အူဒေးနှင့် နှိုင်းစာလျှင် ပျော့ပျောင်းသူဟု ဆိုရမည်။ ရီပတ်ပလစ်ကင်တပ်ကို ခေါင်းဆောင်ရသူ ဖြစ်၏။

ဖခင်ခြေရာ နင်းပြီး အီရတ်ကို အုပ်ချုပ် မင်းလုပ်မည့်သူဟု ထင်ကြေးပေးခံရသူလည်း ဖြစ်၏။

သူတို့နှစ်ဦး သေဆုံးသွားခြင်းအတွက် သမ္မတ ဘုရှ် ဝမ်းသာ တက်ခဲ့ရသည်။ သူတို့ သေပြီဆိုတော့

"အီရတ်ပြည်သူတွေအတွက် အာမခံချက် အပြည့်အဝ ရရှိသွားပြီ။ ဆက်ဒမ်အစိုးရ ဘယ်တော့မှ ပြန်လာနိုင်တော့မှာ မဟုတ်ဘူး"

ဟု သမ္မတ ဘုရှ် ပြောကြောင်း အိမ်ဖြူတော် ပြောရေးဆိုခွင့် ရှိသူ စကော့မက်ဆီယန်က သေဆုံးမှုဖြစ်ပြီး ခဏအကြာ၌ သတင်း ထုတ်ပြန်ခဲ့သည်။

ပေါလ်ဘရီမာကမူ

"သူတို့ သေဆုံးခြင်းဟာ အီရတ်ပြည်သူတွေအတွက် အကြီးမားဆုံး အောင်ပွဲပါပဲ"

ဟု ဆို၏။

CNN Reater, Yahoo New



www.burmeseclassic.com

www.burmeseclassic.com

## နှစ်ဆယ့်တစ်
## ဆက်ဒမ်၏ နောက်ဆုံးနေ့

"အမျိုးကောင်းသားနဲ့ အမျိုးကောင်းသမီးတို့ ခင်ဗျာ . . ကျွန်ုပ်တို့ သူ့ကို မိပါပြီ"

ဤကား အီရတ်ရောက် အမေရိကန် အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာ၏ ကမ္ဘာသို့ အစီရင်ခံသည့် စကားစု ဖြစ်၏။

ထိုစကားကို ကြေညာသည်က ၂၀၀၃ ခုနှစ်၊ ဒီဇင်ဘာလ (၁၄)ရက်၊ တနင်္ဂနွေနေ့။

ဆက်ဒမ်ကို ဖမ်းမိပြီဆိုတော့ အားလုံး အံ့သြကုန်ကြပြီး အားလုံးအထင်က ဤသို့ ဆက်ဒမ်ကို လွယ်လွယ်နှင့် ဖမ်းမိလိမ့်မည်ဟု မထင်ခဲ့ကြ။ တုံ့ပြန်မှု ရှိမည်ဟု ထင်သည်။

နောက်ဆုံး ဆက်ဒမ်သည် ရန်သူ၏ အမိကို မခံဘဲ ကိုယ့်ကိုကိုယ် အဆုံးစီရင်လိမ့်မည်ဟု ထင်ကြသည်။ ယခုလို သေနတ် တစ်ချက် မဖောက်ရဘဲ အဖမ်းခံလိုက်ရသည်ဆိုတော့ ပိုပြီး အံ့သြစရာ ဖြစ်နေသည်။

တကယ့်ကို မယုံနိုင်စရာ အဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ထိုအဖြစ်က အဖြစ်မှန်ပင်။

အီရတ်ခေါင်းဆောင် ဆက်ဒမ်ဟူစိန်အား အမေရိကန် တပ်ဖွဲ့ဝင်တို့က လက်ရဖမ်းဆီးလိုက်နိုင်ပြီ။

♀ ♀ ♀

ဆက်ဒမ်ကို ဖမ်းမိသည်က တီကရစ်မြို့ တောင်ဘက် လယ်တောတစ်ခုရှိ မြေအောက်အခန်းကျဉ်းကလေးထဲတွင် ဖြစ်သည်။

ဆက်ဒမ်ကို ဖမ်းဆီးမိဖို့အတွက် အမေရိကန်တပ်ဖွဲ့ဝင်များ ပျာယာခတ်ခဲ့သည်။ စစ်ဆင်ရေးတစ်ခုအနေနှင့် စီစဉ်ညွှန်ကြားခဲ့ရသည်။

တပ်ဖွဲ့ဝင်ပေါင်း များစွာနှင့် စီးနင်းဝိုင်းဝန်းခဲ့ရ၏။ အမေရိကန် တပ်ဖွဲ့ဝင်တို့သည် တုံ့ပြန်တိုက်ခိုက်မှု ရလျှင် ပစ်ခတ်ရန် အသင့်။ သို့မဟုတ် ဆက်ဒမ်မြေအောက်ခန်းမှ ခုခံလျှင် လက်ပစ်ဗုံးနှင့် ပစ်ထည့် မည့် အနေအထားလည်း ရှိ၏။

ဘဂ္ဂဒက်မြို့ ကျဆုံးပြီးနောက် ကိုးလကြာသည့်တိုင် ဆက်ဒမ် တစ်ယောက် ပျောက်ဆုံးနေခဲ့၏။ ရွှေသမင် ခြေရာပျောက်ကို ခြေရာ ကောက်မရသလို၊ အမေရိကန်တပ်ဖွဲ့ အကျပ်ရိုက်နေခဲ့သည်။

သည်ကြားထဲ အူဒေးနှင့် ကူဆေးကို အသေဖမ်းမိလိုက်သည်။ သို့သော် ဆက်ဒမ်က ပျောက်နေဆဲ။

သို့သော် ၂၀၀၃ ခုနှစ်၏ နောက်ဆုံးလ ဒီဇင်ဘာ (၁၃) ရက်နေ့၊ အီရတ် စံတော်ချိန် ည ၈း၂၆ မိနစ်တွင်တော့ ဆက်ဒမ်၏ ဘ၀ ကံကောင်းသည့် နေ့ရက်များက နိဂုံးချုပ်သွားပြီဟု ဆိုရမည် ဖြစ်သည်။

ဆက်ဒမ်ကို တီကရစ်မြို့အနီး ယာတောထဲမှ (၈)ပေခန့် အနက်ရှိသည့် မြေအောက်ခန်း ကျဉ်းကျဉ်းလေးထဲတွင် အမေရိကန်တို့ ဖမ်းဆီးရမိလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန် တပ်ဖွဲ့ဝင်တို့သည် ဘဂ္ဂဒက်မြို့ရှိ အိမ်တစ်အိမ်ကို ဝင်ရောက်စီးနင်း ရှာဖွေရာမှ အမေရိကန်တို့ အလိုရှိသည့် ဆက်ဒမ် ရှိနေသည့် နေရာကို သတင်းပေးနိုင်သည့် သတင်းပေးတစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။ ထိုပုဂ္ဂိုလ်က ဖော်ကောင်လုပ်လိုက်သဖြင့် ဆက်ဒမ် ရှိနေသည့် နေရာကို သိရှိကာ ဆက်ဒမ်ကို ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။

အမေရိကန် တပ်ဖွဲ့ဝင် (၆၀၀)ခန့်သည် ထိုပုဂ္ဂိုလ်၏ လမ်းညွှန် ချက်အတိုင်း အယ်ဒဝါ လယ်တောသို့ ချဉ်းနင်းခဲ့သည်။ လယ်တောထဲ၌ ပကတိ ငြိမ်သက်နေ၏။

အမှတ်တမဲ့ ကြည့်လျှင် မြေအောက်ခန်းလို့ မမြင်နိုင်။

သို့သော် သေချာသည့် သတင်းပေးမှုကြောင့် မြေအောက်ခန်း မှန်း မသိအောင် ပြုပြင် ဖုံးကွယ်ထားမှုကို အမေရိကန် တပ်ဖွဲ့ဝင်တို့ သတိပြုမိသွားသည်။

မြေအောက်ခန်းအမိုးကို ဆွဲဖွင့်လိုက်သည်။

မြေအောက်ခန်းအပေါက်က ဘွားခနဲ ပေါ်လာ၏။ အမေရိကန် တပ်ဖွဲ့ဝင်များက မြေအောက်ခန်းထဲသို့ လက်နက်များဖြင့် ချိန်ကာ အထဲတွင် ရှိနေသည့် ပုဂ္ဂိုလ်ကို ထွက်ခဲ့ရန် အမိန့်ပေးလိုက်သည်။

မြင်ကွင်းသည် ပီပြင်လှ၏။ မြေတိုက်ခန်းထဲမှ ပင်ပန်းနွမ်းနယ် ဟန် ရှိပြီး၊ မုတ်ဆိတ်မွေး၊ ပါးသိုင်းမွေးရှည်နှင့် အဘိုးကြီးရုပ် ပေါက်နေ သည့် ပုဂ္ဂိုလ်က လက်မြှောက်၍ ထွက်လာ၏။

သေနတ်ပြောင်းတွေက အပြည့်။

"ဘယ်သူလဲ၊ ခင်ဗျား ဆက်ဒမ်ဟူစိန်လား"

အမေရိကန်တပ်ဖွဲ့ဝင်များသည် သစ္စာဖောက် သတင်းပေး ပုဂ္ဂိုလ်၏ အတိအကျ သတင်းပေးမှုကြောင့် အီရတ်ခေါင်းဆောင် ဆက်ဒမ်ဟူစိန်မှန်း သိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန် တပ်ဖွဲ့ဝင်များက သေနတ်ပြောင်းများနှင့် ချိန်ထား ချိန်တွင် ဆက်ဒမ်ဟူစိန်အနားတွင် A . K 47 ရိုင်ဖယ် နှစ်လက်နှင့် ပစ္စတို တစ်လက် ရှိနေ၏။

ဆက်ဒမ်က ခုခံခြင်း မပြု။

ဆက်ဒမ်သည် ညစ်ပေနေသည့် ပွယောင်းယောင်း ဘောင်းဘီ နှင့် အင်္ကျီကို ဝတ်ထား၏။

"မေးတာ ဖြေပါ။ ခင်ဗျား ဆက်ဒမ်ဟူစိန် မဟုတ်လား"

ဆက်ဒမ်က

"ဟုတ်တယ်။ ကျုပ် ဆက်ဒမ်ဟူစိန်ပါပဲ။ ကျုပ်ဟာ အီရတ် သမ္မတပါ။ ကျုပ်အနေနဲ့ ခင်ဗျားတို့နဲ့ စေ့စပ်ဆွေးနွေးလိုပါတယ်"

ဟု အာရဗီလေသံပေါက်သည့် အင်္ဂလိပ်စကားကို ပြော လိုက်၏။

ထိုစဉ် အမေရိကန် စစ်သားတစ်ဦးက

"ခင်ဗျားကို သမ္မတ ဘုရှ်က အလေးထားကြောင်း ပြောလို ပါတယ်" ဟု တုံ့ပြန်၏။

ထို့နောက် အထူးတပ်ဖွဲ့ဝင်များသည် အဖိုးတန် ပစ်မှတ် များကို သိမ်းပိုက်မိသည့်အခါတိုင်း ပြုလုပ်လေ့ရှိသည့် လုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့သည်။

တပ်ဖွဲ့ဝင်တစ်ဦးက ဆက်ဒမ် လက်ကို နောက်ပစ်စေပြီး ပလတ်စတစ် လက်ထိပ်ခတ်သည်။ သူ့ဦးခေါင်းကို ခေါင်းစွပ်တစ်ခု စွပ်လိုက်၏။

ဆက်ဒမ်ကို ဖမ်းရန် စီစဉ်ကြိုးပမ်းခဲ့သည့် စစ်ဆင်ရေးသည် နာရီဝက် မကြာခင်မှာပင် ပြီးဆုံးသွားခဲ့ပြီ။

ထို့ကြောင့် အမှတ် (၄) ခြေလျင်တပ်မမှ ဒုတိယဗိုလ်ချုပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com



**ဆွေနွန်အိုင်ဒီယာနိုက** . . .

"ကျွန်တော်တို့တပ်တွေ သူကို ဖမ်းရတာ ဘာမှ မခက်ခဲပါဘူး။ ကြွက်ကလေးတစ်ကောင်လို မြေအောက်ခန်းအောက်မှာ ပိတ်ပြီး ဖမ်းနိုင်ခဲ့ပါတယ်" ဟု ပြော၏။

သို့သော် ဆက်ဒမ်ကို ဖမ်းဆီးရမိခြင်းကြောင့် အီရတ်တွင် ပြောက်ကျားတိုက်ခိုက်မှုများ ရပ်တန့်သွားမည်၊ မသွားမည်မှာမူ မပြောနိုင်ကြပါ။

သမ္မတ ဘုရှ်ကမူ

"ညွှန့်ပေါင်းတပ်တွေကို ဆန့်ကျင်တိုက်ခိုက်မှုတွေ ပိုပြီး ပေါ်ပေါက်လာနိုင်တယ်"

ဟု ပြောဆိုသည်။

"ဆက်ဒမ်နံဘေးမှာ ဆက်သွယ်ရေး ကိရိယာတွေ မရှိတဲ့ အတွက် သူ သူပုန်တပ်ဖွဲ့တွေကို မညွှန်ကြားဘူး ဆိုတာကတော့ ထင်ရှားနေပါတယ်"

ဒုတိယဗိုလ်ချုပ်ကြီး အိုဒီယာနိုက ပြော၏။

"ဒီတစ်ခါ ရတဲ့ သတင်းဟာ သတင်းမှန် ဖြစ်တဲ့အတွက် ဝမ်းသာစရာပဲ"

ဆက်ဒမ်ကို ဖမ်းမိခြင်းသည် အသားထဲမှ လောက်ထွက်ခြင်း ဟု ဆိုနိုင်၏။ ဆက်ဒမ်သတင်းကို ပို့သူသည် ဆက်ဒမ်နှင့် နီးစပ်သည့် မိသားစုဝင်များထဲမှ တစ်ဦးဖြစ်၏။ အမေရိကန်တပ်ဖွဲ့သည် သတင်း ရရှိပြီး (၃)နာရီ အကြာတွင် ဆက်ဒမ်ကို ဖမ်းဆီးရမိခဲ့ခြင်း ဖြစ်၏။

ဆက်ဒမ်အား ရဟတ်ယာဉ်နှင့် ဘဂ္ဂဒက်ကို သယ်ဆောင်သွားပြီးနောက် ယခင် အီရတ်အရာရှိဟောင်းများနှင့် တွေ့ဆုံစေခဲ့ရာ ဒုတိယ ဝန်ကြီးချုပ်ဟောင်း တာရစ်အဇစ်က ဆက်ဒမ် စစ်မှန်ကြောင်း အတည်ပြု ပြောကြားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

## နှစ်ဆယ့်နှစ်
## အာရပ်သူရဲကောင်း ဆက်ဒမ်

(၂၀၀၃) ခုနှစ်၊ ဒီဇင်ဘာလ (၁၃)ရက်နေ့။

နံနက် (၈ း ၃၀) မိနစ်အချိန်။

အီရတ်နိုင်ငံ၏ ခေါင်းဆောင် အီရတ်သမ္မတ "ဆက်ဒမ် ဟူစိန်" ကို ဖမ်းမိကြောင်း အမေရိကန် အာဏာပိုင်တို့က DNA အဖြေရလဒ်များနှင့်အတူ တရားဝင် အတည်ပြု ထုတ်ပြန်လိုက်ပြီ။

သို့သော်

"ဒီကိစ္စက လုံးဝ မဖြစ်နိုင်ဘူး။ သူဟာ သတ္တိရှိတဲ့ ခြင်္သေ့ တစ်ကောင်နဲ့ တူတဲ့ သူပါ။ သူဟာ အာရပ်ကမ္ဘာရဲ့ သူရဲကောင်းပါ။ သူ ဘယ်တော့မှ အလွယ်အကူနဲ့ အညံ့ခံမှာ မဟုတ်ဘူး"

ဟု သူ့မိသားစုက ပြောသည်။

အချို့ကမူ

"ဒါဟာ အမေရိကန်တပ်တွေနဲ့ သစ္စာဖောက်တွေ ပူးပေါင်း လုပ်ကြံမှု ဖြစ်နိုင်တယ်။ သစ္စာဖောက်တွေဟာ အမေရိကန်တပ် တွေရဲ့ ညွှန်ကြားမှုအတိုင်း ဆက်ဒမ်ဟူစိန်ကို သွက်ချာပါဖြစ်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ငွေ့တွေ၊ ဆေးဝါးတွေ အသုံးပြုပြီး မရိုးမသား လုပ်ကြတာပဲ ဖြစ်လိမ့်မယ်”

ဟု ပြောသည်။ ဆက်ဒမ်ဟူစိန်၏ ယခင်အခြေအနေနှင့် ယခု အခြေအနေကလည်း ပြောစရာလို ဖြစ်နေသည် မဟုတ်လား။

♀ ♀ ♀

“အာရပ်သူရဲကောင်းဖြစ်တဲ့ ဆက်ဒမ်ဟူစိန်ဟာ အခုလို အညံ့ခံခြင်းမျိုးနဲ့ ဘယ်တော့မှ အညံ့ခံမှာ မဟုတ်ဘူး။ သူ့ကို အာရုံကြောတွေကို အခိုက်အတန့် သေသွားစေမယ့် ဆေးဝါးတွေနဲ့ ဖြစ်စေ၊ ဒါမှမဟုတ် အာရုံကြောကို ထိခိုက်စေတဲ့ ဓာတ်ငွေ့တွေနဲ့ ဖြစ်စေ လုပ်လိုက်ကြလို့ပဲ ဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုရင် သူဟာ အစော်ကား ခံပြီးမှ အညံ့ခံမယ့် လူစား မဟုတ်လို့ပဲ”

ဟု ဆက်ဒမ်ဟူစိန်၏ ညီမဖြစ်သူ နဝါး(တ်) ဘီဘာရာဟင် အယ်လ်ဟာတ်ဆန်က အမည်ဖော်ပြထားခြင်း မရှိသည့် အာရပ်မြို့တော် တစ်ခုမှ နေပြီး လန်ဒန်မှာ အခြေစိုက်သည့် “အယ်လ်ကစ်စ်အယ်လ် အာရဗီ” သတင်းစာကို ထုတ်ဖော်ပြောခဲ့၏။

သူကပင်

“အမေရိကန်တွေဟာ ကျွန်မရဲ့ အစ်ကိုကို အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်မှာ သေချာတယ်။ ဘာကြောင့်လဲဆိုရင် အမေရိကန်တွေဟာ ဆက်ဒမ် အသက် အသေခံပြီး ခုခံမယ့် အခြေအနေမျိုးကို လုံးဝ အခွင့်အရေး မပေးဘဲ ခုလို ထိန်းချုပ်ထားလို့ ဖြစ်မယ်”

ဟု ဆို၏။

♀ ♀ ♀

www.burmeseclassic.com

www.burmeseclassic.com



"အမေရိကန်တို့က ဆက်ဒမ်ဟူစိန် ဦးခေါင်းကို ဘီးစိပ်တိုက်ပြီး သန်းချပစ်တဲ့အထိ တော့ အစော်ကား မခံရသင့်ဘူး"

ဟု အာရပ်ဘာသာနှင့် တွေ့ဆုံမေးမြန်းခန်းတွင် မစ္စနဝါး(တ်)က ယခုကဲ့သို့ ပြောဆိုလိုက်သည်။

တရားမဝင် ဓာတုဆေးဝါးတွေ အသွင်းခံရပြီး အဖမ်းခံလိုက်ရတာ ဖြစ်တဲ့အတွက်ဟု အာရပ်လူမျိုးများနှင့် အီရတ်လူမျိုးအချို့တို့က သူ့ဘက်က ခုခံကာကွယ် ပြောချင်ပြောနေကြမည်။

"ပိုပြီး အရေးကြီးတာက သူ့ကို ကောင်းမွန်စွာ ထားဖို့ လိုသလို၊ ဥပဒေနဲ့အညီ တရားမျှတစွာ ရုံးတင်စစ်ဆေးဖို့ လိုတယ်။ ဒါကို တိကျစွာ အာမခံသင့်တယ်"

ဟု မစ္စ နဝါး(တ်)က တိုက်တွန်းပြောဆို၏။

"ပြောရရင် ကျွန်မရဲ့ ခင်ပွန်း 'အာရပ် ဟာစင်' အပါအဝင် ဆက်ဒမ်ရဲ့ ဆွေမျိုးအားလုံး အဖမ်းခံထားရပြီ။ အားလုံး ညှဉ်းပန်းနှိပ်စက်တာ ခံနေရတယ်"

ဟု ရင်ဖွင့်၏။ ထို့အတူ သူမက

"သူတို့အားလုံးကို ဘဂ္ဂဒက်မှာ တရားစီရင်ခြင်း မပြုဘဲ ဟိဂ်မြို့ နိုင်ငံခြားရှေ့နေများရှေ့မှာ အမှုစစ်ဆေးပေးသင့်တယ်" ဟု တောင်းဆိုလိုက်၏။

♀ ♀ ♀

"တကယ်လို့ ကျွန်မရဲ့ ဖခင်ကို တရားစီရင်မယ်ဆိုရင် နိုင်ငံတကာ တရားရုံးရှေ့မှာ တရားစီရင်သင့်တယ်။ ကျွန်မဖခင်ဟာ မူးယစ်ဆေးဝါး တစ်စုံတစ်ရာ အသွင်းခံခဲ့ရကြောင်း တင်ပြရမယ်" ဟု ဆက်ဒမ်ဟူစိန်၏ သမီးကြီးဖြစ်သူ 'ရာဂဒ်ဟူစိန်' က စီအင်အင်သို့ ထုတ်ဖော်ပြောဆိုကြောင်း သတင်းတစ်ရပ်တွင် ဖော်ပြ၏။



www.burmeseclassic.com

www.burmeseclassic.com



'ရာဂတ်'က

"ကျွန်မကတော့ ကျွန်မအဖေကို အီရတ်တရားရုံးမှာ တရားစီရင်မယ့် ကိစ္စကို သဘောမတူနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ ဒီမှာ တရားစီရင်ရင် မျှတတဲ့ တရားစီရင်ရေးကို ရမှာ မဟုတ်ဘူး။ နိုင်ငံတကာက အသိအမှတ် မပြုတဲ့ အဖွဲ့အစည်းတစ်ခုက တရားစီရင်မှာ ဖြစ်လို့ ဘယ်နည်းနဲ့မှ မျှတမှု ရမှာ မဟုတ်သလို၊ အမှန်တရားလည်း ရှိမှာ မဟုတ်ဘူး" ဟု ပြောသည်။

သူမ ဆိုလိုသည်မှာ ယခု အီရတ်ကို ကြားဖြတ်အုပ်ချုပ်နေသည့် အရပ်သား အုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတကာမှ အသိအမှတ် ပြုထားသည့် အဖွဲ့အစည်း မဟုတ်ကြောင်း၊ အာရပ်ကမ္ဘာကပင် အသိအမှတ် မပြုကြောင်း ပြောရင်း

"ဒီလို အဖွဲ့အစည်းက ဘယ်လို အခွင့်အာဏာနဲ့ တရားစီရင်မလဲ။ ပြီးတော့ ပြောချင်တာ **တစ်ခုက** ကျွန်မဖခင်ဟာ အာရပ်သူရဲကောင်းတစ်ဦး ဖြစ်တဲ့အတွက် ယခု မီဒီယာတွေမှာ ဖော်ပြတဲ့ ပုံဟာလည်း ကျွန်မအဖေရဲ့ပုံ မဟုတ်နိုင်ဘူး ဆိုတာပါပဲ"ဟု ငြင်းဆို၏။

"ကျွန်မအဖေရဲ့ စိတ်ဓာတ်ကို ကျွန်မ သိတယ်။ ကျွန်မအဖေဟာ ဘယ်တော့မှ အညံ့ခံ လက်နက်ချမယ့်သူ မဟုတ်ဘူး။ ခုတော့ ဒီဖြစ်ပျက်ပုံတွေက လုပ်ကြံမှု သတင်းကားကို ကြည့်နေရသလိုပဲ"

ဟု ပြောရင်း ချုံးပွဲချ ငိုသည်။

"အဖေရဲ့ မှိုင်တွေတွေ မျက်နှာဟာ ကျွန်မအတွက်တော့ ရင်ဆို့စရာပါ။ အထူးသဖြင့် ကျွန်တော်ဟာ ဆက်ဒမ်ပါ။ အီရတ်နိုင်ငံရဲ့ သမ္မတပါ။ ကျွန်တော် ခင်ဗျားတို့နဲ့ စေ့စပ်ဆွေးနွေးချင်တယ် ဆိုတဲ့ အဖေ့စကားကို ကြားရတာ လုံးဝ မယုံဘူး"

ဟု ဆို့နင့်စွာ သူက ဆို၏။



www.burmeseclassic.com

www.burmeseclassic.com

## နှစ်ဆယ့်သုံး
## ပျံ့လွင့်နေသည့် အသံများ

**အီရတ်တရားသူကြီးများနှင့် ဆက်ဒမ်ကို စစ်ဆေးမည်၊**

'အာဏာရှင်ဟောင်း'ဟု အမည်တပ်ခံရသည့် အီရတ်သမ္မတ ဆက်ဒမ်အား စစ်ရာဇဝတ်မှုများ စစ်ဆေးရန် အထူးဖွဲ့စည်းထားသည့် ခုံရုံးတွင် အီရတ်တရားသူကြီးများက ရုံးတင်စစ်ဆေးမည်ဖြစ်ကြောင်း အမေရိကန်ပြည်ထောင်စုက ခန့်ထားသည့် ဥက္ကဋ္ဌက အောက်ပါအတိုင်း ပြော၏။

"ဆက်ဒမ်ဟူစိန်ကို အီရတ်နိုင်ငံသား တရားသူကြီးတွေက စစ်ဆေးအမိန့်ချမှတ်မှာ ဖြစ်ပြီး၊ အဲဒီ အထူးတရားရုံးအဖွဲ့ဟာ အပြည်ပြည်ဆိုင်ရာ ကျွမ်းကျင်သူ ပညာရှင်တွေရဲ့ ကြီးကြပ်မှုအောက်မှာ ရှိပြီး၊ တာဝန်ဝတ္တရားတွေကို အီရတ်မှာသာ ထမ်းဆောင်ကြမှာ ဖြစ်ပါတယ်"

ဟု အီရတ်နိုင်ငံ ကြားဖြတ်အုပ်ချုပ်ရေးကောင်စီ၏ အလှည့်ကျ ဥက္ကဋ္ဌဖြစ်သူ 'အဇစ်အာလ်ဟာခင်မ်' က ပြော၏။

www.burmeseclassic.com

www.burmeseclassic.com



အီရတ်နိုင်ငံ၏ ရာဇဝတ်မှုဆိုင်ရာ အထူးတရားရုံးသည် (၁၉၆၈)ခုနှစ်မှ (၂၀၀၃)ခုနှစ်အတွင်း ဆက်ဒမ်ဟူစိန်အစိုးရ ကျူးလွန်ခဲ့သည့် ရာဇဝတ်ပြစ်မှုများကို စစ်ဆေးကြမည် ဖြစ်သော်လည်း အီရတ်နိုင်ငံ အစိုးရသည် အာဏာလွှဲပြောင်း ခံယူပြီးနောက် ခရစ်နှစ် (၂၀၀၄)ခုနှစ် ပတ်ဝန်းကျင်တွင်မှ လုပ်ငန်း စတင်နိုင်မည် ဖြစ်၏။

(ပါရီ)

## ဆက်ဒမ်အား ဂျနီဗာ ကွန်ဗင်းရှင်း အခွင့်အရေးများ ပေးမည်

အမေရိကန် စစ်တပ်အား ကိုးလကြာအောင်ရှောင်တိမ်းနေသည့် ဆက်ဒမ်အား တရားဝင် စစ်သုံ့ပန်းအဆင့်ထားမည်၊ မထားမည်ကိုမူ အမေရိကန် ကာကွယ်ရေးဝန်ကြီးက ထုတ်ဖော်ပြောကြားခြင်း မရှိ။ ရေငုံနေ၏။

"ကျွန်တော်တို့က လုပ်စရာရှိတာကို လုပ်ပြီး၊ ရေ့နေတွေက ဆုံးဖြတ်သင့်တာကို ဆုံးဖြတ်မှာပါ"

ရမ်းစဖဲလ်က ဘီစီအက်စ်နှင့် မိနစ် (၆၀)ကြာ အစီအစဉ်တွင် ပြောကြားခဲ့၏။ ထို့နောက်တွင်မူ ရမ်းစဖဲလ်က "ဆက်ဒမ်ကို ဂျနီဗာ ကွန်ဗင်းရှင်းပါ စည်းကမ်းအတိုင်း ဆက်ဆံပြီး စစ်သုံ့ပန်းတစ်ဦးရဲ့ အခွင့်အရေးတွေကို ပေးမှာပါ" ဟု ပြော၏။

ဂျနီဗာ ကွန်ဗင်းရှင်းအရ ဖမ်းဆီးရရှိသည့် စစ်သားတိုင်းအား နေစရာ၊ အဝတ်အစား၊ အစားအသောက်နှင့် ဆေးဝါး ပြုစုကုသမှု အပါအဝင် လူဆန်စွာ ဆက်ဆံမည်ဟု



www.burmeseclassic.com

www.burmeseclassic.com



စည်းမျဉ်း ပါရှိ၏။

ၿငင်းစည်းမျဉ်း အကျဉ်းသားတစ်ဦးအား အရှက်ခွဲပြီး နှိမ်ချ၍ ဆက်ဆံခွင့် မရှိစေရ။ စစ်ရာဇဝတ်သားအဖြစ် သံသယရှိနေသူများသူကိုပင် ညှဉ်းပန်းနှိပ်စက်ခြင်းကို သော် လည်းကောင်း၊ ခန္ဓာကိုယ်အား အပြစ်ပေးခြင်း (ကြိမ်ဒဏ် စသည်တို့ဖြင့်)ကို သော်လည်းကောင်း ပြုလုပ်၍ မရဟု ဖော်ပြထား၏။

(ဝါရှင်တန်)

**ဆက်ဒမ်၏ ဒုတိယဇနီးထံမှ ရင်တွင်းစကား၊**

ဆက်ဒမ်၏ ဒုတိယဇနီးဖြစ်သူသည် သားနှင့်အတူ လက်ဘနွန်နိုင်ငံတွင် နေထိုင်လျက် ရှိပြီး ခင်ပွန်းဖြစ်သူ ဆက်ဒမ်ထံသို့ စာနှင့် ဖြစ်စေ၊ တယ်လီဖုန်းနှင့် ဖြစ်စေ၊ တစ်ပတ်လျှင် တစ်ကြိမ်ကျ ဆက်သွယ်သည်ဟု လက်ဘနွန် နိုင်ငံထုတ် သတင်းစာတစ်စောင်က တနင်္ဂနွေတွင် ထုတ်ဖော် ခဲ့၏။

"သူ့ဆီက အကြောင်းတစ်ခုခုကို တယ်လီဖုန်းနဲ့ မပြောအားခဲ့ရင် နှစ်ရက်သုံးရက်အတွင်း သူ့ဆီက အကျိုး အကြောင်း ဖော်ပြစာ ရောက်လာမှာကို ကျွန်မ သိနေတယ်" ဟု 'ဆာမီရာရှာဘန်ဒါ'က ဆန်းဒေးတိုင်းစ် သတင်းစာနှင့် တွေ့ဆုံခန်းတွင် ပြောကြားခဲ့၏။

မိမိမှာ မတ်လက အီရတ်စစ်ပွဲ ပြီးဆုံးသွားပြီးနောက် နယ်စပ်ကို ဖြတ်၍ ဆီးရီးယားနိုင်ငံထဲသို့ ဝင်ရောက်ခဲ့ကြောင်း၊ ၎င်းမှတစ်ဆင့် ဘေရွတ်မြို့သို့ ခရီးဆက်ပြီး ဘေရွတ်မှ



www.burmeseclassic.com

www.burmeseclassic.com



လက်ဘရှုန်နိုင်ငံသို့ နိုင်ငံကူး လက်မှတ် ရခဲ့ကြောင်း၊

သူမက ရှေ့လတွင် ပါရီသို့ ပြောင်းရွှေ့နေထိုင်ရန် စိတ်ကူးထားကြောင်း ပြောဆို၏။

သူသည် ယခုအခါ 'ဟာဒီဂျာ' အမည်နှင့် နေထိုင်လျက် ရှိ၏။

ဆာမီရာ၏ ပြောပြချက်အရ အမေရိကန် ဦးဆောင်သည့် စစ်ပွဲ ပြီးဆုံးသွားပြီးနောက် သမ္မတရာထူးမှ ဖယ်ရှားခြင်းခံရသော ဆက်ဒမ်က ဆာမီရာအား ငွေအသပြာ ဒေါ်လာ ငါးသန်း၊ ရွှေနှင့် ကျောက်မျက်ရတနာ ပစ္စည်းများ ပေးပြီး (၂၁)နှစ်အရွယ် သား "အလီ"နှင့် နယ်စပ်မှ တစ်ဆင့် ဆီးရီယားသို့ ပို့ခဲ့၏။

နိုင်ငံကူးလက်မှတ်ပေါ်တွင် 'အလီ'၏ အမည်မှာ 'ဟာတ်ဆန်' ဟု ပြောင်းထား၏။

ဆက်ဒမ်၏ ပထမဇနီး 'ဆာဂျီဒါ' မှာ ဆီးရီယားနိုင်ငံတွင် ရှိနေသည်ဟု ခန့်မှန်းထား၏။

ဆာမီရာရာဘန်ဒါ၏ ခာတ်ပုံကို ပထမဆုံးအကြိမ် သတင်းစာ၌ ဖော်ပြခဲ့၏။

ဆာမီရာသည် လျှို့ဝှက်သိပ်သည်းသည့် အမျိုးသမီးဖြစ်ပြီး၊ ဆက်ဒမ်၏ ဇနီး လေးဦးအနက် ဆက်ဒမ်နှင့် အရင်းနှီးဆုံး မိန်းမလည်း ဖြစ်၏။

သူမက

"ကျွန်မယောကျ်ား အာဏာဆုံးရှုံးရတာ လူယုံ သစ္စာဖောက်တွေကြောင့်ပါ"

ဟု ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူမက

"ဧပြီ (၉)ရက်နေ့က ကျွန်မ ပုန်းအောင်းရာကို သူ ရောက်လာခဲ့တယ်။ သူ စိတ်ဓာတ်ကျနေတာ သိနေတယ်။ သူက သူ့လူယုံတွေ သူ့ကို သစ္စာဖောက်ကြောင်း ပြောပြတယ်" ဟု ဆို၏။

(လန်ဒန်)

**မစ္စတာ ဒါရာနူရာလ်ဒင်၏ စကား၊**

မစ္စတာ ဒါရာနူရာလ်ဒင်သည် အီရတ် အုပ်ချုပ်ရေးကောင်စီဝင်လည်း ဖြစ်၊ အီရတ်နိုင်ငံသား တရားသူကြီးလည်း ဖြစ်၏။

မစ္စတာ ဒါရာနူရာလ်ဒင်က

"ဆက်ဒမ်ကို သေဒဏ်ပေးမယ် ဆိုရင်လည်း သေဒဏ်ပေးဖို့ ဆုံးဖြတ်ချက်ကို လာမယ့်နှစ် ဇူလိုင်လမှာ ဖွဲ့စည်းမယ့် အသွင်ကူးပြောင်းရေး အစိုးရကသာ လုပ်နိုင်မှာ ဖြစ်တယ်" ဟု ပြော၏။

**ဆက်ဒမ်အား သေဒဏ်ပေးခြင်းကို**
**ကိုဖီအာနန် ဆန့်ကျင်သည်၊**

အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်အား စစ်ဆေးရေးနှင့် ပတ်သက်၍ တင်ပြချက် အယူအဆ အမျိုးမျိုး ထွက်ပေါ်နေ၏။

သို့သော် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်ကမူ



www.burmeseclassic.com

www.burmeseclassic.com



"ကုလသမဂ္ဂအနေနဲ့ မည်သည့် ရာဇဝတ်သားကို မဆို သေဒဏ်ပေးခြင်းကို ဆန့်ကျင်သည်။ ဆက်ဒမ်နှင့် ပတ်သက်၍လည်း ထိုသဘောထားကို ပြောင်းလွဲရန် မရှိ" ဟု ဖွင့်ဟပြောဆို၏။

သမ္မတ ဘုရှ်ကမူ

"ဆက်ဒမ်သည် အီရတ်ပြည်သူများကို နှိပ်စက်ခဲ့သူ၊ သတ်ဖြတ်ခဲ့သူ ဖြစ်သဖြင့် သူ့အမှုကို အီရတ်ပြည်သူများက စီရင်ကြလိမ့်မည်" ဟု ဆို၏။

ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲကမူ

"ဆက်ဒမ်အား သူ့နိုင်ငံ၊ သူ့တရားရုံး၌သာ စစ်ဆေး ရမည်" ဟု ဆို၏။

ဗြိတိသျှတွင်မူ သေဒဏ်အမိန့်ကို ပယ်ဖျက်ထားပြီး ဖြစ်၏။

CNN 17.12.03

⊙ ⊙ ⊙

www.burmeseclassic.com

www.burmeseclassic.com

# နောက်ဆုံးရရှိသည့် သတင်းများ

## ရွေးကောက်ပွဲသာ လုပ်မည်ဆိုလျှင်

"ကျုပ်နဲ့ ကျုပ်ရဲ့ အီရတ်အစိုးရအဖွဲ့က ခင်ဗျားတို့ကို ဘယ်တုန်းက လက်နက်ချ အရှုံးပေးခဲ့လို့လဲ၊ ပြီးတော့ ကျုပ်ရဲ့ အစိုးရဟာ နှိပ်စက် သတ်ဖြတ်မှုတွေကိုလည်း ဘယ်တုန်းကမှ မကျူးလွန်ခဲ့ဘူး"

ဒါက အကျဉ်းခံနေရစဉ် ထွက်ပေါ်လာသည့် ဆက်ဒမ်၏ အသံများ ဖြစ်သည်။

ဆက်ဒမ်က သူ၏ လက်ရှိ အနေအထားကို လက်ခံရန် ငြင်းဆန်လျက် ရှိနေရုံမျှမက အီရတ်နိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲများကိုသာ ယနေ့ ကျင်းပမည်ဆိုလျှင် မဲအပြတ်အသတ်ဖြင့် အနိုင်ရမည့်သူမှာ သူသာ ဖြစ်သည်ဟု ဆိုနေသည်။

"ကျုပ်က ဒီနေ့ထိ အီရတ်သမ္မတတစ်ဦးပဲ၊ ကျုပ်ရဲ့ တပ်သားတွေကလည်း ဘယ်တော့မှ လက်နက်ချ အရှုံးပေးမှာ မဟုတ်ဘူး၊ ကျုပ်လို သမ္မတတစ်ယောက်ကိုလည်း ခင်ဗျားတို့ အခုလိုတော့ မဆက်ဆံသင့်ဘူး။ တကယ်လို့သာ အီရတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည် ရွေးချယ်တင်မြှောက်ပွဲ လုပ်ရင် ကျုပ်ပဲ အပြတ်အသတ် အနိုင်ရမယ်ဆိုတာ ခင်ဗျားတို့ သိစေချင်တယ်”

ဆက်ဒမ်က သူသည် တရားမျှတသော ခေါင်းဆောင်ဖြစ်ပြီး သူ့နိုင်ငံအတွင်း၌လည်း လူများကို အစုလိုက် အပြုံလိုက် သေစေနိုင်သော လက်နက်များ လုံးဝ မရှိကြောင်း ငြင်းဆိုလိုက်သည်။ ထို့ပြင် အိုစမာဘင်လာဒင် အပါအဝင် မည်သည့် အကြမ်းဖက်သမားများနှင့်မျှလည်း အဆက်အသွယ် မရှိကြောင်းကို ပြောဆိုလိုက်သည်။

## နိုင်ငံရပ်ခြားတွင် ဒေါ်လာငွေ ဘီလျံပေါင်းများစွာ အပ်နှံထားကြောင်း ဆက်ဒမ် ဝန်ခံဖွင့်ဟ

ဆက်ဒမ်အား ဖမ်းဆီးရမိခဲ့ပြီးနောက် စစ်ဆေးမေးမြန်းချက်များအရ ပြည်ပနိုင်ငံများတွင် ၎င်းအပ်နှံထားသည့် အမေရိကန် ဒေါ်လာ ဘီလျံပေါင်းများစွာ ရှိသည်မှာ ဟုတ်မှန်ကြောင်း ဆက်ဒမ်ဟူစိန်က ဝန်ခံခဲ့သည်ဟု အီရတ် အုပ်ချုပ်ရေး ကောင်စီဝင် အီရတ် အယ်လာဝီမှ ပြောကြားလိုက်သည်။

၎င်းက အီရတ်ခေါင်းဆောင်ဟောင်းသည် အဆိုပါ ငွေများအား မည်သည့်နိုင်ငံများတွင် အပ်နှံထားသည်ကို လည်းကောင်း၊ ထိုငွေနှင့် ပတ်သက်သည့် လူပုဂ္ဂိုလ် အမည်များကို လည်းကောင်း ဖွင့်ဟဝန်ခံခဲ့ကြောင်း၊ ဆက်ဒမ်၏ ဖွင့်ဟချက်အရ ၎င်းတရားမဝင် ယူဆောင်ထားသော ငွေပမာဏသည် ဒေါ်လာ ၄၀ ဘီလီယံခန့် တန်ဖိုးရှိကြောင်း၊ ၎င်းရာထူးမှ မဆင်းရမီ နိုင်ငံခြားဘဏ်များသို့ ပေးပို့အပ်နှံခဲ့ခြင်း ဖြစ်ကြောင်း၊ ယခု အဆိုပါ ငွေများ အပ်နှံထားသည့် ဘဏ်များနှင့် ငွေစာရင်း ပမာဏ အတိအကျကိုပါ ထုတ်ဖော်ဝန်ခံခဲ့ပြီ ဖြစ်ကြောင်း ပြောဆိုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



## ဆက်ဒမ်ဟူစိန်အား စစ်သုံ့ပန်းတစ်ဦးအဖြစ် ထိန်းသိမ်းစစ်ဆေးလျက် ရှိကြောင်း အမေရိကန် ပြောကြား

အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန်အား စစ်အကျဉ်းသား (Prisoner of war) တစ်ဦးအဖြစ် သတ်မှတ်ကာ ဂျီနီဗာ စည်းမျဉ်းစည်းကမ်းနှင့် အညီ ပြုမူဆက်ဆံ စစ်မေးလျက်ရှိကြောင်း၊ ၎င်းသည် အီရတ်တပ်မတော် အကြီးအကဲဟောင်းတစ်ဦး ဖြစ်သည့်အတွက် ယခုကဲ့သို့ POW တစ်ဦးအနေနှင့် သတ်မှတ်ရခြင်းဖြစ်ကြောင်း ပင်တဂွန်မှ ပြောခွင့်ရ ပုဂ္ဂိုလ်တစ်ဦးမှ ပြောကြားသည်။

ဂျီနီဗာ သဘောတူညီချက်အရ မိမိတို့သည် စစ်သုံ့ပန်း ဆက်ဒမ်အား ခြိမ်းခြောက်၊ အကြမ်းဖက်၊ စစ်ဆေးမေးမြန်းခြင်း၊ စော်ကားပြောဆိုခြင်း ပြုလုပ်ခွင့် မရှိကြောင်း၊ စစ်ဆေးမေးမြန်းနေစဉ် ကာလတစ်လျှောက်လုံးတွင်လည်း မည်သည့်နည်းနှင့်မျှ အကျပ်ကိုင် ဖိအားပေး စစ်ဆေးခြင်းမျိုး ပြုလုပ်ခွင့် မရှိကြောင်း၊ ၎င်းကျန်းမာရေး ကောင်းမွန်နေစေရေးအတွက် သင့်လျော်လိုအပ်သလို အစားအစာ၊ ဆေးဝါးတို့အား စီစဉ်ဆောင်ရွက်ပေးရမည် ဖြစ်ကြောင်း၊ သင့်တင့် ကောင်းမွန်သည့် နေရာထိုင်ခင်း၊ အဝတ်အစားတို့ စီစဉ်ပေးရမည် ဖြစ်ကြောင်း ဆက်လက် ပြောကြားသည်။

ဗြိတိသျှ ထိပ်တန်းအရာရှိတစ်ဦး၏ ပြောကြားချက်အရ ဆက်ဒမ်အား အမည် မဖော်ပြလိုသည့် နေရာတစ်ခုတွင် စစ်ဆေးမေးမြန်းလျက် ရှိကြောင်း၊ CIA မှ ဦးစီးစစ်ဆေးလျက် ရှိကြောင်း၊ ဆက်ဒမ်သည် စစ်ဆေးမေးမြန်းသူများ၏ ဆန္ဒအတိုင်း ကူညီဆောင်ရွက် ပြောဆိုခြင်း မရှိသေးကြောင်း သိရသည်။ အီရတ် အုပ်ချုပ်ရေးမှူး ပေါလ်ဘရီမာ၏ ပြောကြားချက်အရ ဆက်ဒမ်သည်



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့အား လုံးဝဥဿုံ လိုက်လျောကူညီ ဖွင့်ဟပြောဆိုခြင်း မရှိသေးကြောင်း၊ မိမိတို့ အချိန်ယူရမည် ဖြစ်ကြောင်း၊ မိမိတို့၏ ဆန္ဒအမှန်ကို သိနားလည်သည့် တစ်နေ့တွင် ဆက်ဒမ် အကုန်အစင် ဖွင့်ဟပြောဆိုမည်သာ ဖြစ်ကြောင်း ပြောကြားသည်။ သို့သော်လည်း အီရတ်ရှိ အမေရိကန် စစ်ဦးစီးမှူး ရစ်ချတ်မီယာ၏ ပြောကြားချက်အရ ဆက်ဒမ်အား စစ်ဆေးမေးမြန်းချက်အရ မိမိတို့၏ ရာပေါင်းများစွာသော ဆန့်ကျင်သူ စစ်သွေးကြွများအား ဖမ်းဆီးနိုင်ခဲ့ကြောင်း ပြောဆိုသည်။

⦿ ⦿ ⦿



www.burmeseclassic.com

www.burmeseclassic.com

# ပြုစုသူ၏ နိဂုံးစကား

၁

ကျွန်တော်သည် စာရေးသမားတစ်ဦးပီပီ၊ နိုင်ငံတကာ ကိစ္စကို စိတ်ဝင်စားသူပီပီ ဤစာအုပ်ကို ရေးဖြစ်ခဲ့ခြင်း ဖြစ်၏။ သို့သော် ဤစာအုပ်အား ရေးသည့်နေရာတွင် လူတစ်ဦး၏ ဘဝ အတက်အကျ များနှင့် သံဝေဂယူစရာ၊ ဗဟုသုတ ယူစရာအဖြစ် အဓိကထား ရေးခဲ့ခြင်း ဖြစ်သည်။

တိကျသေချာသည့် အချက်အလက်များ၊ အဖြစ်အပျက် အကြောင်းအရာများနှင့် ပြောင်းလွှဲမရသည့် သမိုင်းစဉ်များကို အဓိက ထား ရေးခဲ့ခြင်းသာ ဖြစ်၏။

သို့သော် တစ်ခါတစ်ရံတွင် ဘက်လိုက်သလို ဖြစ်ကောင်း ဖြစ်သွားနိုင်၏။ ဓောင်းပေးသလို ဖြစ်သွားနိုင်၏။

မည်သို့ဆိုစေ စာရေးသူသည် ဖြစ်စဉ်ကို အဓိကထားပြီး ဖြစ်စဉ်နှင့်အညီ ရေးသားရခြင်း ဖြစ်သဖြင့် နားလည်နိုင်ကြလိမ့်မည် ထင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



၂

ဆက်ဒမ်ဟူစိန်အကြောင်း ရေးလျှင် အီရတ်နိုင်ငံအကြောင်းကို ချန်လှပ်ထားလို့ မရ။ ထို့အတူ အီရတ်နိုင်ငံနှင့် ပတ်သက်သူများ၊ ဆက်ဒမ်နှင့် ပတ်သက်သူများကို မရေးလို့ မရ။

စင်စစ်မူ ပြောရလျှင် ဆက်ဒမ်ဟူစိန်၏ အကြောင်းသည် မပြီးဆုံးသေး။

ဆက်ဒမ်ဟူစိန်ကို စစ်ဆေးရဦးမည်။ ရှေ့ဘာတွေ ဖြစ်လာဦးမည်နည်း။

BURMESE CLASSIC

ယင်းသို့ စစ်ဆေးမှုများ ပြုလာလျှင် အမှန်တရားတို့သည် ပေါ်ပေါက်လာမည်မှာ မုချပင်။ ထိုအမှန်တရားတို့ကြောင့် တရားမျှတမှုသည်လည်း ရှင်သန်လာမည် ဖြစ်၏။

ကျွန်တော်တို့သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ကိုဖီအာနန်၏ အထွေထွေ ညီလာခံ မိန့်ခွန်းပါ **"ကျူးကျော်မှုဟာ တောရိုင်းဥပဒေကို ဖော်ကျူးမှု ဖြစ်သလို၊ ငြိမ်းချမ်းမှုနှင့် တည်ငြိမ်ရေးကို ပျက်ပြားစေသည်"** ဟူသော စကားကို ထောက်ခံကြရမည်။

ကမ္ဘာကြီး ငြိမ်းချမ်းမှု ရစေရန် ကျွန်တော်တို့အားလုံး ကြိုးစားကြရမည်။

၃

ဤစာအုပ်သည် ကျွန်တော် ရေးနေကျ လိုင်းများမှ ခွဲထွက်သည့် လိုင်းဖြစ်၏။ မည်သို့ဆိုစေ ပရိသတ်အတွက်တော့ အကျိုး တစ်စုံတစ်ရာ ရရှိမည်မှာ မုချဖြစ်သည်ဟု ကျွန်တော် ယုံကြည်သည်။

နိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် ဤစာအုပ်ကို ရေးဖြစ်ရန် စိတ်ပါကိုယ်ရောက် ပံ့ပိုး ကူညီခဲ့သည့် အကြံဉာဏ်ကောင်းများ ပေးခဲ့သည့် စိုးစာပေမှ စာရေးဆရာ **'ဟိန်းဓေ'**နှင့် လိုအပ်သည့် စာအုပ်စာတမ်းများကို ငှားရမ်းခဲ့သည့် **မောင်တင်ထွန်း (ဒန်ဝန်)** တို့အား ဤစာဖြင့် ကျေးဇူးမှတ်တမ်းပြုအပ်ပါသည်။

**နေမိုးအောင်**

၅.၁.၂၀၀၄

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com

# ကျမ်းကိုးစာရင်း

၁။ ထင်ရှားကျော်ကြားသည့် နိုင်ငံခေါင်းဆောင်များ (ထွန်းသစ်)

၂။ အီရတ်နှင့် အမေရိကန်စစ်ပွဲ (တင်နွယ်မောင်)

၃။ ကန္တာရမုန်တိုင်း စစ်ဆင်ရေး (ချစ်ဝင်းမောင်)
(ပင်လယ်ကွေ့စစ်ပွဲ)

၄။ ရန်သစ် မဂ္ဂဇင်းများ

၅။ နွယ်နီ မဂ္ဂဇင်းများ

၆။ နိုင်ငံတကာရေးရာ သတင်းများ

၇။ ဂြိုလ်တု သတင်းများ

၈။ မြန်မာတိုင်း သတင်းစာ

၉။ စီအင်အင်၊ ဘီဘီစီ၊ ဗွီအိုအေ၊ အင်တာနက် သတင်းများ

www.burmeseclassic.com